မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဏိတဝဂ် (ဓမ္မပဒ – ၇၈)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၅ ရက်၊ သောကြာနေ့ အတွဲ (၅၉)၊ အမှတ် (၃၅၈)

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၁၉၆ / ၂၀၂၀) ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ် (၁၉၆ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၄ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း Coronavirus Disease 2019 (COVID-19) ရောဂါကူးစက် ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ၂၀-၉-၂၀၂၀ ရက်နေ့တွင် အမိန့်အမှတ် (၁၀၇/၂၀၂၀) နှင့် ၂၂-၉-၂၀၂၀ ရက်နေ့တွင် အမိန့် အမှတ် (၁၀၈/၂၀၂၀) တို့ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမိန့်စာများပါ မဖြစ်မနေဖွင့်လှစ်ရမည့် လုပ်ငန်းအမျိုးအစားများမှလွဲ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပြည်သူများကို လုပ်ငန်းခွင်သို့ သွားရောက်ခွင့်မပြုဘဲ မိမိနေအိမ်အတွင်းနေထိုင်ရန် (Stay at Home) အဖြစ် သတ်မှတ်ကြေညာထားပါသည်။

၂။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် အဆိုပါထုတ်ပြန်ချက်များအရ လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသော ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအနက် Stay at Home အစီအစဉ်တွင် အကျိုးဝင်သောပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဥပဒေပုဒ်မ ၃၁ (ခ)(၂) နှင့် နည်းဥပဒေ ၁၃၆ (ခ) တို့အရ ၆/၂၀၂၀ လမတိုင်မီ ထည့်ဝင်ကြေးငွေ အနည်းဆုံး ၃၆ လ ပေးသွင်းထားခြင်း မရှိစေကာမူ ၆/၂၀၂၀ လအတွက် ထည့်ဝင်ကြေးပေးသွင်းထားပြီး ၂၃-၉-၂၀၂၀ ရက်နေ့အထိ အလုပ်လုပ်ကိုင်နေသည့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အာမခံအလုပ်သမားများအား ၆/၂၀၂၀ လအတွက် ပေးသွင်းထားသော လုပ်ခလစာ၏ ၄၀ % ကို အာမခံအလုပ်သမားနှင့် မိသားစုအတွက် ငွေကြေးထောက်ပံ့မှုခံစားခွင့်အဖြစ် ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အထက်အပိုဒ် ၂ ပါ အချက်များနှင့် ကိုက်ညီသော လူမှုဖူလုံရေးအဖွဲ့တွင် အကျိုးဝင်မှတ်ပုံတင်ထားသည့် ပုဂ္ဂလိကပိုင် စက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းဌာနများရှိ အလုပ်ရှင် သို့မဟုတ် အလုပ်ရှင်ကိုယ်စား တာဝန်ရှိသူများသည် ၎င်းတို့၏ အလုပ်သမားများအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေ ရရှိနိုင်ရေး သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများသို့ ဖြစ်စေ၊ Webportal – https://ssbmyanmar.org မှ ဖြစ်စေ၊ Website– https://ssb.gov.mm မှ ဖြစ်စေ ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ လျှောက်ထားနိုင်ပါသည်။

၄။ အထက်ပါ ပြဋ္ဌာန်းချက်များသည် ဤအမိန့်ကြော်ငြာစာပါ ထုတ်ပြန်သည့်နေ့မှ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ပထမ ခေါင်လန်ဖူး၊ ဒုတိယ ရှိန်းခေါင်နှင့် လန်ဆယ် (၂)

ဆောင်းပါး စာ ၆

ရွှေကောက်ပွဲ၊ ကိုဗစ်-၁၉ နှင့် နိုင်ငံတာဝန်၊ ပြည်သူ့တာဝန်၊ ကိုယ်စီတာဝန်

ဆောင်းပါး စာ ၁၈

မလေးရှားနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၈၈ ဦးအား ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာအလုပ်သမား ၈၈ ဦးအား မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့နှင့် ၎င်းတို့၏ ကုမ္ပဏီများမှ ပူးပေါင်းစီစဉ်သည့် Air Asia လေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည နေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊

စာမျက်နှာ ၄ ကော်လံ ၁ ❑

မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

အသိဉာဏ်ဖြင့် စောင့်ရှောက်ခြင်း

ယနေ့သတင်းများအရ မြန်မာနိုင်ငံတွင် ကိုဗစ်ရောဂါပိုး ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၈၃၄၄ ဦးရှိလာပါသည်။ ဆေးပညာရှင်များ၏ အဆိုအရ ဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုက ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး ပိုးတွေ့လူနာသစ်အရေအတွက်သည်လည်း နေ့စဉ်တိုးလာနေဦးမည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာတစ်ဝန်းလုံးတွင်လည်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်ပျံ့နှံ့နေမှုက ရပ်ဆိုင်းမသွားသေး။ ဆက်လက်တိုးမြင့်နေဆဲ ဖြစ်ပါသည်။ ကိုဗစ်ရောဂါ ကာကွယ်ဆေး၊ ကုသနိုင်မည့်ဆေးတို့ကို အပြင်းအထန် သူ့ထက်ငါ ကြိုးစားရှာဖွေနေကြဆဲဖြစ်သော်လည်း ယနေ့အချိန်ထိ လူအများအကြား စိတ်ချလက်ချ အသုံးပြုနိုင်မည့်ဆေးကို မတွေ့သေး။ နိုင်ငံကြီးများအားလုံးရှိ ကျွမ်းကျင်ပညာရှင်များ အစုအဝေးတို့ ကြိုးစားနေကြဆဲ ဖြစ်ပေသည်။

ကူးစက်ပြန့်ပွားမှုမဖြစ်အောင် တားဆီးနိုင်သည့် ကာကွယ်ဆေး မတွေ့သေးသည့်အတွက် ရောဂါပိုးကာကွယ်ရေးအတွက် အထိရောက်ဆုံးနည်းသည် လူတစ်ဦးချင်းစီ၏ အမူအကျင့်ကို ထိန်းနည်းသာဖြစ်ပါသည်။

နိုင်ငံတွင်းရှိ ပိုးတွေ့လူနာသစ် အရေအတွက် သုည်ရောက်သည်ထိ လျော့ကျသွားနိုင်ရေးသည် မြန်မာနိုင်ငံပြည်သူလူထု၏ အသိဉာဏ်ရှိရှိဖြင့် နေထိုင်မှုပုံစံပေါ်တွင် များစွာတည်မှီနေပါသည်။

လက်ဆေးခြင်း။ လက်ကို ရေ၊ ဆပ်ပြာတို့ဖြင့် စနစ်တကျ မကြာခဏ ဆေးကြောခြင်းက ရောဂါပိုးပြန့်ပွားမှုကို များစွာအကာအကွယ်ပေးနိုင်ပါလိမ့်မည်။ ရောဂါပိုးသည် ဇီဝအဖွဲ့အစည်းတစ်ခုအဖြစ် တည်ရှိနေသည့်အတွက် ဆပ်ပြာရည်ဖြင့် စက္ကန့်နှစ်ဆယ် အချိန်ပေးကာ နှံ့နှံ့စပ်စပ် ဆေးကြောရန် လိုအပ်ပါသည်။ ရောဂါပိုးက အသက်ရှူလမ်းကြောင်းတွင် ရှင်သန်၍ မိမိ၏ခန္ဓာကိုယ်တွင်းကို တိုက်ခိုက်သည့် သဘာဝရှိသည့်အတွက် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ရောဂါပိုးကပ်ငြိနေနိုင်သည့် မိမိ၏လက်ကို မျက်နှာအစိတ်အပိုင်းများကို မထိမိ မကိုင်တွယ်မိအောင် ဂရုပြုနေကြရန်လိုအပ်ပါသည်။

ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုးသည် လူတစ်ဦးနှင့်တစ်ဦး ထိတွေ့ခြင်း၊ တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်စကားပြောဆိုရာမှ လေတွင်လွင့်ပါလာသည့် တံတွေး စသည့်အမှုန်တို့မှတစ်ဆင့် ကူးစက်မှုအများဆုံး ဖြစ်ပွားပါသည်။ ထို့ကြောင့် လူချင်းမထိတွေ့ဖြစ်အောင် ရှောင်ကြဉ်ခြင်း၊ လူစုလူဝေးများကို ရှောင်ကြဉ်ခြင်း၊ လူချင်းပြောဆိုဆက်ဆံရာတွင် အနည်းဆုံး ခြောက်ပေအကွာမှနေခြင်း စသည်တို့အားဖြင့် ကူးစက်မှုကို ကာကွယ်နိုင်မည် ဖြစ်ပါသည်။

လူတစ်ဦးထံတွင် ရောဂါပိုးရှိနေသည်၊ ရှိမနေဘူးဆိုသည်ကို အပေါ်ယံအမြင်ဖြင့် မည်သို့မသိနိုင်ပါ။ အချို့သောသူများသည် မည်သည့်ရောဂါလက္ခဏာကိုမှ မဖော်ပြဘဲ ရောဂါပိုးသယ်ဆောင်ထားသူ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် ဆေးပညာရှင်များ၏ အကြံပြုချက်အရ လူတိုင်းတွင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ရောဂါပိုး ရှိနေနိုင်သည်ဟု သဘောထားကြရန် လိုအပ်ပါသည်။ မိမိကိုယ်တိုင်တွင်လည်း ရှိနိုင်သည်၊ အခြားသူတွင်လည်း ရှိနေနိုင်သည်။ ထို့ကြောင့် အကာအကွယ်ဖြင့်သာ လူချင်းဆက်သွယ်ပြောဆိုကြရန် ဖြစ်ပါသည်။

ထို့ကြောင့် လုံခြုံစိတ်ချရသည့် အခြေအနေမရောက်မချင်း အိမ်တွင်းခြံသာ နေထိုင်ခြင်းက စိတ်အချရဆုံးဖြစ်ပါသည်။ အပြင် မထွက်မဖြစ် ထွက်ရမည်ဆိုပါက မျက်နှာဖုံးများ၊ နှာခေါင်းစည်းများကို လုံလုံခြုံခြုံ စနစ်တကျ တပ်ဆင်ထားကြရန် လိုအပ်ပါသည်။

ထို့ပြင် သတင်းတု သတင်းယောင်များ၊ လုပ်ကြံသတင်းများ၊ သတင်းအမှားများကို နားမယောင်ကြရန် လိုအပ်ပါသည်။ ကူးစက်ပြန့်ပွားမှုပုံကြီးချဲ့သတင်းများ၊ ဆေးဝါးထုတ်လုပ်မှုဆိုင်ရာ သတင်းမှားများ အစရှိသည့် လုပ်ကြံသတင်းများကို မယုံကြည်ရန် တစ်ဆင့်ထပ်မံ မဖြန့်ဖြူးရန် လိုအပ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ သတင်းစာ၊ ရုပ်မြင်သံကြားအစရှိသည့် တရားဝင် သတင်းဌာနများ၊ တာဝန်ရှိသူများက ထုတ်လွှင့်ကြေညာသည့် သတင်းများကို စောင့်ကြည့်နားထောင်ခြင်း၊ အချိန်အခါအလိုက် ထုတ်ပြန်ကြေညာသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းခြင်းဖြင့် ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဝိုင်းဝန်းထိန်းသိမ်းကြရန် လိုအပ်ပါသည်။

ရောဂါပိုးကူးစက်ပြန့်ပွားမှုက ကမ္ဘာနှင့်ချီကာ အန္တရာယ်ရှိနေခြင်းဖြစ်ပါသည်။ ရောဂါပိုး ကူးစက်ပြန့်ပွားမှု မဖြစ်ရေးသည် မိမိတစ်ဦးတည်း၏ အရေးသက်သက်မကဘူးဟု နားလည်ကြရန်နှင့် ယခုအရေးသည် လူသားမျိုးနွယ်စုတစ်ခုလုံး၏အရေးဟု သဘောထားကြရန် ဖြစ်ပါသည်။ မိမိတို့ တစ်ဦးချင်းကစကာ စောင့်ထိန်းကာကွယ်ကြခြင်းဖြင့် မိမိ၏ မိသားစုကို၊ မိမိ၏ လူမှုအဖွဲ့အစည်းကို၊ မိမိ၏ လောကကို ဝိုင်းဝန်း စောင့်ရှောက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

ဂန္ဓဝင်စကား

- သတင်းတွေပုံ၊ အဖြစ်စုံကား
  မြင်ကြုံတွေ့ရ၊ သံဝေဂ။
- မျက်စိကိုမှိတ်၊ နားကိုပိတ်၍
  တိတ်ဆိတ်ဝန်းကျင်၊ တို့နေချင်။
- ငယ်စဉ်ဘဝ၊ သင်ခဲ့ရသည့်
  တောရဥမင်၊ ကျေးဇူးရှင်၏
  လွန်ပင်မှတ်သား၊ မိန့်စကားကို
  ပြန်သွားပြေးမြင်၊ အတွေးဝင်။
- တောင်ဖီလာကျော်၊ ဆရာတော်က
  အဖော်မထား၊ ရှင်တစ်ပါးတည်း
  သီးခြားကာလေ၊ ကိုယ်တည်းနေမို့
  ကြောက်ပေဘူးလား၊ လျှောက်-စကားကို
  ဖြေကြားမိန့်ထင်၊ ဂန္ဓဝင်။
- ကြောက်ပါသော်ငြား၊ ဒီဖြစ်အားကြောင့်
  တစ်ပါးတည်းပင်၊ နေသွားစဉ်လို့
  ဆင်ခြင်သုံးသပ်၊ ငါဆုံးဖြတ်ခဲ့။
- ဆိုမိန့်စကား၊ ရှင်မြတ်ကြားသော်
  ငါ့အားကိုလေ၊ ဉာဏ်သိဝေမို့
  စဉ်ပင်ထိပ်ထား၊ ငါမှတ်သားအံ့။
- ပြန်သွားလျင်လျင်၊ အပြေးနှင်ပြီး
  ခင်မင်တွယ်ရာ၊ မရှိပါသည့်
  ဌာနာ နန်းတော်၊ တို့မပျော်မို့
  တော်ရာဆိတ်ဆိတ်၊ တောအရိပ်မှာ
  တိတ်တိတ်လေးပဲ၊ နေတော့မယ်။ ။

မောင်ဇေယျ

(၉) ကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (နိုင်ငံအဆင့်)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၂၀ ပြည့်နှစ်အတွင်း စင်ကာပူနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပမည့် (၉) ကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) 9th ASEAN Quiz-Regional Level ပြိုင်ပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (နိုင်ငံအဆင့်) 9th ASEAN Quiz (National Level) ပြိုင်ပွဲ ရေးဖြေစစ်ဆေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက online မှတစ်ဆင့် Google Classroom စနစ်ဖြင့် ကျင်းပသည်။ (ယာဝုံ)

အဆိုပါ ပြိုင်ပွဲသို့ ကျောင်းသား/သူ ၁၀ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မွန်းလွဲ ၁ နာရီတွင် Video Conferencing စနစ်ဖြင့် လူတွေ့မေးမြန်းခြင်း (Personal Interview) ကို ဆက်လက်ပြုလုပ်ရာ မြန်မာနိုင်ငံ-အာဆီယံပြန်ကြားရေးဆပ်ကော်မတီ (SCI-Myanmar)၏ တာဝန်ခံဌာနဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက စီစဉ်ပြုလုပ်ပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်ကြည်ပြာ ဦးဆောင်သည့် ဒိုင်အဖွဲ့ဝင်များက ပါဝင်အကဲဖြတ်အမှတ်ပေးကြသည်။

(၉)ကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ(နိုင်ငံအဆင့်) အတွက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနက ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ရွေးချယ်ခဲ့သည့် ကျောင်းသူ/ကျောင်းသား ၃၄ ဦးအနက် ယခုနှစ် ဩဂုတ် ၂၀ ရက်တွင် Google Classroom စနစ်ဖြင့် online မှ ပထမအကြိမ် ရေးဖြေစစ်ဆေးခဲ့စဉ် ကျောင်းသူ/ကျောင်းသား ၃၀ ဝင်ရောက်ဖြေဆိုခဲ့သည်။ အဆိုပါ ကျောင်းသူ/ကျောင်းသား ၃၀ အနက်မှ သတ်မှတ်ချိန်အတွင်း ဖြေဆိုနိုင်ပြီး အမှတ်အများဆုံးရရှိသူ ကျောင်းသူ/ကျောင်းသား ၁၀ ဦးအား ရွေးချယ်ကာ အဆိုပါ ကျောင်းသူ/ကျောင်းသား ၁၀ ဦး အနက်မှ ဆန်ခါတင်အဆင့် ပြိုင်ပွဲဝင် ငါးဦးသည် ရွေးချယ်နိုင်ရေးအတွက် ရေးဖြေ/နှုတ်ဖြေစစ်ဆေးမှုအား ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းဆန်ခါတင် ပြိုင်ပွဲဝင် ငါးဦးသည် စင်ကာပူနိုင်ငံတွင် ကျင်းပမည့် 9th ASEAN Quiz (Regional Level)ဒေသတွင်းအဆင့် ပြိုင်ပွဲသို့ မြန်မာနိုင်ငံ ကိုယ်စားပြု၍ ယှဉ်ပြိုင်ရမည်ဖြစ်ကာ ပြိုင်ပွဲမှာ အာဆီယံအဖွဲ့ဝင် တစ်နိုင်ငံချင်းစီမှ အသက် ၁၅ နှစ်မှ ၁၈ နှစ်အတွင်း ကျောင်းသူ/ကျောင်းသားများအား နိုင်ငံအလိုက် သုံးဦးစီဖြင့် ဝင်ရောက်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး ကျောင်းသူ/ကျောင်းသားများ၏ အာဆီယံ ဗဟုသုတများ ပြည့်စုံကြွယ်ဝရန်၊ အာဆီယံနိုင်ငံသားများအဖြစ် ဂုဏ်ယူတတ်စေ ရန်နှင့် အာဆီယံလူငယ်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန် အဓိက ရည်ရွယ်ကျင်းပခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲသည် အာဆီယံ ယဉ်ကျေးမှုနှင့် ပြန်ကြားရေးကော်မတီဖြစ်သည့် (ASEAN-COCI) ၏ စီမံကိန်းတစ်ခုဖြစ်ပြီး ၂၀၀၂ ခုနှစ်မှစတင်၍ နှစ်နှစ်လျှင် တစ်ကြိမ် အာဆီယံအဖွဲ့ဝင်နိုင်ငံများက အလှည့်ကျ ကျင်းပလျက်ရှိရာ ၂၀၀၂ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ၂၀၀၄ ခုနှစ်တွင် ဘရူနိုင်းနိုင်ငံ၊ ၂၀၀၆ ခုနှစ်တွင် မလေးရှားနိုင်ငံ၊ ၂၀၀၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၊၂၀၁၂ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံ၊ ၂၀၁၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ ၂၀၁၆ ခုနှစ်တွင် လာအိုနိုင်ငံနှင့် ၂၀၁၈ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံတို့က အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး (၁၀)ကြိမ်မြောက် အာဆီယံ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (ဒေသတွင်းအဆင့်) 10th ASEAN Quiz (Regional Level) ကို ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်သူသာလျှင် အဓိက

ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (Education and TVET Sector Coordination Group – ETVSCG) ၏ (၁၅) ကြိမ်မြောက် အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များနှင့် ကိုယ်စားလှယ်များ၊ ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ဆွေးနွေးကြသည်။

ပူးပေါင်းကူညီပံ့ပိုးဆောင်ရွက်မှု ရလဒ်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာကြည့်လျှင် ၂၀၁၅ ခုနှစ်တွင် Human Development Index (HDI) Value မှာ ၀ ဒသမ ၅၅၆ ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၀ ဒသမ ၅၈၄ ထိ တိုးတက်လာခဲ့ပါကြောင်း၊ အလားတူပင် ၂၀၁၈ ခုနှစ် Human Capital Index (HCI) Value မှာ ၀ ဒသမ ၄၇ ရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် ၀ ဒသမ ၄၈ သို့ တိုးတက်လာခဲ့ပါကြောင်း၊ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းလေ့လာမှုနှိုင်းယှဉ်ချက်အရ ကျောင်းတက်နှုန်းများ သိသာထင်ရှားစွာ မြင့်တက်လာခဲ့ပြီး ကျောင်းထွက်နှုန်းမှာ မူလတန်းပညာရေးတွင် ၄ ရာခိုင်နှုန်းအောက်သို့ လျော့ကျသွားပြီဖြစ်ကာ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ သင်ယူလေ့ကျင့်မှု အခွင့်အလမ်းများနှင့် အရည်အသွေးမှာလည်း ပိုမိုမြင့်တက်လာသကဲ့သို့ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် တက္ကသိုလ်အချို့၏ ကမ္ဘာ့အဆင့်မှာလည်း ယခင်ကထက် မြင့်တက်လာပါကြောင်း၊ ဤကဲ့သို့ လူတိုင်း အကျိုးဝင်ပညာရေး၊ တန်းတူမျှတသောပညာရေးနှင့် အရည်အသွေးရှိသော ပညာရေးများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခြင်းမှာလည်း ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းကူညီပံ့ပိုးဆောင်ရွက်မှု ရလဒ်များပင် ဖြစ်ပါကြောင်း။

ပညာရေးဝန်ကြီးဌာနသည် မည်သည့်ခွဲခြားမှုမျှမရှိရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူပပျောက်ရေးနှင့် သင်ယူမှုမဆုံးရှုံးစေရေး မူဝါဒများ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် အခက်အခဲရှိနေသော ကလေးငယ်များအပါအဝင် နိုင်ငံတစ်ဝန်းရှိ ကျောင်းသားများ၏ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းများကို ပံ့ပိုးနိုင်ရန် နေအိမ်အခြေပြုသင်ယူမှု (Home-based Learning) အတွက် ရုပ်မြင်သံကြားသင်ခန်းစာများကို ပညာရေးဝန်ကြီးဌာန၏ Education Channel မှလည်းကောင်း၊ အွန်လိုင်း သင်ခန်းစာများကို Myanmar Digital Education Platform (MDEP) မှလည်းကောင်း၊ အင်တာနက် မရနိုင်သော ဝေးလံခေါင်ဖျားဒေသများရှိ ကျောင်းသားများအတွက် DBE Boxes များ ဖြင့်လည်းကောင်း စဉ်ဆက်မပြတ်သင်ယူနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းရှိ ကျောင်းသားကျောင်းသူများ၏ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်း ပိုမိုရရှိစေရေးအတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် MRTV၊ မြန်မာ့အသံနှင့် ပုဂ္ဂလိက TV Channels များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ သတင်းစဉ်

ပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် နည်းပညာနှင့် အခြေခံအဆောက်အဦများကို ပံ့ပိုးပေးလျက်ရှိရာ အထက်တန်းကျောင်းတစ်ကျောင်းလျှင် ကွန်ပျူတာ ၁၀ လုံးစီနှင့် တက္ကသိုလ်တစ်ခုလျှင် ကွန်ပျူတာအလုံး ၃၀ စီတို့ကို ပံ့ပိုးပေးခဲ့ပါကြောင်း၊ ICT ဆက်စပ်ပစ္စည်းများကို ဆက်လက် ပံ့ပိုးပေးရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာကျောင်းတိုင်းကို Tablet Device တစ်ခုစီနှင့် အခြေခံပညာကျောင်းများ၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများနှင့် တက္ကသိုလ်များရှိ ဆရာ ဆရာမများအား လိုအပ်သည့် Tablet များ၊ Laptop များနှင့် Computer များကို ပံ့ပိုးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဦးတည်အကောင်အထည်ဖော်လျက်ရှိ

ကိုဖိုအာနန်ဦးဆောင်သော ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာမှ အကြံပြုထောက်ခံထားသည့် ဘက်စုံလွှမ်းခြုံသော ပညာရေးဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် (Comprehensive Education Development Plan) ကို ရေးဆွဲပြုစုလျက်ရှိပါကြောင်း၊ ဤအစီအစဉ်အရ ကျန်းမာ လုံခြုံဘေးကင်းသောပညာရေး၊ မည်သည့်ခွဲခြားမှုမျှမရှိဘဲ လူတိုင်းအကျိုးဝင်မျှတမှုရှိသည့် ပညာရေး၊ အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှု သင်တန်းများ၊ အဆင့်မြင့်ပညာရေးနှင့် ဆရာများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးပါဝင်သော တစ်သက်တာပညာရေးတို့ကို ဦးတည်အကောင်အထည်ဖော်လျက်ရှိပါကြောင်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်း၍ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနက အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁) ၏ အောင်မြင်မှုများ၊ စိန်ခေါ်မှုများကို လေ့လာဆန်းစစ်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်တွင်းပြည်ပပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ Stakeholder များ၏ အကြံဉာဏ်များရယူ၍ အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း (၂၀၂၁-၂၀၃၀) ကို မူကြမ်းပြုစုရေးဆွဲသွားရန် စီစဉ်လျက်ရှိပါကြောင်း၊ ယင်းစီမံကိန်းသည် မြန်မာနိုင်ငံရှိ ကျောင်းသားကျောင်းသူများ၊ မိဘများ၊ ဆရာ ဆရာမများ၊ ပညာရေးဝန်ထမ်းများနှင့် ဘဝတစ်သက်တာ သင်ယူသူများ အားလုံး၏ မျှော်လင့်ချက်များကို ဦးတည်၍ ပိုမိုဖြည့်ဆည်းပေးနိုင်မည့် စီမံကိန်းဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဦးစီးဌာနများ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ အတူတကွ လက်တွဲပြီး အရည်အသွေးပြည့်ဝသော ပညာရေးကို ဖော်ဆောင်ရာတွင် ဆက်လက်ပိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ပူးပေါင်းပံ့ပိုးပေးသွားမည်ဖြစ်

ထို့နောက် ETVSCG ၏ Co-Facilitator ဖြစ်သူ UNESCO Myanmar ၏ Head of Office, Ms Min Jeong Kim က ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့များက ပူးပေါင်းပံ့ပိုးပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မြင့်၊ အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုင်းကျော်နိုင်ဦးနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြပြီး ETVSCG Co-Facilitator ဖြစ်သူ ဖင်လန်နိုင်ငံသံအမတ်ကြီး Ms. Riikka Laatu က အစည်းအဝေးဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လအတွင်း အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များ

နေပြည်တော် စက်တင်ဘာ ၂၄

နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားတိုးတက်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရာတွင် စက်ရုံအလုပ်ရုံများ၏ ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန်ရရှိစေရေးတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ပုံစံဖြင့် ကျား (၄၅၃၇) ဦး၊ မ (၁၄၇၉၃) ဦး တို့အတွက် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် စုစုပေါင်း (၁၉၃၃၀) ဦး ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိဆောင်ရွက်ခဲ့ရာ ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လအတွင်း လက်ခံရရှိမှု (၁၈၆) မှုတွင် အခြားဌာနသို့ လွှဲပြောင်းမှု (၃) မှု၊ ကျေအေးမှု (၂၆) မှု၊ ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု (၂၄) မှု၊ ပိတ်သိမ်းမှု (၂၇) မှု၊ ငွေကြေးအကျိုးခံစားခွင့် (၆၅) မှုနှင့် လက်ကျန်အမှု (၄၁) မှုတို့ဖြစ်ပြီး ငွေကြေးအကျိုးခံစားခွင့်ရှိသူ (၄၇၄) ဦး အား ငွေကျပ် ၂၄၇,၂၇၂,၁၃၄.၅၅ နှင့် US$ 4306.28 ကို ခံစားခွင့်ရရှိစေခဲ့သည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက်အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကိုငွေကြေးဖြင့်ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေမရရှိမှုများ၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များယူရာတွင် ငွေကြေးခံစားခွင့်များ ရရှိအောင်ဆောင်ရွက်ပေးခဲ့ရာ ငွေကြေးခံစားခွင့် ငွေကျပ်သိန်းပေါင်း ၈၁၀၀ ကျော်ကို ခံစားခွင့်ပေးနိုင်ခဲ့သည်။

အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့်အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများ ဖြေရှင်းဆောင်ရွက်ရာ၌ ခုံသမာဓိအဖွဲ့တွင် (၅၂) မှုနှင့် ခုံသမာဓိကောင်စီတွင် (၂၃) မှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၄၅၀၀၀ ကျော် အကျိုးခံစားခွင့် ပေးခဲ့ပြီး အာမခံအလုပ်သမား ၁၀၄၉ ဦးအတွက် ဆေးဖိုးကုန်ကျငွေကျပ်သိန်း ၁၀၀၀ ကျော် ပြန်လည်ထုတ်ပေးခဲ့သည်။

အာမခံအလုပ်သမားများအား ၂၀၂၀ပြည့်နှစ်၊ ဩဂုတ်လအတွင်း အလုပ်သမား ဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုအနေဖြင့် အလုပ်သမားဆေးရုံကြီး (၃)ရုံ (ပြင်ပလူနာ ၇၁၂၅ ဦး၊ အတွင်းလူနာ ၅၁၈ ဦး) ပေါင်း ၇၆၄၃ ဦး၊ လူမှုဖူလုံရေး ဆေးခန်း (၉၆) ခန်း၊ တိုင်းရင်းဆေးခန်း (၁) ခန်း၊ ဌာနကြီးဆေးခန်း (၅၉) ခန်းနှင့် သားဖွားမီးယပ် (OPD) ဝန်ဆောင်မှု စမ်းသပ်ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးခန်း (၅) ခန်းအပါအဝင် PPS စနစ် ဖြင့်ဆောင်ရွက်သည့် ဆေးခန်း (၁၄) ခန်းတို့မှ ဆေးကုသပေးမှုအနေဖြင့် ၈၅၄၇ ဦး၊ လူမှုဖူလုံရေး ဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၇) ကြိမ်မှ ၉၇ ဦးတို့ကို ဆေးကုသပေးခဲ့ရကြောင်း သိရသည်။

သတင်းစဉ်

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား တက်ရောက်စဉ်။ သတင်းစဉ်

နေပြည်တော် စက်တင်ဘာ ၂၄

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။

လိုက်လျောညီထွေရှိသည့် စနစ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် က ယနေ့ကျင်းပသည့် ဆွေးနွေးပွဲသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့သော ၂၀၂၀ ပြည့်နှစ်၊ သြဂုတ်လ ၂၈ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် (၆၃/၂၀၂၀) နှင့်စပ်လျဉ်းပြီး ရှင်းလင်းမည့် ဆွေးနွေးပွဲဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံတွင် မူပိုင်ခွင့်စနစ် တစ်ရပ်ထူထောင်ရာ၌ နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီရန် လိုအပ်သကဲ့သို့ မိမိနိုင်ငံ၏ လက်ရှိဖြစ်တည်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခြေအနေများနှင့် လိုက်လျောညီထွေရှိသည့် စနစ်တစ်ခု ဖြစ်ရန် လိုအပ်ကြောင်း။

အကောင်အထည်ဖော်

ထို့ကြောင့် မူပိုင်ခွင့်ဥပဒေ (၄) ရပ်ကို အကောင်အထည်ဖော်ရာတွင် ဥပဒေတစ်ခုပြီးမှတစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကြုံတွေ့ရမည့် အခက်အခဲများကို လျော့နည်းစေနိုင်ပြီး လူစွမ်းအား အရင်းအမြစ်နိုင်နင်းမှုနှင့် ကြုံတွေ့နိုင်သည့် နည်းပညာအခက်အခဲများကို ကျော်လွှားနိုင်မှု စသည့်အကျိုးကျေးဇူးများစွာကို ရရှိစေမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေကို ဦးစွာအကောင်အထည်ဖော်မည်ဖြစ်ပြီး ယင်းနောက် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့် အနုပညာ မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့် ဥပဒေနှင့် ဒေသဆိုင်ရာ အညွှန်းအကာအကွယ်ပေးခြင်း (Geographical Indications) တို့ကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရည်မှန်းထားပါကြောင်း။

ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် ပထမဦးစွာ လက်ရှိကျင့်သုံးနေသော ဦးစွာအသုံးပြုသူကို အခွင့်အရေးပေးသောစနစ် (First to Use System) မှ ဦးစွာလျှောက်ထားသူကို အခွင့်အရေးပေးသောစနစ် (First to File System) သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း၊ ထိုသို့ကူးပြောင်းရာတွင် အဆင်ပြေချောမွေ့စေရန် အတွက် ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းများအား ကြိုတင်လက်ခံခြင်း ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာန၏ အဓိန့်အမှတ် (၆၃/၂၀၂၀) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ သြဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အဓိန့်စာအရ ကုန်အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းများအား ကြိုတင်လက်ခံခြင်းများကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်ပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများပြည်သူသိရှိနိုင် စေရန်အတွက် ယနေ့ဆွေးနွေးပွဲ ကျင်းပရခြင်းဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်းများကို ကြိုတင်လက်ခံမည့် စနစ်အား ရှင်းလင်း တင်ပြသွားမည်ဖြစ်သောကြောင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အသုံးပြုမည့်သူများအနေဖြင့် တက်ကြွစွာ ပါဝင်ဆွေးနွေးပေးကြရန် ပြောကြားသည်။

မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်း

ထို့နောက် ဒုတိယဝန်ကြီးဌာန ဦးအောင်ထူး က မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်အား လက်ရှိအချိန်ထိ ကျင့်သုံး ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူပိုင်ခွင့်ဥပဒေများကို နိုင်ငံတကာ၏ မူပိုင်ခွင့်ဥပဒေများ၊ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) ၏ လုပ်ထုံးလုပ်နည်းများ စသည့် အလေ့အကျင့်ကောင်းများနှင့် အညီ ရေးဆွဲပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယခင်က မြန်မာနိုင်ငံ၏ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ (Registration Act) ဖြင့်သာ မှတ်ပုံတင်ခဲ့ရကြောင်း၊ ယခုအခါတွင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ ပြဋ္ဌာန်းပြီးဖြစ်သဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်ရတော့မည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုအသုံးပြုမည့် စနစ်သည် လည်း စာရွက်စာတမ်းများဖြင့် လျှောက်ထားခြင်းသာမက ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) ၏ WIPO File စနစ်ကို အသုံးပြုမည်ဖြစ်သဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်စနစ်သည် ယခုကဲ့သို့သော Covid ကာလတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန်လွယ်ကူမှု (Ease of Doing Business) ကို လည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းအတွက် အခကြေးငွေများကိုလည်း ဘဏ်မှတစ်ဆင့် Mobile Banking ဖြင့် ပေးချေနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ရာတွင် ကူညီပေးခဲ့သော ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO)၊ ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (JICA)၊ ဂျပန်မူပိုင်ခွင့်ရုံး (JPO)၊ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (USAID) နှင့် အမေရိကန်မူပိုင်ခွင့်ရုံး (USPTO) တို့ကိုလည်း ကျေးဇူးတင်ပါကြောင်း၊ ဆက်လက်ပြီး မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ရာတွင် မှတ်ပုံတင် လျှောက်ထားခြင်းကို ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်နေသော လုပ်ငန်း၊ ကုမ္ပဏီနှင့် ဥပဒေအကျိုးဆောင်အဖွဲ့ (Law Firm) များမှတစ်ဆင့် လျှောက်ထားနိုင်သကဲ့သို့ တစ်ဦးချင်းလည်း ဆောင်ရွက်နိုင်ရန် စီစဉ်ပေးမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းရှင်များအတွက်လည်း MSME ဌာနနှင့် မူပိုင်ခွင့်ဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် IP Community အနေဖြင့် မူပိုင်ခွင့်ဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ သို့မှသာ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

တူညီသည့် အခွင့်အရေး

ယင်းနောက် မူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ မိုးမိုးသွယ်က ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၉၃၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်အတိုင်း စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အမှတ်တံဆိပ်များနှင့် မှတ်ပုံမတင်ထားသော်လည်း ဈေးကွက်အတွင်းတွင် အမှန်တကယ်အသုံးပြုနေသော အမှတ်တံဆိပ်များသည် မူပိုင်ခွင့်ဌာနသို့ ပြန်လည်လျှောက်ထားရမည် ဖြစ်ပါကြောင်း၊ ပထမအဆင့်အနေဖြင့် ကုန်အမှတ်တံဆိပ် ပိုင်ရှင်များသည် မှတ်ပုံတင်လျှောက်ထားခြင်းကို ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်နေသော လုပ်ငန်း၊ ကုမ္ပဏီနှင့် ဥပဒေအကျိုးဆောင်အဖွဲ့များမှ တစ်ဆင့် လျှောက်ထားရမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် အမှတ်တံဆိပ်ပိုင်ရှင်များသည် မိမိတို့ကိုယ်တိုင်မူပိုင်ခွင့်ဌာနသို့ တိုက်ရိုက်ဖြစ်စေ၊ အမှတ်တံဆိပ် မှတ်ပုံတင် လျှောက်ထားခြင်းကို ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်နေသောလုပ်ငန်း၊ ကုမ္ပဏီနှင့် ဥပဒေအကျိုးဆောင်အဖွဲ့များမှ တစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်း၊ ပထမအဆင့်တွင် လျှောက်ထားသူများနှင့် ဒုတိယအဆင့်တွင် လျှောက်ထားသူများအနေဖြင့် တူညီသည့် အခွင့်အရေးများကို ခံစားရမည်ဖြစ်ပါကြောင်း၊ အမှတ်တံဆိပ်မှတ်ပုံတင် လျှောက်ထားခြင်း အပါအဝင် ယင်းနှင့်သက်ဆိုင်သည့် အခြားအခကြေးငွေများ၊ အဆိုပါ အခကြေးငွေများ ပေးဆောင်ရမည့် သတ်မှတ်ချက် နည်းလမ်းများကိုလည်း ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေအောဏာ သက်ဝင်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း မပြုမီ သီးခြားထုတ်ပြန်ကြေညာသွားမည်ဖြစ်ပါကြောင်း၊ ပုဒ်မခွဲ(က) နှင့် အကျုံးမဝင်သော အမှတ်တံဆိပ်များအနေဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေ အောဏာတည်ပြီးနောက် အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းအား တရားဝင်စတင်လက်ခံသည့် နေ့ရက်မှစ၍ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေ၊ နည်းဥပဒေများနှင့် အညီ လျှောက်ထားနိုင်မည် ဖြစ်ပါကြောင်း၊ ကိုယ်စားလှယ်ခန့်အပ်လွှာနှင့်စပ်လျဉ်း၍ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁ ရက်တွင် စတင် လျှောက်ထားမည့် WIPO File စနစ်ဖြင့် လျှောက်ထားခြင်းတွင် ထည့်သွင်းဖော်ပြရန် မလိုအပ်သေးပါကြောင်း ရှင်းလင်းပြောကြားပြီး WIPO File Account လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များကို ဆွေးနွေးသည်။

မေးမြန်းဆွေးနွေး

ယင်းနောက်သက်ဆိုင်ရာအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဥပဒေအကျိုးဆောင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဒကွိဏာသီရိမြို့နယ်အတွင်းရှိ သမဝါယမအသင်းသားများအား ပံ့ပိုးချေးငွေ၊ စုဆောင်းငွေပေါ်အတိုးနှုန်း ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏာသီရိမြို့နယ် ဒကွိဏာသီရိရပ်ကွက် အထွေထွေစီးပွားရေးသမဝါယမအသင်းရှိ အသင်းသား ၁၂၉ ဦးအတွက် အစု၊ စုဆောင်းငွေ၊ ပံ့ပိုးချေးငွေနှင့် အသင်းပိုင်ငွေများ အပါအဝင် ငွေကျပ် ၃၀၉ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်သမဝါယမအသင်းစုမှ အသင်းသို့ပေးအပ်ခဲ့ပြီး အသင်းသားတစ်ဦးလျှင် ထုတ်ချေးငွေကျပ် ၂၄၀၀၀၀၊ စုဆောင်းငွေပေါ်အတိုးများကို အသင်းသားများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ခဲ့သည်။

ဆက်လက်၍လည်း မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာနိုင်ငံသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေး စခန်းများတွင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာနိုင်ငံသားများအား နိုင်ငံသားဖြစ်တည်မှု မှန်ကန်ကြောင်း အထောက်အထားများ စိစစ်လျက် မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေး လေယာဉ်များဖြင့် ဆောလျင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့အနေဖြင့် မလေးရှားနိုင်ငံရှိ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများ ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်ခြင်း (Soft Opening) အခမ်းအနားကို Virtual စနစ်ဖြင့် ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၂၄

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများ ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်ခြင်း (Soft Opening) အခမ်းအနားကို Virtual စနစ်ဖြင့် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် သြဂုတ် ၂၈ ရက် ရက်စွဲပါ အမိန့်အမှတ် (၆၃/၂၀၂၀) အရ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများ ကြိုတင်လက်ခံခြင်းကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့်အနေဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ဝန်ဆောင်မှုအဖြစ် ဆောင်ရွက်နေသောလုပ်ငန်း၊ ကုမ္ပဏီနှင့် ဥပဒေအကျိုးဆောင်အဖွဲ့ (Law Firm) များမှတစ်ဆင့် အီလက်ထရောနစ် မှတ်ပုံတင်စနစ် (WIPO File) ဖြင့် လျှောက်ထားနိုင်မည်ဖြစ်ကာ ဒုတိယအဆင့် လျှောက်ထားနိုင်မည့် အချိန်ကာလအား ထပ်မံကြေညာသွားမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို IP Myanmar Facebook Page တွင် Live ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသတွင်းကုန်ဈေးနှုန်းတည်ငြိမ်ရေး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် တွေ့ဆုံ

ဘားအံ စက်တင်ဘာ ၂၄

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် ကိုဗစ်ကာလ ဆန်နှင့် စားသောက်ကုန် ဈေးနှုန်းများတည်ငြိမ်မှုရှိစေရေးအတွက် ကရင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့် စက်တင်ဘာ ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံးဌာနတွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ပြည်တွင်းကူးစက်မှုနှုန်း မြင့်တက်နေချိန်တွင် ရန်ကုန်၊ ပဲခူးနှင့် အထက်ပိုင်းဒေသများမှ ကုန်စည်ဝင်ရောက်မှုအချို့တည်ငြိမ်မှု အားနည်းသည်ဟုကြားသိရပါကြောင်း၊ အဓိကအားဖြင့် ဆန်နှင့် အခြေခံစားသောက်ကုန်ဈေးနှုန်းများ မြင့်တက်မှုမရှိစေရေးအတွက် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့မှ ကူညီဖြည့်တင်းဆောင်ရွက်ပေးသင့်သည်များကို သိလိုပါကြောင်း၊ တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် ဆန်ကုန်သည်ကြီးအသင်း ဥက္ကဋ္ဌ ဦးတင်ထွန်း က ဆန်နှင့်ပတ်သက်၍ မြေပြင်စာရင်းများအရ ကရင်ပြည်နယ်အတွက် တစ်လစာခန့်အထိ ဖူလုံမှုရှိပါကြောင်း၊ ပြည်နယ်ကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ (၁) ဦးဇော်ဌေးက ဆန်ဈေးနှုန်း အနည်းငယ်တက်လာကြောင်း၊ ဆန်လုံလောက်မှုရှိသော်လည်း ဈေးနှုန်းမြင့်တက်လာမည်ကို စိတ်ပူမိကြောင်းနှင့် ကရင်ပြည်နယ် မျိုးစေ့ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိုးသိန်းက ကရင်ပြည်နယ်၏ လယ်ယာလုပ်ငန်းခွင်ရှိ ရွှေ့ပြောင်းလုပ်သားဆိုင်ရာ အရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **စောမျိုးမင်းသိန်း (ပြန်/ဆက်)**

မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးကဏ္ဍ ၂၀၁၆ -၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကျေးလက်အိမ်ခြေ ၄၃၄၈၀ ကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့

နေပြည်တော် စက်တင်ဘာ ၂၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အထိ လေးနှစ်တာကာလအတွင်း အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားစနစ်များဖြင့် ကျေးလက်အိမ်ခြေ ၄၃၄၈၀၊ လူဦးရေ နှစ်သန်းကျော်ခန့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လွှမ်းခြုံမှု ရာခိုင်နှုန်းအနေဖြင့် မဟာဓာတ်အားလိုင်းပြင်ပဧရိယာ၏ ၃၂ ဒသမ ၇ ရာခိုင်နှုန်းခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများတွင် ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာဖွံ့ဖြိုးရေးချေးငွေ အမေရိကန်ဒေါ်လာ သန်း ၉၀ ရယူဆောင်ရွက်ခဲ့သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း၊ မဟာဓာတ်အားလိုင်းပြင်ပစနစ် (National Electrification Project-NEP (Off-Grid)) အပါအဝင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေး စီမံကိန်းတွင် ပူးပေါင်းထည့်ဝင်သည့် အီတလီအတိုးမဲ့ချေးငွေ ယူရို သန်း ၃၀ နှင့် ဂျာမန် ဖွံ့ဖြိုးရေးဘဏ် (KfW) အဖွဲ့၏အထောက်အပံ့ ယူရို ၉ သန်းတို့ဖြင့် ဆောင်ရွက်သည့် ကျေးလက်မီးလင်းရေးလုပ်ငန်းများလည်း ပါဝင်သည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရရှိရေးမျှော်မှန်းချက်အား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးသည့်အနေဖြင့် NEP စီမံကိန်း၏ မြေမျက်နှာသွင်ပြင်အနေအထားအလိုက် ကုန်ကျစရိတ် အသက်သာဆုံး မီးလင်းရေးအစီအစဉ် (Geospatial Least Cost Plan) အရ မဟာဓာတ်အားလိုင်း (National Grid) နှင့် (၁၀) မိုင်အထက် ဝေးကွာပြီး နောင် ၁၀ နှစ်၊ ၁၅ နှစ်အတွင်း မဟာဓာတ်အားလိုင်း မရောက်ရှိနိုင်သော ဝေးလံခေါင်ဖျားဒေသများကို မဟာဓာတ်အားလိုင်းပြင်ပဧရိယာအဖြစ် သတ်မှတ်၍ ယင်းဒေသရှိ ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် အိမ်သုံးဆိုလာစနစ်၊ အသေးစားဓာတ်အားစနစ်များဖြင့် အကြိုမီးလင်းရေး (Pre-Electrification) ဆောင်ရွက်ပေးခြင်းဖြစ်သည်။

မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိစေရန်၊ မဟာဓာတ်အားလိုင်းနှင့် ဝေးကွာသည့်ကျေးရွာများအတွက် အကြိုမီးလင်းရေးစနစ် အကောင်အထည်ဖော်ရန်၊ ပြည်သူထည့်ဝင်ငွေဖြင့် ပိုမိုကောင်းမွန်သည့် မီးလင်းရေးစနစ်အကောင်အထည်ဖော်ရန်၊ ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စနစ် (Public-Private Partnership) ဖွံ့ဖြိုးလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး လုပ်ငန်းများအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်ကုန်အထိ လေးနှစ်တာကာလအတွင်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၈၄၄၆ ရွာ၊ အိမ်ခြေပေါင်း ၄၀၃၇၆ အိမ်၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်း စသည့်အများပိုင်းအဆောက်အအုံပေါင်း ၁၅၁၄၉ လုံးနှင့် လမ်းမီးတိုင်ပေါင်း ၄၃၂၆၃ တိုင်၊ အသေးစားဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း ၁၂၂ ရွာအတွက် အများပြည်သူပိုင် အဆောက်အအုံ ၄၄၆ လုံး၊ လမ်းမီးတိုင်ပေါင်း ၇၂၀၉ တိုင်အပါအဝင် အိမ်ခြေ ၃၀၇၁၃ အိမ် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ရာ စုစုပေါင်းကျေးရွာ ၈၅၆၈ ရွာ၊ အိမ်ခြေပေါင်း ၄၃၄၈၀ ခန့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်သည်။

ဤသို့ မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘာ့ဘဏ်အဖွဲ့၊ အီတလီပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (AICS)၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) အဖွဲ့၊ ဂျာမန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (GIZ) စသည့် နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ၏ နည်းပညာအကူအညီ၊ ငွေကြေးအကူအညီများရယူပြီး နိုင်ငံတော်ဘတ်ဂျက်၊ ပြည်သူ့အချိုးကျ ထည့်ဝင်ငွေများနှင့် ပူးပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ စွမ်းအင်ကဏ္ဍစီမံခန့်ခွဲရေးဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (Energy Sector Management Assistance Program-ESMAP) ၏ လေ့လာချက်စစ်တမ်းများအရ စွမ်းအင်ရရှိမှုအဆင့်ကို Tier-0 မှ Tier-5 အထိ အဆင့် (၆) ဆင့် ခွဲခြား သတ်မှတ်ထားရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် အိမ်သုံးဆိုလာစနစ်နှင့် အများသုံးဆိုလာစနစ်များအနေဖြင့် စွမ်းအင်ရရှိမှုအဆင့် - (၁) မှ (၃) အထိနှင့် အသေးစားဓာတ်အားပေးစနစ်များအနေဖြင့် စွမ်းအင်ရရှိမှု အဆင့်- (၃) မှ (၄) အထိ ဖြည့်ဆည်းပေးနိုင်လျက်ရှိကြောင်း သိရသည်။

လျှပ်စစ်စွမ်းအင်ရရှိမှုနှင့်အတူ ကျေးလက်နေပြည်သူများ၏ ပညာရည်တိုးတက်မြင့်မားလာစေခြင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိလာစေခြင်းစသည့် အကျိုးကျေးဇူးများကိုလည်း ကျေးလက်နေပြည်သူများအနေဖြင့် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး ဆောင်ရွက်ပေးမှုမှတစ်ဆင့် ရရှိခံစားနိုင်မည် ဖြစ်ပါကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ညီညီသန်း (နေပြည်တော်)

ကျောက်ဖြူမြို့နယ် ဇင်ကျွန်းကျေးရွာတွင် အသေးစားဓာတ်အား (ဆိုလာ) စနစ် ဆောင်ရွက်ထားရှိမှုကို တွေ့ရစဉ်။

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးပိုလာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

ပထမခေါင်လန်ဖူး၊ ဒုတိယရှိန်းခေါင်နှင့် လန်ဆယ် (၂)

ဖုန်ဇီရမ်

ပေ ၇၇၀၀ ဆန်းလွတ်ချက်တောင်

သည်တောင်ကြီးကို သူတို့ ကျော်နိုင်ပါ့မလား၊ ဒေသခံတော်တော်များများက မဖြစ်နိုင်ဘူးဟု ပြောနေကြသည်။ အရှည်လေးမိုင်ခန့်ရှိသော ကျောက်တောင်ကြီး။ ကျွန်တော်တို့ ခရီးသွားတွေအတွက်တော့ မတွေ့ကနေ ငါးလုံဒမ်း(၂၄/၀) မိုင် ခရီးကို အဆင်ပြေပြေသွားလာနိုင်ကြပြီ။ မတွေ့မှ စတင်ဖောက်လုပ်လာသော ကားလမ်းက ငါးလုံဒမ်းအထိ ပေါက်ပြီ။ ထိုအချိန်မှာ သူတို့က ဆန်းလွတ်ချက် ကျောက်တောင်ကြီးကို ကျော်လွှားနိုင်အောင် ဆက်လက်ကြိုးစားဖောက်လုပ်နေကြဆဲ။ သူတို့ဆိုတာက နယ်စပ်ရေးရာဝန်ကြီးဌာနက အင်ဂျင်နီယာတွေ၊ ဝန်ထမ်းတွေပါသည်။ လမ်းလုပ်သားထဲမှာ အညာသားတွေလည်း တွေ့ရ၏။ နတလပိုင်ယာဉ်/ယန္တရားတွေကလည်း အများကြီး။ ထူးထူးခြားခြား မိုင်းနှင့် ယန္တရားပညာရှင် တပ်မတော်သားတွေကိုပါ တွေ့နေရသောကြောင့် မေးမြန်းကြည့်သော အခါ မြစ်ကြီးနား အင်ဂျင်နီယာတပ်ဖွဲ့မှ အရာရှိ၊စစ်သည်များဖြစ်ကြောင်း သိလိုက်ရသည်။ ကျောက်တောင်ကို မိုင်းခွဲချိန်မှာ ကျွန်တော်တို့ကို ဖြတ်သန်းသွားလာခွင့်မပြု၊ ခေတ္တခဏစောင့်ရပါသည်။ ထိုနေရာမှာ သူတို့ဖောက်လုပ်ချိန် လနှင့်ချီ၍ ကြာသွားသည်ဟု ကျွန်တော် ထင်မြင်မိသည်။ သွားရင်းလာရင်း မျက်မှန်းတန်းပြီး ရင်းနှီးခင်မင်သွားသော နတလဦးစီးဌာနက ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဒီပါမောင်ကို မေးမြန်းကြည့်ရာ ဒီနေရာက အခက်ခဲဆုံးပဲဗျို့၊ တကယ့်ကျောက်တောင်နဲ့ လာတိုးနေပြီ၊ တစ်ရက်မှာ ၁၀ ပေ လောက်ပေါက်အောင် ကျွန်းကုတ်ကျွန်းခဲချနေရတယ်ဟု ပြောကြားလာသည်။ ထိုနေရာကား မိုင်တိုင်နှင့်တွက်လျှင် ၃၀ နှင့် ၃၂ အကြား ဖြစ်ပါလိမ့်မည်။

မှတ်မှတ်ရရ ကျွန်တော်တို့ ခရီးသွားတွေက ဆန်းလွတ်ချက်တောင်ထိပ်ကို ကွေ့ပေါင်း ၂၉ ကွေ့ နေရာမှ တက်နေချိန် သူတို့အဖွဲ့သည် လက်ဝဲဘက် ခပ်လှမ်းလှမ်းရှိ ကသစ်ပင်နေရာမှ ပတ်၍ခွေ၍ ဖောက်လုပ်နေချိန်ဖြစ်သည်။ မိုင်းခွဲသံတွေကလည်း တဂျိမ်းဂျိမ်း။ မိုင်းခွဲရင်းဖြင့် ကျောက်တုံးများ ပြိုကျပြီး လမ်းလုပ်သားနှစ်ဦး အသက်ဆုံးရှုံးသွားကြောင်းကိုလည်း စိတ်မကောင်းစွာ ကြားလိုက်ရသည်။ ကျွန်တော်တို့ ရဝမ်၊ လီဆူ၊ ဂျိန်းဖောနှင့် ခန္ဓိုးရှမ်း တိုင်းရင်းသားများကောင်းကျိုးအတွက် အသက်စွန့်သွားရသည့် အညာသားလေးတွေဖို့ အထူးပဲ စိတ်မကောင်း၊ ဝမ်းနည်းမိသည်၊ ဂုဏ်ယူချီးကျူး ကျေးဇူးလည်းတင်မိပါသည်။ ကျွန်တော်တို့ တိုင်းရင်းသားတွေမှာ အလေ့အထ တစ်ခုရှိပါသည်။ တောင်အောက်မှ ပင်ပန်းကြီးစွာ တက်လာကြပြီးနောက် တောင်ထိပ်ရောက်ခါနီးဌ ကျောက်တုံးငယ်တစ်ခုကို ကောက်ယူလာကာ တောင်ထိပ်မှာ အမှတ်တရ စုပုံထားရှိခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် မတွေ-ဆန်းလွတ်ချက်တောင်ထိပ်လမ်းပိုင်းကို ၈-၁-၂၀၁၉ ရက်တွင် ဖွင့်လှစ်ပေးစဉ်။

ကျွန်တော်လည်း ဆန်းလွတ်ချက်တောင်ထိပ်ကို ဖြတ်ကျော်တိုင်း ခဲတစ်လုံး ချခဲ့ဖူးပါသည်။ အောင်မြင်ခဲ့ပြီ ကျော်လွှားနိုင်ခဲ့ပြီ ဆိုသည့်သဘော။ သို့သော်... ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာတော့ ကျွန်တော်တို့ အမှတ်တရ ချထားသော ကျောက်တုံးလေးတွေ ပျောက်ချင်းမလှ ပျောက်သွားပါတော့သည်။ တစ်စုံတစ်ယောက်က ရွှေ့ပြောင်းယူဆောင်သွားခြင်း မဟုတ်ပါ။ မြေထိုးစက်ကြီးများ၊ မြေကော်မြေညှစ်ကြီးများ တောင်ထိပ်သို့ ရောက်ရှိလာပြီး ရှင်းလင်းဖယ်ရှားပစ်လိုက်ရာ ပေ ၂၀၀ ပတ်လည်ခန့် View Point တစ်ခု ဖြစ်သွားပါတော့သည်။ တောင်ထိပ်မှ လှမ်းကြည့်လျှင် မေခြမ်စိကို လှမ်းမြင်နေရသည်။ ရီဒမ်းကြိုးတံတားကိုတော့ ပြတ်ပြတ်သားသား မမြင်ရ။ ဘာပဲပြောပြော ဆန်းလွတ်ချက် ကျောက်တောင်ကြီးကို သူတို့အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီ။

လမ်းတစ်ဝက်ဖွင့်ပွဲကျင်းပ

လမ်းတစ်ဝက်ဖွင့်ပွဲဟု ရည်ညွှန်းလိုက်ရခြင်းမှာ မတွေ-ခေါင်လန်ဖူးကားလမ်းသည် (၆၅/ ၄) မိုင်ရှိသည်။ ဆန်းလွတ်ချက်တောင်ထိပ်အထိ ၃၃/ ၆ မိုင် ဖြစ်ပါသည်။ ဖောက်လုပ်ပြီးသမျှ မြေလမ်းပေါ်မှာ တံတားများ တည်ဆောက်ခြင်း၊ Box Culvert များ တည်ဆောက်ခြင်း၊ ကျောက်ခင်းခြင်း၊ ကျောက်စီရေမြောင်းများ ပြုလုပ်ခြင်းတို့ ဆောင်ရွက်ပြီးနောက် လမ်းတစ်ဝက်ဖွင့်ပွဲအခမ်းအနားကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ ထိုအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားရာမှာ လမ်းတစ်လမ်း ဖောက်လုပ်ခြင်းသည် ဒေသဖွံ့ဖြိုးရေးအတွက် ဖြစ်သလို၊ ထိုထက်ပို၍ အရေးကြီးတာက ပြည်ထောင်စုတိုင်းရင်းသားအားလုံးအကြား နီးစပ်လာအောင် လုပ်ပေးခြင်းဖြစ်ကြောင်း၊ ထိတွေ့မှု တံတားကြီးတစ်ခု တည်ဆောက်လိုက်တာနှင့်တူကြောင်း၊ ဒီလမ်းကို အင်မတန် ခက်ခက်ခဲခဲ ဖောက်လုပ်နေရတယ်ဆိုတာ သိပါကြောင်း၊ ဘယ်လိုခက်ခဲပါစေ တကယ်ဆန္ဒရှိရင် လုံ့လ၊ ဝီရိယနဲ့ စုပေါင်းပြီး လုပ်သွားမယ်ဆိုရင် မကျော်လွှားနိုင်တဲ့အခက်အခဲ ဘာမှမရှိဘူးဟု ပြောကြားသွားသည်ကို ကျွန်တော်အမှတ်ရမိပါသည်။

> **“ဆန်းလွတ်ချက်တောင်ထိပ်အထိ လမ်းပေါက်ပြီဆိုတာကို ဒေသခံများ ကြားနေရသော်လည်း မျက်မြင်ကိုယ်တွေ့မဟုတ်၍ သိပ်မယုံချင်။ ဟော... လက်ရှိရဟတ်ယာဉ်ကွင်းများ ဖောက်ထားသောနေရာ ဖူလွမ်းကို စက်ယန္တရားကြီးများ ရောက်ရှိလာချိန်မှာ အားလုံးလာရောက် ကြည့်ရှုကြပြီး အံ့သြဝမ်းသာ ဖြစ်ကြသည်။ သူတို့တစ်သက် ဒီနေရာမှာ တောင်ယာလယ်ကွက်လေးတွေပဲ အမြဲရှိနေမည်၊ ယခုလို စက်ယန္တရားကြီးများ ရောက်လာပြီး တူးကြ၊ ဆွကြ၊ ထိုးကြ၊ ကော်ကြသည့် မြင်ကွင်းကို မြင်ကြရလိမ့်မည်ဟူ၍လည်းကောင်း၊ ကားလမ်းကြီးတစ်ခု ဆန်းလွတ်ချက်တောင်ထိပ်ကနေ ဘွားခနဲ ပေါ်ပေါက်လာမည်ဟူ၍လည်းကောင်း၊ ဘယ်တုန်းကမှ ထင်မထားကြချေ”**

ရီဒမ်းတံတားကို ကျော်ခဲ့ပြီ

ဆန်းလွတ်ချက်တောင်ထိပ်အထိ လမ်းပေါက်ပြီဆိုတာကို ဒေသခံများ ကြားနေရသော်လည်း မျက်မြင်ကိုယ်တွေ့မဟုတ်၍ သိပ်မယုံချင်။ ဟော... လက်ရှိရဟတ်ယာဉ်ကွင်းများ ဖောက်ထားသောနေရာ ဖူလွမ်းကို စက်ယန္တရားကြီးများ ရောက်ရှိလာချိန်မှာ အားလုံးလာရောက် ကြည့်ရှုကြပြီး အံ့သြဝမ်းသာ ဖြစ်ကြသည်။ သူတို့တစ်သက် ဒီနေရာမှာ တောင်ယာလယ်ကွက်လေးတွေပဲ အမြဲရှိနေမည်၊ ယခုလို စက်ယန္တရားကြီးများ ရောက်လာပြီး တူးကြ၊ ဆွကြ၊ ထိုးကြ၊ ကော်ကြသည့် မြင်ကွင်းကို မြင်ကြရလိမ့်မည်ဟူ၍ လည်းကောင်း၊ ကားလမ်းကြီးတစ်ခု ဆန်းလွတ်ချက်တောင်ထိပ်ကနေ ဘွားခနဲ ပေါ်ပေါက်လာမည်ဟူ၍ လည်းကောင်း ဘယ်တုန်းကမှ ထင်မထားကြချေ။ အဆိုပါ ဖူလွမ်းကျေးရွာအနီး (၄၁/ ၀) မိုင် နေရာသည်ပင်လျှင် များမကြာမီမှာ ကားဂိတ်နေရာ၊ ဆိုင်ကယ်တက္ကစီနေရာ ဖြစ်သွားပြီး လူအတက်အဆင်း၊ ကုန်အတင်အချနေရာလေး ဖြစ်လာခဲ့သည်။

စာမျက်နှာ ၇ သို့

ဆန်းလွတ်ချက်တောင်ထိပ်ရှိ လမ်းဖောက်လုပ်ပြီးစီးမှုကို တွေ့ရစဉ်။

စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုဆိုင်ရာ အခမဲ့ဝန်ဆောင်မှုရယူနိုင်ရေး အသိပေးကြေညာ

နေပြည်တော် စက်တင်ဘာ ၂၄

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိတ်ဖိစီးမှုလျော့ကျစေရန်နှင့် စိတ်ဓာတ်ရေးရာမြင့်တက်စေရန် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်း၊ တွေ့ကြုံရသည့်အခြေအနေ၊ အခက်အခဲများကို ကိုယ်တိုင်ဆုံးဖြတ်ချက်ဖြင့် ဖြေရှင်းကျော်လွှားနိုင်ရန် နှစ်သိမ့်အားပေးပံ့ပိုးမှုပေးခြင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနက တယ်လီဖုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

စိတ်ဖိစီးမှုများ ခံစားရနိုင်

ကိုဗစ်-၁၉ ကပ်ရောဂါ ပြည်တွင်းပျံ့နှံ့ကူးစက်လာခြင်းမှ ကာကွယ်ရန် အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုသည့်နေရာ၊ အဆောက်အဦ (Quaran-tine Facility) အသွားအလာကန့်သတ်ခြင်းခံရပြီး မိမိနေအိမ်တွင်သာ နေထိုင်ရခြင်း (Home Quarantine) နှင့် အိမ်ထဲမှာသာနေရခြင်း (Stay at Home)ကြောင့် ကျန်းမာရေး/ လူမှုရေး/ စီးပွားရေးဆိုင်ရာများတွင် ထိခိုက်လာပြီး ထိတ်လန့်တုန်လှုပ်ခြင်း၊ ဝမ်းနည်းခြင်း၊ စိုးရိမ်ပူပန်ခြင်းစသည့် စိတ်ဖိစီးမှုများ ခံစားရနိုင်သည်။

ထို့ကြောင့် စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးခြင်းကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များရှိ အထူးလေ့ကျင့်ပေးထားသော လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများက နေ့စဉ်နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဝန်ဆောင်မှုပေးလျက်ရှိပြီး ဝန်ဆောင်မှုရယူသူများ၏ သတင်းအချက်အလက် မပေါက်ကြားရေးကို အထူးအလေးထား ကာကွယ်ပေးသွားမည်ဖြစ်ကာ အခြားလူမှုရေးနည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါက ဆက်လက်ညှိနှိုးပို့ ချိတ်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝန်ဆောင်မှုရယူမှုသည် အခမဲ့ဖြစ်ပြီး ဆက်သွယ်ရမည့် ဖုန်းနံပါတ်များမှာ ပူးတွဲပါဇယားပါအတိုင်း ဖြစ်သည်။

သတင်းစဉ်

တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများရှိ စိတ်ဓာတ်ရေးရာမြှင့်တင်ခြင်းလုပ်ငန်း Hot Line ဖုန်းနံပါတ်များ

စဉ်	တိုင်း/ပြည်နယ်	MPT	Mytel	Telenor	Ooredoo
၁	ကချင်ပြည်နယ်	09 - 88 99 000 11	09- 66 101 55 55	09- 770 771 000	09- 98 00 00 101
၂	ကယားပြည်နယ်	09 - 88 99 000 22	09- 66 102 55 55	09- 770 772 000	09- 98 00 00 102
၃	ကရင်ပြည်နယ်	09 - 88 99 000 33	09- 66 103 55 55	09- 770 773 000	09- 98 00 00 103
၄	ချင်းပြည်နယ်	09 - 88 99 000 44	09- 66 104 55 55	09- 770 774 000	09- 98 00 00 104
၅	စစ်ကိုင်းတိုင်း	09 - 88 99 000 55	09- 66 105 55 55	09- 770 775 000	09- 98 00 00 105
၆	တနင်္သာရီတိုင်း	09 - 88 99 000 66	09- 66 106 55 55	09- 770 776 000	09- 98 00 00 106
၇	ပဲခူးတိုင်း	09 - 88 99 000 77	09- 66 107 55 55	09- 770 677 000	09- 98 00 00 107
၈	မကွေးတိုင်း	09 - 88 99 000 88	09- 66 108 55 55	09- 770 778 000	09- 98 00 00 108
၉	မန္တလေးတိုင်း	09 - 88 99 000 99	09- 66 109 55 55	09- 770 779 000	09- 98 00 00 109
၁၀	မွန်ပြည်နယ်	09 - 88 99 111 77	09- 66 110 55 55	09- 770 771 001	09- 98 00 00 117
၁၁	ရခိုင်ပြည်နယ်	09 - 88 99 111 88	09- 66 111 55 55	09- 770 771 100	09- 98 00 00 118
၁၂	ရန်ကုန်တိုင်း	09 - 88 99 111 22	09- 66 112 55 55	09- 770 770 001	09- 98 00 00 112
၁၃	ရှမ်းပြည်နယ်	09 - 88 99 111 33	09- 66 113 55 55	09- 770 770 010	09- 98 00 00 113
၁၄	ဧရာဝတီတိုင်း	09 - 88 99 111 44	09- 66 114 55 55	09- 770 770 011	09- 98 00 00 114
၁၅	နေပြည်တော်	09 - 88 99 111 55	09- 66 115 55 55	09- 770 770 099	09- 98 00 00 115
	ရုံးချုပ်	09 - 88 99 111 66	09- 66 100 55 55	09- 770 770 100	09- 98 00 00 116

စာမျက်နှာ ၆ မှ

မေခမြစ်ကူးရီဒမ်းကြိုးတံတားတည်ရှိရာနေရာသည် (၄၃/၁) မိုင် ဖြစ်ပါသည်။ ထိုနေရာသို့အရောက်တွင် စက်ယန္တရားကြီးများကို ကူးတို့ဖောင်ဖြင့် ဖြတ်ကူးပို့ဆောင်ပေးပြီး လမ်းဆက်ဖောက်ကြသည်ကို တွေ့ရ၏။ မူလက လူနှင့် ဆိုင်ကယ်များသာ ဖြတ်ကူးနိုင်သော ရီဒမ်းကြိုးတံတားကိုလည်း နယ်စပ်ရေးရာဝန်ကြီးဌာနက ပြန်လည်ပြုပြင်ပြီး ကားလေးများ ဖြတ်ကူးနိုင်သည့် ခံနိုင်ဝန်ရသည်အထိ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်စေရန်အတွက် ဆန်အိတ် ၁၂၀ ခန့်၊ စက်သုံးဆီဆိုလျှင် ပီပါ ၃၀ ခန့် အထိ တင်ဆောင်ဖြတ်ကူးနိုင်သော စက်လှေတစ်စင်းကိုလည်း မေခမြစ်အတွင်း ထားရှိပေးခဲ့သည်။ ကားလမ်းအစပြုရာ မငွေဇရွာဟောင်းအနီးက ကဆန်ခချောင်းကူးတံတား တည်ဆောက်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက Feasibility study စတင်ဆောင်ရွက်ပြီး မေခမြစ်ကူး ရီဒမ်းကြိုးတံတားနေရာတွင် တံတားကြီးတစ်စင်း တည်ဆောက်ပေးရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ နောင်အနာဂတ် ခေါင်လန်ဖူးဒေသအတွက် ကောင်းလေစွ။

ဂရုဝမ်ကွေ့အလွန်မှာ

ရီဒမ်းမြစ်ကူးတံတားကျော်ပြီး တွေ့ရှိရသော အခက်ခဲဆုံးချောက်ကမ်းပါးယံနှင့် ချောက်ရှိသော ဂရုဝမ်ကွေ့နေရာ ကားလမ်းဖောက်သည့်အခါ၌လည်း လမ်းအူကြောင်း အသစ်ရှာရခြင်း၊ မတ်စောက်သောနေရာကို အဆင်ပြေပြေ ဖောက်လုပ်နိုင်အောင် ခွေရ၊ ဝိုက်ရ၊ ပတ်ရခြင်းတို့ကြောင့် လားဝမ်ထုနှင့် ဂရုဝမ်အကြားတွင် စုစုပေါင်း ၆၇ ရက်မျှ ဖောက်လုပ်ခဲ့ရကြောင်း သိရသည်။

ကျောက်ခင်းလမ်း ဆောင်ရွက်ပြီးစီးမှု တွေ့ရစဉ်။

စောစောက ပြောခဲ့သည့် မိုင် ၃၀ နှင့် ၃၂ အကြား ဆန်းလွတ်ချက်ကျောက်တောင်ကြီးကို ၂၀၁၈ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ စက်တင်ဘာလ ၁၂ ရက်နေ့အထိ ရက်ပေါင်း ၂၂၇ ရက် မျှကြာအောင် ကြိုးစားဖောက်လုပ်ခဲ့ရကြောင်းလည်း ကြားသိခဲ့ရသည်။ ဂရုဝမ်ကွေ့မှာ အတက်ခြောက်ထပ်ခုနစ်ကွေ့နှင့် အဆင်းခုနစ်ထပ် ရှစ်ကွေ့ဟု ကျွန်တော်တို့က ခေါ်ကြသည်။ ယခင် ဆိုင်ကယ်လမ်းပဲရှိစဉ်က ထိုနေရာ ရောက်လျှင် နောက်ကပါလာသောလူ ဆင်းပေးရသည်။ အတက်အဆင်းမတ်စောက်၍ဖြစ်သည်။ ဂရုဝမ်ချိုင့်ဝှမ်း (ခေါ်)ဂရုဝမ်ကွေ့နေရာသည် (၄၈/ ၀) မိုင်နေရာဖြစ်၏။ ကားလမ်းဖောက်လုပ်ရေးအဖွဲ့ နောက်ဆုံးရောက်ရှိနေသော နေရာမှာ (၄၉/၀) မိုင် ဖြစ်ပေရာ များမကြာမီ ခေါ်ဘူဒဲမြို့ဟောင်းနေရာ လမ်းခွဲသို့ ရောက်ပါတော့မည်။

ခေါ်ဘူဒဲအမှတ်တရ

မချမ်းဘော၊ နောင်မွန်နှင့် ခေါ်ဘူဒဲတို့သည် တစ်ချိန်က ကျေးရွာအဆင့်မျှသာ။ ကျွန်တော် လေ့လာမှတ်သားမိသလောက်ဆိုလျှင်ဖြင့် ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရ တာဝန်ယူပြီး ၁၉၆၀ ပြည့်နှစ်၌ ပူတာအိုနယ်ခြားခရိုင်ဖွဲ့စည်းချိန်မှာ မြို့အဆင့်သတ်မှတ်ပေးခဲ့သည်။ သို့သော် ပထဝီအနေအထားအရ ခေါင်လန်ဖူးက ပိုမိုသင့်လျော်ကြောင်း တွေ့ရ၍ ၁၉၉၆ ခုနှစ်တွင် မြို့နယ်ရုံးများကို ခေါင်လန်ဖူးသို့ ပြောင်းရွှေ့ပေးခဲ့သည်။ လက်ရှိ ခေါင်လန်ဖူးမြို့နယ်တွင် ရပ်ကွက် လေးခု၊ ပတ်ဝန်းကျင် ကျေးရွာအုပ်စု ၂၃ စု၊ အိမ်ခြေ ၂၈၆ အိမ်၊ အိမ်ထောင်စု ၂၁၈၉ စု၊ လူဦးရေစုစုပေါင်း ၁၄၈၉၁ ဦး နေထိုင်လျက်ရှိကြသည်။

အနီးကပ်ကြီးကြပ်ထောက်ပံ့

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခေါင်လန်ဖူးဒေသသို့ မကြာမကြာ ရောက်ရှိခဲ့သည်။ ခေါင်လန်ဖူးဒေသ လမ်းပေါက်ရေးအတွက် လိုအပ်သမျှကို တက်ကြွစွာ အနီးကပ်ကြီးကြပ် ထောက်ပံ့ပေးနေသူဖြစ်သည်။ ယမန်နှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ခရီးစဉ်၌ ခေါင်လန်ဖူးဒေသ ရပ်မိ ရပ်ဖများ၊ ဒေသခံတိုင်းရင်းသားများ၊ ဝန်ထမ်းများ၊ ပြည်သူ့စစ်ဌာနေ အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ကျွန်တော်လည်း တက်ရောက်ခွင့်ရရှိခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသဖွံ့ဖြိုးရေး တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးကို ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် မြေပေါ်မြေအောက် သယံဇာတများ ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းစောင့်ရှောက်ကြရန်၊ မူးယစ်ဆေးဝါးပြဿနာ လုံးဝအဝင်မခံရန်၊ ဒေသတွင်း ဆန်ဖူလုံရေး၊ ဒေသနှင့် ကိုက်ညီသည့် စားကုန်သောက်ကုန်များ ထုတ်လုပ်နိုင်ရေး၊ မြို့မိ မြို့ဖများနှင့် ဌာနဆိုင်ရာများ ညှိနှိုင်းဆောင်ရွက်ကြရန် မှာကြားခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

❑ *ကျောဖုံးမှ*

မရှိသော အခြေခံလူတန်းစားများသို့ ကိုဗစ်-၁၉ ကာလအတွင်း နိုင်ငံတော်မှ တတိယအကြိမ်ထောက်ပံ့ပေးသည့်ငွေများနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးသုံးပစ္စည်းများဖြစ်သည့် နှာခေါင်းစည်း အခု ၁၅၀၀ နှင့် လက်သန့်ဆေးရည် ငါးဘူးတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ရွှေကောက်ပွဲဆိုင်ရာ ကိစ္စရပ်

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ်မြောက်ပိုင်း မိုင်းရယ်မြို့နယ် ကိုဗစ်-၁၉ ကော်မတီ၊ ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့နှင့် စက်တင်ဘာ ၂၄ ရက် နံနက် ၁၀ နာရီခွဲခန့်က မိုင်းရယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲတွင် မိုင်းရယ်မြို့နယ်ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်နန်းစုနိုင်ဦးက ရွှေကောက်ပွဲဆိုင်ရာကိစ္စရပ်များ ကြုံတင်ပြင်ဆင်ထားရှိမှုများကို ရှင်းလင်းပြီး မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်က ကိုဗစ်-၁၉ ကူးစက်မြန်ရောဂါ ကြုံတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျန်းမာရေးစစ်ဆေးရေးဂိတ်ဖွင့်လှစ်မှုအခြေအနေ၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် စစ်ဆေးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်တို့က မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေး ကော်မတီသို့ ထောက်ပံ့ငွေကျပ် ၁၀ သိန်းနှင့် ကျန်းမာရေးသုံးပစ္စည်းဖြစ်သည့် နှာခေါင်းစည်း အခု ၂၅၀၀ ကို လည်းကောင်း၊ သီဟသုဓမ္မမဏ္ဍိဇောတရ ဦးကျော်စွာထွဋ် Shining Myanmar Co.,Ltd. မှ အလှူငွေကျပ် ငါးသိန်းကို ပေးအပ်ရာ မြို့နယ် ကိုဗစ်-၁၉ ကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်က လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

ဝမ်းတွင်းမြို့နယ် ရွှေတောင်နယ်မြေ၌ မှုခင်းကျဆင်းရေး ပညာပေး

ဝမ်းတွင်း စက်တင်ဘာ ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်နယ်မြေရဲစခန်းမှ ရဲအုပ်ယဉ်ထွေးနှင့်အဖွဲ့ စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ရွှေကန်ကျေးရွာ ဓမ္မာရုံ၌ မူးယစ်ဆေးဝါးသုံးစွဲရောင်းချမှုများ ပပျောက်စေရေး၊ မှုခင်းကျဆင်းရေးအသိပညာပေးခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး နည်းလမ်းများ ဟောပြောပွဲကျင်းပကြောင်း သိရသည်။ ဝဝဂ

ခရမ်းမြို့နယ် ရေကျော်ကျေးရွာလမ်းဆုံ၌ ရေကျော်ရဲကင်းစခန်းမှူး ဒုရဲအုပ်လှိုင်မင်းဇော်ဦးစီးသည့် တပ်ဖွဲ့ဝင်များ၊ ရေကျော်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၃ ရက်တွင် လမ်းသွားလမ်းလာများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများ ဖြန့်ဝေကြစဉ်။

ရဲပြန်ကြား

ဘီလီယံ (၁၀၀၀)ကျော်

ပြည်သူတွေအတွက် ကိုဗစ်နဲ့ပတ်သက်ပြီးတော့ လုပ်တယ်ဆိုတဲ့အခါမှာ အခုလောလောဆယ်ကိစ္စတွေကိုသာ ကျွန်မတို့ ကြည့်တာမဟုတ်ပါဘူး။ နောင်ဖြစ်လာမယ့်ကိစ္စတွေကိုပါ ကြည့်ပါတယ်။ ကိုဗစ်အလွန်ကာလမှာ ကျွန်မတို့ စီးပွားရေး မကျဆင်းအောင်လို့ အတိုင်းအတာအထိ စီးပွားရေးအခက်အခဲတွေကတော့ ဖြစ်မှာပါ။ ဒါတစ်ကမ္ဘာလုံးမှာ ဖြစ်နေတယ် ဆိုတာလည်း ကျွန်မတို့ပြည်သူတွေ သိပြီးသား ဖြစ်မှာပါ။ စီးပွားရေးအတိုးတက်ဆုံးနိုင်ငံတွေ၊ စီးပွားရေးအကောင်းဆုံး နိုင်ငံတွေမှာတောင်မှ ကိုဗစ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုတွေက ရှိနေပါတယ်။ ဒါပေမယ့်လည်း ဒီဟာတွေဟာ ကျွန်မတို့ပြည်သူတွေအပေါ်မှာ အနည်းဆုံးထိခိုက်မှုရှိအောင်ဆိုပြီးတော့ ကျွန်မတို့ ပြင်ဆင်ထားပါတယ်။ ဥပမာအားဖြင့် ဆိုရင် ကျွန်မတို့အနေနဲ့ အထွေထွေပိုလျှံငွေပေါ့။ ဒါဟာဘဏ္ဍာရေးဝန်ကြီးဌာနကနေပြီးတော့ အထွေထွေပိုလျှံငွေ ဘီလီယံ (၁၀၀၀)ကျော်၊ တစ်ဘီလီယံ ဆိုတာကတော့ သန်း(၁၀၀၀)ဆိုတာ ကျွန်မတို့ ပြည်သူတွေသိပြီးသားပဲ ကျွန်မတို့ထင်ပါတယ်။ ဘီလီယံ (၁၀၀၀)ကျော်ကို ကျွန်မတို့အနေနဲ့ သဘာဝဘေးအန္တရာယ်အတွက်ဆိုပြီး ကျွန်မတို့သတ်မှတ်လိုက်ပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတော့ ကိုဗစ်နဲ့ဆိုင်ပါတယ်။ ဒါပေမယ့် ဒီလိုသတ်မှတ်ထားတဲ့ငွေဟာ ကိုဗစ်ရောဂါနဲ့ပတ်သက်လို့ သုံးဖို့ပါ။ တခြားသဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး သုံးဖို့မဟုတ်ပါဘူး။ တခြားသဘာဝဘေးအန္တရာယ်တွေနဲ့ ပတ်သက်ရင် အဲဒီရန်ပုံငွေထဲမှာ သတ်သတ်ရှိပါတယ်။

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၁ ရက်နေ့တွင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၀၅၂ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၈၃၄၄ ဦး ရှိသွားပြီ

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ ၁၀၅၂ ဦး ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၈၃၄၄ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိ သူ ၈၃၄၄ ဦးအနက် သေဆုံးသူ ၁၅၀၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၂၃၈၁ ဦးနှင့် စက်တင်ဘာ ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၄ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၄၁၆ ဦးရှိကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

စောင့်ကြည့်လူနာ စုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၂၂၄၃၈၃	၈၃၄၄
ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၃၈၁	၁၅၀

စောင့်ကြည့်လူနာ စုစုပေါင်း - ၁၁၇၅၇

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၃၈၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၄-၉-၂၀၂၀ ရက်၊ ည(၈:၀၀) နာရီ

၂၄-၉-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

စဉ်	နိုင်ငံ	စာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	ရောဂါပိုးကင်းစင်သွားသူ	သေဆုံးသူဦးရေ စုစုပေါင်း
၁။	အမေရိကန်	၇၁၄၀၁၃၇	၄၃၉၉၉၉၆	၂၀၆၅၉၈
၂။	အိန္ဒိယ	၅၇၃၇၁၉၇	၄၆၇၄၉၈၇	၉၁၂၀၄
၃။	ဘရာဇီး	၄၆၂၇၇၈၀	၃၉၉၂၈၈၆	၁၃၉၀၆၅
၄။	ရုရှား	၁၁၂၈၈၃၆	၉၂၉၈၂၉	၁၉၉၄၈
၅။	ကိုလံဘီယာ	၇၈၄၂၆၈	၆၆၂၂၇၇	၂၄၇၄၆
၆။	ပီရူး	၇၈၂၆၄၅၅	၆၃၆၄၈၉	၃၁၈၇၀
၇။	မက္ကဆီကို	၇၁၀၀၄၄၉	၅၁၀၂၃၇	၇၄၉၄၉
၈။	စပိန်	၆၉၃၅၅၆	၈၈၈၈၃	၃၁၀၃၄
၉။	တောင်အာဖရိက	၆၆၅၁၈၈	၅၉၄၂၂၉	၁၆၂၀၆
၁၀။	အာဂျင်တီးနား	၆၆၄၇၉၉	၅၂၅၄၈၆	၁၄၃၇၆

အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄ - ၉ - ၂၀၂၀

	COVID-19 ရောဂါ စာတ်ခွဲအတည်ပြုလူနာ	ရောဂါပိုးကင်းစင်သွားသူ	ပိုးတွေ့သေဆုံး လူနာ
ဖိလစ်ပိုင်	၂၉၆၇၅၅	၂၃၁၉၂၈	၅၁၂၇
အင်ဒိုနီးရှား	၂၆၂၀၂၂	၁၉၁၈၅၃	၁၀၁၀၅
စင်ကာပူ	၅၇၆၅၄	၅၇၂၉၁	၂၇
မလေးရှား	၁၀၅၇၆	၆၆၆၆	၁၃၃
မြန်မာ	၈၃၄၄	၂၃၈၁	၁၅၀
ထိုင်း	၃၅၁၆	၃၃၅၃	၅၉
ဗီယက်နမ်	၁၀၆၉	၉၉၁	၃၅
ကမ္ဘောဒီးယား	၂၇၅	၂၇၄	၀
ဘရူနိုင်း	၁၄၅	၁၄၂	၃
လာအို	၂၃	၂၂	၀

ကိုဗစ်-၁၉ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

ဧရာဝတီတိုင်းဒေသကြီးအတွင်း အထည်ချုပ်စက်ရုံ ၁၂ ရုံ အောက်တိုဘာ ၇ ရက်အထိ ယာယီပိတ်သိမ်းသွားမည်

ပုသိမ် စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုဇုန်အတွင်းရှိ စက်ရုံနှစ်ရုံမှ အလုပ်သမား လေးဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ခြင်းကြောင့် ရောဂါကူးစက်ပြန့်ပွားမှု ထပ်မံမဖြစ်ပေါ်စေရေးနှင့် ရောဂါထိန်းချုပ်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း အထည်ချုပ်စက်ရုံ ၁၂ ရုံ ကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီပိတ်သိမ်းသွားမည် ဖြစ်ကြောင်း တိုင်းဒေသကြီး ကိုဗစ်-၁၉ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ စက်တင်ဘာ ၂၄ ရက် ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

တိုင်းဒေသကြီးအတွင်း စက်ရုံ ၁၂ ရုံတွင် မူလအလုပ်သမားအင်အား ၁၃၀၄၁ ဦးရှိပြီး စက်တင်ဘာ ၂၁ ရက် စိစစ်ချက်အရ အလုပ်သမား ၆၇၉၅ ဦးသာ လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိသည်။ စက်ရုံအလုပ်သမားများအနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေအိမ်၌ နေထိုင်၍ အသွားအလာကန့်သတ်ထားရှိခြင်းကို ကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အလေးထားလိုက်နာဆောင်ရွက်သွားကြရန် အဆိုပါထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၉-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၃-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၈၆၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော်	မြို့နယ်	အတည်ပြု လူနာ (ဦးရေ)
၁	ရန်ကုန်တိုင်းဒေသကြီး	ကြည့်မြင်တိုင်မြို့နယ်	၈၉
		အင်းစိန်မြို့နယ်	၈၈
		မြောက်ဥက္ကလာပမြို့နယ်	၄၉
		ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်	၃၉
		တာမွေမြို့နယ်	၄၀
		လှိုင်မြို့နယ်	၃၉
		သဃ်နိုးကျွန်းမြို့နယ်	၃၆
		ဗဟန်းမြို့နယ်	၂၅
		လှိုင်သာယာမြို့နယ်	၃၀
		ဒဂုံမြို့နယ်	၃၀
		တောင်ဥက္ကလာပမြို့နယ်	၂၇
		သန်လျင်မြို့နယ်	၂၆
		ဒဂုံဆိပ်ကမ်းမြို့နယ်	၂၄
		ပုဇွန်တောင်မြို့နယ်	၂၄
		အလုံမြို့နယ်	၂၃
		သာကေတမြို့နယ်	၁၈
		လသာမြို့နယ်	၁၆
		မင်္ဂလာဒုံမြို့နယ်	၁၅
		ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်	၁၅
		စိုလ်တထောင်မြို့နယ်	၁၃
		ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်	၁၃
		ပန်းဘဲတန်းမြို့နယ်	၁၃
		ဒဂုံမြို့နယ်	၁၂
		မရမ်းကုန်းမြို့နယ်	၁၁
		စမ်းချောင်းမြို့နယ်	၁၁
		ဒေါပုံမြို့နယ်	၁၁
		လမ်းမတော်မြို့နယ်	၈
		မင်္ဂလာတောင်ညွန့်မြို့နယ်	၈
		ကျောက်တံတားမြို့နယ်	၈
		ရန်ကင်းမြို့နယ်	၈
		ရွှေပြည်သာမြို့နယ်	၄
		ကျောက်တန်းမြို့နယ်	၃
		ကမာရွတ်မြို့နယ်	၂
		ခရမ်းမြို့နယ်	၁
		တွံတေးမြို့နယ်	၁
		ဆိတ်ကြီးခနောင်တိုမြို့နယ်	၁
		မှော်ဘီမြို့နယ်	၁
		ကွမ်းခြံကုန်းမြို့နယ်	၁
	စုစုပေါင်း		၇၈၃
၂	ရခိုင်ပြည်နယ်	စစ်တွေမြို့နယ်	၁၄
		ကျောက်ဖြူမြို့နယ်	၆
		ပေါက်မြို့နယ်	၁
	စုစုပေါင်း		၂၁
၃	ရှောဝတီတိုင်းဒေသကြီး	ပုသိမ်မြို့နယ်	၂
		ဖျာပုံမြို့နယ်	၂
		လပွတ္တာမြို့နယ်	၁
		မအူပင်မြို့နယ်	၁
		ညောင်တုန်းမြို့နယ်	၁
	စုစုပေါင်း		၇
၄	မန္တလေးတိုင်းဒေသကြီး	ရမည်းသင်းမြို့နယ်	၆
		ချမ်းမြသာစည်မြို့နယ်	၄
		မဟာအောင်မြေမြို့နယ်	၃
		ပုသိမ်ကြီးမြို့နယ်	၁
		နွားထိုးကြီးမြို့နယ်	၁
	စုစုပေါင်း		၁၅
၅	ပဲခူးတိုင်းဒေသကြီး	သနပ်ပင်မြို့နယ်	၁၁
		ပြည်မြို့နယ်	၃
		ဖိုးညီမြို့နယ်	၁
	စုစုပေါင်း		၁၅
၆	စစ်ကိုင်းတိုင်းဒေသကြီး	ကလေးမြို့နယ်	၂
		ခင်ဦးမြို့နယ်	၂
		ကသာမြို့နယ်	၁
		ဖောင်းပြင်မြို့နယ်	၁
		တန့်ဆည်မြို့နယ်	၁
	စုစုပေါင်း		၇
၇	မွန်ပြည်နယ်	ဘီးလင်းမြို့နယ်	၅
		ပေါင်မြို့နယ်	၅
		သံဖြူဇရပ်မြို့နယ်	၃
		ချောင်းဆုံမြို့နယ်	၂
		မော်လမြိုင်မြို့နယ်	၁
	စုစုပေါင်း		၁၆
၈	ကရင်ပြည်နယ်	ကြာအင်းဆိပ်ကြီးမြို့နယ်	၁
		ဘားအံမြို့နယ်	၁
	စုစုပေါင်း		၂
၉	ကချင်ပြည်နယ်	မိုးကောင်းမြို့နယ်	၁
		ဖားကန့်မြို့နယ်	၁
	စုစုပေါင်း		၂
၁၀	မကွေးတိုင်းဒေသကြီး	အောင်လံမြို့နယ်*	၁
	စုစုပေါင်း		၁
	(၂၃-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း		၈၆၉

*ရန်ကုန်မြို့တွင် အသွားအလာကန့်သတ်ထားရှိသူ ဖြစ်ပါသည်။

၂။ (၂၄-၉-၂၀၂၀) ရက်နေ့၊ ယခုသတင်းထုတ်ပြန်ချိန်အထိ ထပ်မံသေဆုံးသူ (၁၄) ဦးရှိပါသည် -

စဉ်	Case	အသက် (နှစ်)	ကျား/ မ	ဆေးရုံ	သေဆုံးသည့် ရက်စွဲ
၁	Case-2171	၅၄	ကျား	COVID-19 ကုသရေးဌာန (ဖောင်ကြီး)	(၂၄-၉-၂၀၂၀) နံနက် (၃:၅၀) နာရီ
၂	Case-5888	၆၃	ကျား	COVID-19 ကုသရေးဌာန (ဖောင်ကြီး)	(၂၄-၉-၂၀၂၀) နံနက် (၈:၁၀) နာရီ
၃	Case-7741*	၆၃	မ	သဃ်နိုးကျွန်းစံပြဆေးရုံကြီး	(၂၂-၉-၂၀၂၀) နံနက် (၁၀:၀၈) နာရီ
၄	Case-7727*	၈၂	ကျား	သဃ်နိုးကျွန်းစံပြဆေးရုံကြီး	(၂၂-၉-၂၀၂၀) နံနက် (၇:၀၀) နာရီ
၅	Case-7153*	၄၄	ကျား	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၁-၉-၂၀၂၀) ည (၁၀:၀၈) နာရီ
၆	Case-7157*	၇၈	မ	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၁-၉-၂၀၂၀) ည (၇:၄၅) နာရီ
၇	Case-7169*	၂၇	ကျား	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၂-၉-၂၀၂၀) နေ့လည် (၂:၀၅) နာရီ
၈	Case-7186*	၅၃	ကျား	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၁-၉-၂၀၂၀) နံနက် (၁၀:၅၀) နာရီ
၉	Case-7184*	၃၀	ကျား	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၁-၉-၂၀၂၀) ည (၉:၃၅) နာရီ
၁၀	Case-7185*	၆၉	ကျား	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၁-၉-၂၀၂၀) နံနက် (၈:၃၀) နာရီ
၁၁	Case-7718*	၆၃	မ	သဃ်နိုးကျွန်းစံပြဆေးရုံကြီး	(၂၂-၉-၂၀၂၀) နံနက် (၃:၄၅) နာရီ
၁၂	Case-7716*	၇၆	ကျား	သဃ်နိုးကျွန်းစံပြဆေးရုံကြီး	(၂၁-၉-၂၀၂၀) နံနက် (၃:၃၅) နာရီ
၁၃	Case-7204	၄၉	မ	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၃-၉-၂၀၂၀) ည (၈:၂၀) နာရီ
၁၄	Case-4534	၅၉	ကျား	တပ်မတော်အသည်းရောဂါ အထူးကုဆေးရုံကြီး	(၂၃-၉-၂၀၂၀) နေ့လည် (၁၂:၄၅) နာရီ

*အဆိုပါလူနာများ သေဆုံးချိန်တွင် ဓာတ်ခွဲနမူနာရယူ၍ ပေးပို့စစ်ဆေးထားဆဲဖြစ်ပြီး COVID-19 ရောဂါပိုးရှိကြောင်း ဓာတ်ခွဲအဖြေ ရရှိပြီးနောက် ထုတ်ပြန်ခြင်းဖြစ်ပါသည်။

၃။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း(၁၄၇) ဦးရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

●ကျေးဇူးမှ

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၃၃) ဦးရှိပြီဖြစ်ပါသည်။

၅။ (၂၃-၉-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၂,၂၇၅)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲနမူနာ (၅၉၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၈၈၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၄၃၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး) မှ ဓာတ်ခွဲနမူနာ (၁၃၀) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၃၀) ခုနှင့်
- နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၄၀၀) ခု၊

စုစုပေါင်း (၅၈၇၂) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ သစ် (၈၆၉) ဦး တွေ့ရှိခဲ့ပါသည်။ (ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၃၄) ဦး တွေ့ရှိကြောင်းကို (၂၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီသတင်းတွင် ထုတ်ပြန်ပြီးဖြစ်ပါသည်။)

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ

(၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း	(၈၃၅) ဦး	(၇,၈၂၇) ဦး
ဆေးရုံဆင်းခွင့်ရရှိသူ	(၀) ဦး	(၂,၀၈၅) ဦး
သေဆုံးလူနာ	(၃) ဦး	(၁၃၃) ဦး

COVID -19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှု

အခြေအနေထုတ်ပြန်ချက်

(၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

	စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်နမူနာ	တတ်ခွဲအတည်ပြု လူနာသစ်တွေ့ရှိမှု
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (ဒုတိယအသုတ်)	(၁,၅၄၃) ခု	(၂၅၅) ဦး
ဆေးသုတေသနဦးစီးဌာန (DMR) (ဒုတိယအသုတ်)	(၂၉၁) ခု	(၁၄၆) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (ဒုတိယအသုတ်)	(၄၅၅) ခု	(၁၃) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (ဒုတိယအသုတ်)	(၁၈၆) ခု	(၃) ဦး
ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	(၇၆) ခု	(၁၄) ဦး
ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့	(၂၃) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့	(၁၃) ခု	(၆) ဦး
ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့	(၃) ခု	-
ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့	(၅) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့	(၁၂) ခု	(၁) ဦး
ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့	(၁၂) ခု	-
ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့	(၂) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့	(၂) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့	(၁) ခု	-
ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့	(၅) ခု	-
ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့	(၁၁) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့	(၁၄) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့	(၁၆) ခု	(၁) ဦး
ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်	(၄) ခု	-
ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၉၃၀) ခု	(၉၆) ဦး
နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၁၆၆) ခု	-
(၂၄-၉-၂၀၂၀) ရက်နေ့အတွက် ထပ်မံစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	(၅,၇၇၀) ခု	(၈၆၉) ဦး

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ

၁။ (၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအတွင်း COVID-19 ဓာတ်ခွဲ စစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁,၀၂၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) ဓာတ်ခွဲနမူနာ (၄၉၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၈၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(တောင်ကြီး)မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၁၄၂) ခု၊
- နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၃၉) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၃၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၈) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- နေပြည်တော် အမှတ် (၂)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၂၀၁)ခုနှင့်
- စစ်တွေမြို့၊ အမှတ် (၁၇)တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) မှ ဓာတ်ခွဲနမူနာ (၇) ခု

စုစုပေါင်း (၂,၄၂၆) ခုအား ယနေ့ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၁၇) ဦး တွေ့ရှိရပါသည်။

၂။ (၂၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၈,၃၄၄) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များအနက် စုစုပေါင်း (၂,၃၈၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၄။ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၅၀)ဦး ရှိပါသည်။

၅။ (၂၃-၉-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၄-၉-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၁၆) ဦး ရှိပါသည်။

(ယခုသတင်းထုတ်ပြန်ချိန်အထိ) COVID-19 လူနာများအခြေအနေ
(၂၄-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း	(၅၁၇) ဦး	(၈,၃၄၄) ဦး
ဆေးရုံဆင်း	(၂၉၆) ဦး	(၂,၃၈၁) ဦး
သေဆုံးလူနာ	(၃) ဦး	(၁၅၀) ဦး

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီမှ ည (၈:၀၀)နာရီအထိ

ဓာတ်ခွဲဌာနအမည်	စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း	ပိုးတွေ့လူနာသစ်
အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာန (ရန်ကုန်) (ပထမအသုတ်)	(၁၀၂၇) ခု	(၂၉၁) ဦး
ဆေးသုတေသနဦးစီးဌာန (DMR) (ပထမအသုတ်)	(၄၉၈) ခု	(၁၉၀) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (ပထမအသုတ်)	(၃၈၂) ခု	(၇) ဦး
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) (ပထမအသုတ်)	(၁၄၂) ခု	-
နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂၅) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့	(၁) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မြို့	(၂) ခု	-
ပြည်သူ့ဆေးရုံကြီး၊ မြစ်ကြီးနားမြို့	(၃) ခု	-
ပြည်သူ့ဆေးရုံ၊ မူဆယ်မြို့	(၅) ခု	-
ပြည်သူ့ဆေးရုံ၊ ပြင်ဦးလွင်	(၁) ခု	-
ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့	(၃၉) ခု	(၁၀) ခု
ပြည်သူ့ဆေးရုံကြီး၊ ဟားခါးမြို့	(၁၆) ခု	-
ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့	(၆) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့	(၄) ခု	-
ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့	(၃၅) ခု	(၁၈) ခု
ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့	(၁၂) ခု	-
ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့	(၁၁) ခု	-
ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့	(၈) ခု	-
ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့	(၁) ခု	-
နေပြည်တော် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)	(၂၀၁) ခု	-
စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀)	(၇) ခု	(၁) ခု
စုစုပေါင်း	**(၂၄၂၆) ခု**	**(၁၅၀) ဦး**

ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူများ

စဉ်	Case	အသက် (နှစ်)	ကျား/မ	ဆေးရုံ	သေဆုံးသည့် ရက်စွဲ
၁	Case 5755	၇၄ နှစ်	ကျား	အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)၊ ရန်ကုန်မြို့	(၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၉:၂၅) နာရီ
၂	Case 5750	၃၉ နှစ်	ကျား	အမှတ် (၂) တပ်မတော်ဆေးရုံ (ခုတင် ၅၀၀)၊ ရန်ကုန်မြို့	(၂၄-၉-၂၀၂၀) ရက်နေ့၊ နေ့လည် (၂:၁၅) နာရီ
၃	Case 5972	၆၁ နှစ်	မ	COVID-19 ကုသရေးဌာန (ဖောင်ကြီး)	(၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁၀:၀၀) နာရီ

ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၅၀) ဦး ရှိပြီဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန



ဟိုပုံးမြို့ ယာယီပျံကျစျေးနှင့် မြို့မစျေးတို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်နှင့်အညီ ရောင်းချမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၄ ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကူးစက်မှုမရှိစေရေးတို့အတွက် ယာယီပျံကျစျေးနှင့် မြို့မစျေးတို့တွင် သက်ဆိုင်ရာတာဝန်ရှိသူများ ယနေ့ နံနက် ၈ နာရီက ကွင်းဆင်းစစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ဒုတိယဦးစီးမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့နှင့် စေတနာ့ဝန်ထမ်းတို့က ယာယီပျံကျစျေးနှင့် မြို့မစျေးသို့ အခြားမြို့နယ်များမှ စျေးသည်များ လာရောက်ရောင်းချခြင်း ရှိ/မရှိနှင့် စျေးအတွင်းရှိ စျေးသည်များ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ရောင်းချခြင်း ရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေးပြီး နာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ကြရန်၊ နာခေါင်းစည်း တပ်ဆင်ခြင်းမရှိသူများကို ယခုဝယ် ယခုတပ်စနစ်ဖြင့် ဆောင်ရွက်ပေးခြင်းနှင့် သတ်မှတ်ထားသည့် အကွာအဝေးအတိုင်း စျေးရောင်းချရန် ပြောကြားသည်။

ကျိုင်းလော(နာဂ)

ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး အသိပညာပေး

ပျဉ်းမနား စက်တင်ဘာ ၂၄ နေပြည်တော် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ပေါင်းလောင်း(၁)နယ်မြေ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးကော်မတီက အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာ ၂၂ ရက်က ပေါင်းလောင်း(၁)ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ချုပ် ဂုဏ်ထူးဆောင်အရာရှိ ဦးညီငယ်က ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားပုံ၊ လက်ရှိ နေပြည်တော်ဧရိယာတွင် ရောဂါဖြစ်ပွားသူဦးရေနှင့် ရောဂါမဖြစ်ပွားစေရေး ရှောင်ရန်၊ ဆောင်ရန်များကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး **(အပေါ်ပုံ)** ရပ်ကွက်အုပ်ချုပ်ရေးမှူးကိုယ်စား ပေါင်းလောင်း(၁) နယ်မြေအုပ်ချုပ်ရေးတာဝန်ခံ ဦးဟန်လင်းနိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် ပေါင်းလောင်းနယ်မြေ(၁) ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးလွင်က ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါ်အိအိခိုင်က ရောဂါဖြစ်ပွားမှုအခြေအနေများကို တင်ပြကာ တက်ရောက်လာသော ရောဂါကာကွယ်တားဆီးရေး ကော်မတီဝင်များက ပေါင်းလောင်း(၁) ပျံကျစျေးသည်များနှင့် စျေးဝယ်သူများ စနစ်တကျရောင်းဝယ်နိုင်ရေးဆောင်ရွက်ရန် ဆွေးနွေးကြောင်း သိရသည်။

သူဇာလှိုင်(စက်မှု)

ကိုယ့်ဘေးမှာ ကိုဗစ်ရောဂါပိုး အမြဲရှိနေတယ်လို့ ယူဆပါ။ ဘယ်သူ့မှာ ပိုးမရှိဘူးဆိုတာ ဘယ်လိုမှ ပြောမရတဲ့ အနေအထားဖြစ်ပါတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဘယ်လိုမှ ပြောမရတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူနဲ့ပဲ တွေ့တွေ့ ခြောက်ပေအကွာကနေ တွေ့ပါ။ Mask အမြဲတပ်ဆင်ပါ။ သတိရတိုင်း လက်ကို စက္ကန့် ၂၀ ကြာအောင်ဆေးပါ

ဒေါက်တာရဲမြင့်ကျော်

ကလေးသူငယ်များအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်ကလေးဆေးရုံကြီး ဆေးကုသဆောင်များ၏ တာဝန်ခံ ကလေးအထူးကုဆရာဝန်ကြီး၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၏ ကလေးဆိုင်ရာ ဆေးပညာဌာန ပါမောက္ခ (ဌာနမှူး)၊ အာဆီယံကလေးအထူးကုဆရာဝန်များ အသင်းချုပ်၏ လက်ရှိ ဥက္ကဋ္ဌ ဒေါက်တာ ရဲမြင့်ကျော်နှင့် မြန်မာ့ရုပ်မြင်သံကြားမှ သတင်းအဖွဲ့က စက်တင်ဘာ ၂၃ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်-

ဒေါက်တာရဲမြင့်ကျော်
ကလေးအထူးကု ဆရာဝန်ကြီး
ပါမောက္ခ (ဌာနမှူး)

ကိုဗစ်ကာလမှာ ကျွန်တော် တာဝန်ယူထားရတာက ကလေးသူငယ်တွေမှာ ကိုဗစ် Positive တွေ့ရှိရင်၊ ကိုဗစ်ရောဂါဖြစ်ပွားလာခဲ့ရင် သို့မဟုတ် ကိုဗစ် Positive ဖြစ်တဲ့ လူကြီးတွေနဲ့ ထိတွေ့မှု ရှိခဲ့ရင် ဘယ်လိုဆောင်ရွက်ရမလဲဆိုတဲ့ Guideline တွေကို ဦးဆောင်ရေးဆွဲရပါတယ်။

နောက်တစ်ခုက ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ကိုဗစ် Positive ဖြစ်တဲ့ ကလေးတွေရဲ့ စာရင်းကို နေ့စဉ်ပြန်လည်သုံးသပ်ပြီး ဘယ်ကလေးက ဘယ်ဆေးရုံမှာ ဘယ်လိုကုသမှုမျိုးခံယူသင့်တယ်ဆိုတဲ့အချက်ကို ဆုံးဖြတ်ပေးရတာ ဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော့်အနေနဲ့ အဓိက ပြောကြားချင်တာက နှစ်ချက်ရှိပါတယ်။

နံပါတ်တစ်အချက်က ကလေးတွေ ကိုဗစ်ဖြစ်ပွားခြင်းနဲ့ ပတ်သက်လို့ ကလေးတွေကို လူကြီးတွေက ပိုပြီးစိတ်ပူတတ်ပါတယ်။ သို့သော် ကိုဗစ်ရောဂါရဲ့ ထူးခြားချက်က ကလေးတွေမှာ ရောဂါလက္ခဏာ ပြင်းထန်လေ့မရှိပါဘူး။ အခုအချိန်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်း စာရင်းရှိ ကိုဗစ် Positive ဖြစ်တဲ့ အသက် ၁၂ နှစ်အောက် ကလေးသူငယ် ၂၂၆ ဦး ရှိပါတယ်။ နယ်တွေမှာက ဒီထက်နည်းပါတယ်။ အင်မတန်အဖြစ်များခဲ့တယ်လို့ လူသိများတဲ့ ရခိုင်ပြည်နယ်ရှိ ကလေးသူငယ်တွေမှာ ရောဂါဖြစ်ပွားမှုက ဒီထက် အများကြီးနည်းပါတယ်။ ဒီကလေးတွေမှာ ရောဂါပြင်းထန်မှုလက္ခဏာ မရှိသလောက် ဖြစ်ပါတယ်။

ကျွန်တော့်ဆီမှာ မကြာသေးခင်က ဆေးရုံဆင်းသွားတဲ့ ကလေးတစ်ယောက် ရှိပါတယ်။ ဒီကလေးက အသက်ရှူစက်တပ်ရတဲ့အထိ မရောက်ပါဘူး။ ဒါပေမယ့် အောက်ဆီဂျင်ပေးရတဲ့အဆင့်အထိ ပြင်းထန်ခဲ့ပြီး ယခု ပြန်ကောင်းသွားလို့ ဆေးရုံကနေ ဆင်းသွားပါပြီ။ နယ်တွေမှာ ကိုဗစ်ဖြစ်တဲ့ ကလေးတွေနဲ့ပတ်သက်ပြီး အားလုံးက ကျွန်တော့်ကို အစီရင်ခံပါတယ်။ တိုင်ပင်ပါတယ်။ ပြင်းထန်တဲ့ ကလေးတစ်ယောက်မှ မရှိပါဘူး။ အခုအချိန်အထိ ကလေးတွေမှာ ကိုဗစ်ရောဂါနဲ့ သေဆုံးသူလည်း မရှိပါဘူး။

ကိုဗစ်ရောဂါနဲ့ အသက်အငယ်ဆုံး သေဆုံးမှုအနေနဲ့ ကလေးသူငယ် အရွယ်လွန်မြောက်ခါစ ဆယ်ကျော်သက်အရွယ်ရှိပါတယ်။ သူ့ရဲ့အသက်က ၁၄ နှစ် ရှိပြီဖြစ်တဲ့အတွက် ကလေးသူငယ်စာရင်းထဲကို မဝင်ပါဘူး။ သူ့ရဲ့ သေဆုံးမှုက ကိုဗစ်ရောဂါဖြစ်ခြင်းထက် မွေးရာပါပြင်းထန်တဲ့ သွေးရောဂါ အခံကြောင့် ဖြစ်ပါတယ်။ သူ့ရဲ့ ကိုဗစ်ရောဂါအခြေအနေက မပြင်းထန်ပါဘူး။

ကလေးတွေကို ကိုဗစ်ရောဂါကူးစက်ခံရရင် အဓိက စိတ်ပူတာက သူတို့ရဲ့ အဘိုး/ အဘွားတွေကို စိတ်ပူပါတယ်။ အဘိုး/ အဘွားတွေအနေနဲ့ အသက် ၆၀ ကျော်ပါတယ်။ အသက် ၆၅ နှစ် အထက် လူကြီးတွေမှာ ကိုဗစ်ရောဂါဖြစ်ပွားခဲ့ရင် ရောဂါပြင်းထန်ပါတယ်။

ယခုလက်ရှိ သေဆုံးမှုစာရင်းတွေကို ကြည့်ပါက အသက် ၆၀ ကျော်ထက် အသက် ၄၀ ကျော်/ ၅၀ ကျော်က ပိုများနေတာကို သတိပြုမိကြပါလိမ့်မယ်။ ဒါက အသက် ၄၀ ကျော်/ ၅၀ ကျော်မှာ ရောဂါဖြစ်ပွားမှုပြင်းထန်လို့ မဟုတ်ပါဘူး။ အသက် ၆၀ ကျော်တွေက ကိုဗစ် Positive ဖြစ်တဲ့သူတွေနဲ့ ထိတွေ့နိုင်ခြေနည်းလို့ဖြစ်ပါတယ်။ အသက် ၄၀ ကျော်/ ၅၀ ကျော်တွေက အလုပ်လုပ်နေရတာ ဖြစ်တဲ့အတွက်ကြောင့် ကိုဗစ်နဲ့ ထိတွေ့မှုရှိနေပါတယ်။ ဒီအထဲမှာ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ ကျောက်ကပ်ရောဂါစတဲ့ ပြင်းထန်တဲ့ နာတာရှည်ရောဂါအခံ တစ်ခုခုရှိနေတဲ့သူတွေက အသက်ဆုံးပါးသွားရခြင်း ဖြစ်ပါတယ်။ အဘိုး/အဘွားတွေက အိမ်မှာနေတဲ့အတွက် ကိုဗစ်နဲ့ ထိတွေ့ဖို့

ဒေါက်တာရဲမြင့်ကျော်
ကလေးအထူးကု ဆရာဝန်ကြီး
ပါမောက္ခ (ဌာနမှူး)

လမ်းကြောင်းက နည်းတာဖြစ်ပါတယ်။ သို့သော် ကလေးငယ်တွေ ကိုဗစ်ရောဂါဖြစ်ခဲ့ရင် ဒီကလေးတွေကနေတစ်ဆင့် အဘိုး/အဘွားကို ကူးစက်နိုင်ပါတယ်။ ဒါကြောင့် အဘိုး/အဘွားတွေအတွက် ကျွန်တော် စိတ်ပူရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ အဓိက မှာချင်တဲ့အချက်က ကလေးတွေကို ကိုဗစ်မကူးစက်အောင် သတိထားပါ။ ဒီအချိန်မှာ အဘိုး/အဘွားတွေအနေနဲ့ အိမ်ပြင်ပကို သွားလာနေတဲ့ ဘယ်သူနဲ့မှ မထိတွေ့အောင် နေထိုင်ခြင်းက အကောင်းဆုံးဖြစ်ပါတယ်။ အိမ်ကနေမလွဲသာလို့ အပြင်ထွက်နေရတဲ့သူတွေ ရှိပါတယ်။ ဒီလူတွေ အိမ်ပြန်လာလို့ရှိရင် ကိုယ့်အိမ်မှာရှိတဲ့ သက်ကြီးရွယ်အို တွေကို ဂရုစိုက်ပါ။ ကိုယ်နဲ့ ထိတွေ့မှုမရှိအောင် Social distancing နဲ့အညီ နေထိုင်ဖို့ အရေးကြီးပါတယ်။

ယခု ကြောက်နေကြတာက ကလေးတွေကို ကြောက်နေတာဖြစ်ပါတယ်။ တကယ်တော့ ကလေးတွေအနေနဲ့ သူတို့မှာ ကိုဗစ်ရောဂါဖြစ်ပွားခဲ့ရင် သူတို့အနေနဲ့ ရောဂါခံစားရဖို့ထက် သူတို့က သယ်ဆောင်လာပြီး လူကြီးတွေ ရောဂါခံစားရဖို့ အခွင့်အလမ်း ပိုများပါတယ်။

ကိုဗစ်ရောဂါကို ကုသပေးမှုမရှိဘူး၊ ဒီအတိုင်း ထိုင်ကြည့်နေရတယ်လို့ ပြောတာတွေရှိပါတယ်။ တကယ်တမ်း မဟုတ်ပါဘူး။ ကုသမှုရှိပါတယ်။ ကိုဗစ်ဗိုင်းရပ်စ်ကို သေစေတဲ့ တိကျတဲ့ကုထုံးအားလုံး လက်ခံထားတာ၊ တစ်ကမ္ဘာလုံး တညီတညွတ်တည်း လက်ခံထားတာ မရှိသေးတာပါ။ သို့သော် သူ့အဆင့်အလိုက် ကုသပေးရတဲ့ အဆင့်တွေရှိပါတယ်။ လူကြီးတွေမှာလည်း အခု လက်ရှိ သေဆုံးနှုန်းကြည့်မယ်ဆိုရင် ၁ ရာခိုင်နှုန်းကျော်ကျော်ပဲ ရှိပါတယ်။

လက်ရှိကမ္ဘာပေါ်မှာက ကိုဗစ်ရောဂါနဲ့ သေဆုံးမှု ရာခိုင်နှုန်းအနေနဲ့ ၃ ရာခိုင်နှုန်းနဲ့ ၄ ရာခိုင်နှုန်း ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သေဆုံးမှု ရာခိုင်နှုန်းက ၁ ရာခိုင်နှုန်းကျော်/ ၂ ရာခိုင်နှုန်းနီးပါး ရှိပါတယ်။ ဒီလိုသေဆုံးမှု ရာခိုင်နှုန်းနည်းရခြင်းက ကုသမှုတွေကြောင့် သေဆုံးမှုနည်းတာပါ။

ကျွန်တော်တို့နိုင်ငံက ကလေးတွေ ဒီရောဂါကြောင့် သေဆုံးမှုအနေနဲ့ ယခုအချိန်အထိ "သုည" ဖြစ်ပါတယ်။ "သုည" ကိုကြည့်ပြီး ကျွန်တော်တို့ ပေါ့ပေါ့ဆဆနေလို့မရပါဘူး။ ကလေးတွေမှာ တခြားသော နာတာရှည်ရောဂါ သယ်ဆောင်နေတဲ့ ကလေးတော်တော်များများ ရှိပါတယ်။ ဒီကလေးတွေကို ကျွန်တော်တို့အနေနဲ့ သီးခြားခွဲထားပြီး ဂရုတစိုက်ကုသမှုပေးနေပါတယ်။ ဒီကလေးတွေသာ ရောဂါဖြစ်ရင် ပြင်းထန်မှာဖြစ်ပါတယ်။ ဒါက ကျွန်တော် ပြောချင်တဲ့ ပထမအချက်ဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ အားလုံးသိရှိကြတဲ့အတိုင်း ကျန်းမာရေးဝန်ထမ်းတွေ ထိခိုက်မှုများနေပါပြီ။ ပါမောက္ခအဆင့်ကနေစပြီး အလုပ်သင်ဆရာဝန် အဆင့်အထိ ကိုဗစ်ရောဂါ Positive ဖြစ်သွားတဲ့ ဆရာဝန်တွေ/ ဆရာမတွေ အများကြီးရှိပါတယ်။ ဝန်ထမ်းတွေထဲမှာလည်း အများကြီးရှိပါတယ်။ ဝန်ထမ်းတွေဆိုတာ ဆေးပေးရတဲ့ ဆေးသိုလှောင်ခန်းက ဝန်ထမ်းတွေ၊ လူနာသယ်ဆောင်ရတဲ့ ဝန်ထမ်းတွေသာမက တယ်လီဖုန်းအော်ပရေတာပါမကျန် အကုန်လုံးကူးစက်နိုင်ပါတယ်။ ကူးလည်း ကူးစက်နေပါတယ်။

ကူးစက်နေရတဲ့ အကြောင်းရင်းက အားလုံးသိတဲ့ ဆေးရုံက လူနာတွေ ဆီကနေ ကူးစက်ကြတာ မဟုတ်ပါဘူး။ ရောဂါလက္ခဏာမပြတဲ့သူတွေက အများကြီးရှိတဲ့အတွက် သွားရင်းလာရင်း ကူးစက်လာတာတွေ ရှိပါတယ်။ ဒီလိုကူးစက်ခံရသူတွေကနေတစ်ဆင့် ဆေးရုံထဲကို ပြန်လည်မဝင်ရောက်အောင် ကျွန်တော်တို့ တားဆီးနေရပါတယ်။

ဒါကြောင့် ပြည်သူလူထုကို ကျွန်တော့်အနေနဲ့ အဓိက မှာချင်တာက "ကိုယ့်ဘေးမှာ ကိုဗစ်ရောဂါပိုး အမြဲရှိနေတယ်လို့ယူဆပါ။ ဘယ်သူ့မှာ ပိုးမရှိဘူးဆိုတာ ဘယ်လိုမှ ပြောမရတဲ့ အနေအထားဖြစ်ပါတယ်။ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဘယ်လိုမှ ပြောမရတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူနဲ့ပဲတွေ့တွေ့ ခြောက်ပေအကွာကနေ တွေ့ပါ။ Mask အမြဲတပ်ဆင်ပါ။ သတိရတိုင်း လက်ကို စက္ကန့် ၂၀ ကြာအောင်ဆေးပါ။" ဒါတွေအပြင် မဖြစ်မနေ အပြင်ကိုသွားရတဲ့အခါ အယ်လ်ကိုဟော ၇၅ ရာခိုင်နှုန်းပါဝင်တဲ့ လက်သန့်စင်ဆေးရည်ဘူးတွေကို အမြဲဆောင်ထားပြီး လက်ကို ခဏခဏလိမ်းပေးပါ။ ဒီလို လုပ်နေရင် ကိုဗစ်ရောဂါကင်းဝေးမှာ ဖြစ်ပါတယ်။ ကိုယ့်အနေနဲ့ ကိုဗစ်ရောဂါကင်းဝေးရင် မိမိ မိသားစုလည်း ကိုဗစ်ကင်းဝေးမှာ ဖြစ်ပါတယ်။ ကိုယ့်မိသားစုဘေးကင်းရင် အိမ်မှာ ကျန်နေခဲ့တဲ့ အဘိုး/အဘွားတွေ ဘေးကင်းမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဝန်ထမ်းတွေနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောကြားလိုတာက ကျန်းမာရေးဝန်ထမ်းတွေအားလုံးကို ကျွန်တော်တို့ နေစရာစီစဉ်မပေးနိုင်ပါဘူး။ အရင်ကလည်း ဆေးရုံဝန်ထမ်းအိမ်ရာမှာ နေထိုင်ကြသူတွေရှိသလို၊ ရပ်ကွက်ထဲမှာ နေထိုင်ကြတာတွေရှိပါတယ်။ အဓိက အပျိုတွေ/ လူပျိုတွေ အဆောင်မှာ နေကြပါတယ်။ သူတို့ ပိုးရှိတဲ့လူနာနဲ့ ထိတွေ့ပါတယ်။ ဒီလို ထိတွေ့တဲ့အခါမှာ ဆေးရုံထဲမှာ မဖြစ်ဖြစ်အောင် နေရာရအောင်ရှာပြီး သီးခြားထားပေးပါတယ်။ တကယ်လို့ Positive ထွက်ရင် Quarantine စင်တာတွေကို ပို့ပေးပါတယ်။ Quarantine စင်တာတွေမှာ စစ်ဆေးပြီး သတ်မှတ်ရက်စေ့လို့ စိတ်ချရပြီဆိုမှ ကျွန်တော်တို့ ရပ်ကွက်ထဲ ပြန်လွှတ်ပေးတာပါ။ ရပ်ကွက်ထဲကို ပြန်လွှတ်ပေးတဲ့အခါမှာ ပုဂ္ဂလိကဆေးရုံတွေကဖြစ်ဖြစ်၊ အစိုးရဆေးရုံတွေက ဖြစ်ဖြစ် ဆရာဝန်/ ဆရာမတွေကို ရပ်ကွက်ထဲက ပြန်ပြီးလက်မခံတဲ့ကိစ္စတွေကို ကြားနေရပါတယ်။

ဒီကိစ္စက အန္တရာယ်ကြီးပါတယ်။ ဆရာဝန်/ ဆရာမတွေဟာ အလုပ်လာဆင်းပြီးတဲ့အခါ ပြန်စရာအိမ်တော့ ရှိဖို့လိုအပ်ပါတယ်။ နောက်ဆုံး Positive ဖြစ်သွားရင်တောင် သတ်မှတ်တဲ့ Quarantine စင်တာမှာ သတ်မှတ်ရက်စေ့အောင်နေပြီးရင် သူ့ပြန်စရာအိမ်ရှိဖို့ လိုအပ်ပါတယ်။ သူမှာ ပြန်စရာအိမ်မရှိလို့၊ သူ့အနေနဲ့ ထွက်ပြေးမယ်ဆိုရင် အဲဒီလူပဲ ပြေးမှာမဟုတ်ပါဘူး။ အဲဒါကို မြင်ထားတဲ့သူတွေပါ ထွက်ပြေးမှာ ဖြစ်ပါတယ်။

ဘယ်သူမဆို စေတနာအရင်းခံပြီး၊ အနှစ်နာခံပြီး လုပ်ပေးနေကြတာ မှန်သော်လည်း နောက်ကျောလုံဖို့ အရေးကြီးပါတယ်။ သူ့နောက်ကျောမှာ သူ့ပြန်စရာ အိမ်မရှိဘူးဆိုတာ သူသိရင်၊ သူလည်း လုပ်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့ လူကြီးပိုင်းတွေအနေနဲ့ ဒီကိစ္စတွေကို တတ်နိုင်သလောက် လိုက်ဖြေရှင်းပေးနေပါတယ်။ တခြားဝန်ကြီးဌာနတွေကပါ အကူအညီတောင်းခံပြီး သူတို့မသုံးတဲ့ အဆောက်အဦတွေ တောင်းခံပြီး နေရာချထားပေးပါတယ်။ သို့သော် ရာနှုန်းပြည့် လုပ်ကိုင်ပေးနိုင်ခြင်း မရှိသေးပါဘူး။

အထူးသဖြင့် ကျွန်တော်တို့က စိတ်ချသွားရပြီဆိုပြီး ပြန်လွှတ်တဲ့ ဝန်ထမ်းတွေက သူတို့နေတဲ့အိမ်ကို သူတို့ ပြန်လို့ရသင့်ပါတယ်။ ကျွန်တော်တို့ ကြိုးစားမှာပါ။ ယခု ကျွန်တော်ထင်ပါတယ်။ ဒီကိုဗစ်လှိုင်းတံပိုးက ထိပ်ဆုံးအမြင့်ကို ရောက်နေပါပြီ၊ ယခုကျွန်တော်တို့လုပ်နေတဲ့ လုပ်ငန်းတွေအောင်မြင်ရင် ရှေ့လျှောက်ပြန်ကျမှာပါ။ ဒါကို ရာနှုန်းပြည့် မပြောနိုင်သေးပေမယ့် ကျွန်တော်တို့အနေနဲ့ ဒီအဆင့်ကနေ ပြန်ကျဖို့ ကြိုးစားဆောင်ရွက်နေပါတယ်။ ဒီအချိန်မှာ ကျွန်တော်တို့ ဝန်ထမ်းတွေကလည်း မည်သည်ညာဘဲ အင်နဲ့အားနဲ့ ပိုင်းဝန်းကူညီနေကြပါတယ်။ ဒါပေမယ့် သူတို့တွေရဲ့ နောက်ကျောလည်း လုံစေချင်ပါတယ်။

ဒါကြောင့် ပြည်သူလူထုကလည်း မိမိကိုယ်ကိုယ် စည်းကမ်းရှိခြင်း၊ ရောဂါမကူးစက်အောင် ကာကွယ်ခြင်းအပြင် ကျန်းမာရေးဝန်ထမ်းတွေကို ကျွန်တော်တို့က ယုံကြည်စိတ်ချရလို့ သူတို့ရဲ့ နေအိမ်တွေကို ပြန်ပြီးလွှတ်တဲ့အခါမှာ မပစ်ပယ်ဘဲနဲ့၊ မကြဉ်ဘဲနဲ့ လက်ခံပေးခြင်းနဲ့ ကူညီပေးကြပါလို့ ပြောကြားလိုပါတယ်။

"ဆရာဝန်/ ဆရာမတွေဟာ အလုပ်လာဆင်းပြီးတဲ့အခါ ပြန်စရာအိမ်တော့ ရှိဖို့လိုအပ်ပါတယ်။ နောက်ဆုံး Positive ဖြစ်သွားရင်တောင် သတ်မှတ်တဲ့ Quarantine စင်တာမှာ သတ်မှတ်ရက်စေ့အောင်နေပြီးရင် သူ့ပြန်စရာအိမ်ရှိဖို့ လိုအပ်ပါတယ်။ သူမှာ ပြန်စရာအိမ်မရှိလို့၊ သူ့အနေနဲ့ ထွက်ပြေးမယ်ဆိုရင် အဲဒီလူပဲ ပြေးမှာမဟုတ်ပါဘူး။ အဲဒါကို မြင်ထားတဲ့သူတွေပါ ထွက်ပြေးမှာ ဖြစ်ပါတယ်"

ထက်လျှံ

ကန့်သတ်ချက် အသစ်များကို ပယ်ဖျက်ပေးရန် ဟွာဝေးကုမ္ပဏီက အမေရိကန်အစိုးရကို တိုက်တွန်း

ဝါရှင်တန် စက်တင်ဘာ ၂၄

တရုတ်နည်းပညာကုမ္ပဏီကြီးဖြစ်သည့် ဟွာဝေးကုမ္ပဏီအပေါ်တွင် အမေရိကန်၏ ပိတ်ဆို့မှုအသစ်များကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ တစ်ပိုင်းလျှပ်ကူးပစ္စည်းရောင်းဝယ်မှုယန္တရားကို ခြိမ်းခြောက်လာနိုင်သည်ဟု ဟွာဝေးကုမ္ပဏီဘက်မှ ပြောကြားသည်။

ထို့ကြောင့် ဟွာဝေးအပေါ် ပိတ်ဆို့ကန့်သတ်မှုများကို ဖယ်ရှားပေးရန် ပြန်လည်သုံးသပ်သင့်သည်ဟု ကုမ္ပဏီဘက်မှ ပြောသည်။

ဟွာဝေးအပေါ် ထားရှိသည့် ကန့်သတ်ချက်များကြောင့် ကုမ္ပဏီ၏ စမတ်ဖုန်းထုတ်လုပ်မှုကို စိန်ခေါ်မှုကြီးသက်ရောက်စေသည်ဟု ဟွာဝေးကုမ္ပဏီ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သူ Guo Ping က ပြောသည်။ ဟွာဝေးမှာ အမေရိကန်၏ အမျိုးသားလုံခြုံရေးကို ထိခိုက်စေသည်ဟု အမေရိကန်အစိုးရက ရှုမြင်သည်။ အမေရိကန် ကုန်သွယ်ရေးဌာနသည် စက်တင်ဘာ ၁၅ ရက်မှ စတင်ကာ ကုမ္ပဏီအပေါ် ကန့်သတ်ချက်အသစ်များ ချမှတ်ခဲ့သည်။

အမေရိကန် နည်းပညာကို အသုံးပြုထားသည့် ချစ်ပ်ပြားများကို တရုတ်ကုမ္ပဏီသို့ ရောင်းချခွင့်ကို ပိတ်ပင်ထားသည်။ တစ်ကမ္ဘာလုံး အနှံ့ ဖုန်းနှင့်ဆက်စပ်ပစ္စည်း ဖြန့်ဖြူးရာတွင် အခက်ကြုံလာမည်ဖြစ်ပြီး ယင်းသက်ရောက်မှုသည် ဟွာဝေးကုမ္ပဏီတစ်ခုတည်းသာမက အခြားနိုင်ငံများမှ ကုမ္ပဏီများကိုပါ ထိခိုက်လာစေနိုင်သည်ဟု ဟွာဝေးကုမ္ပဏီ ဥက္ကဋ္ဌက ပြောသည်။ **အင်နာအိတ်ချ်ကေ**

အမေရိကန်နိုင်ငံသားများ မဲပေးကြရန် မင်းသားဟယ်ရီနှင့် မိဂန်မာကယ်တို့ တိုက်တွန်း

ကယ်လီဖိုးနီးယား စက်တင်ဘာ ၂၄

ဗြိတိန်တော်ဝင်မင်းသား ဟယ်ရီနှင့် ဇနီးဖြစ်သူ မိဂန်မာကယ်တို့သည် အမေရိကန်နိုင်ငံသားများအနေဖြင့် အမှန်းစကားများကို ဖယ်ရှားကာ လာမည့် နိုဝင်ဘာရွေးကောက်ပွဲတွင် မဲပေးကြရန် ဗီဒီယိုမှတစ်ဆင့် တိုက်တွန်း ပြောကြားခဲ့သည်။

တိုင်းမ် မဂ္ဂဇင်းက ပြုလုပ်သည့် နယ်ပယ်အသီးသီးမှ လွှမ်းမိုးနိုင်မှုအရှိဆုံးပုဂ္ဂိုလ်များကို ရွေးချယ်ကာ စကားပြောခိုင်းသည့် အစီအစဉ်တွင် ဟယ်ရီနှင့် မိဂန်မာကယ်တို့က လာမည့် နိုဝင်ဘာ အမေရိကန် ရွေးကောက်ပွဲနှင့် မဲပေးမှုအကြောင်းကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အွန်လိုင်းပေါ်မှအကြောင်း အရာများကိုလည်း ဝေဖန်ပိုင်ခြားပြီး ဗီဒီယိုမှတစ်ဆင့် လူထုကို တိုက်တွန်းပြောကြားခဲ့ခြင်း ဖြစ်သည်။ မကြာမီ ကျင်းပတော့မည့် အမေရိကန်ရွေးကောက်ပွဲမှာ ကျွန်ုပ်တို့၏ ဘဝသက်တမ်းတွင် အရေးအပါဆုံးဖြစ်ကြောင်း မိဂန်မာကယ်က ပြောကြားခဲ့သည်။

ဟယ်ရီနှင့် မိဂန်တို့၏ ပြောကြားမှုမှာ နိုင်ငံရေးဆန်လွန်းသည်ဟု ဝေဖန်မှုများနှင့် ကြုံတွေ့နေသော်လည်း ၎င်းတို့စုံတွဲသည် မည်သူ မည်ဝါကို မဲပေးပါဟု အတိအကျ တိုက်တွန်းခဲ့ခြင်း မရှိပေ။ ဟယ်ရီတို့၏ ပြောကြားမှုသည် သင့်လျော်လျောက်ပတ်သည့် ပြောကြားချက်သာ ဖြစ်သည်ဟု ဟယ်ရီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

နယူးယောက်တိုင်းမ်

ဗြိတိန်မင်းသားဟယ်ရီနှင့် ဇနီးဖြစ်သူ မိဂန်မာကယ်တို့ကို ၂၀၁၉ ခုနှစ် တောင်အာဖရိကခရီးစဉ်အတွင်း တွေ့ရစဉ်။

၂၀၂၀ ပြည့်နှစ်အတွက် စီးပွားရေးလုပ်ငန်းများ စံချိန်တင်ပိတ်လိုက်ရမည်ဟု ဂျပန်နိုင်ငံက မျှော်လင့်ထား

တိုကျို စက်တင်ဘာ ၂၄

ဂျပန်နိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အတွင်း စီးပွားရေးလုပ်ငန်းများ ပိတ်လိုက်ရမှုမှာ စံချိန်တင် များပြားနိုင်သည်ဟု ပုဂ္ဂလိက သုတေသနကုမ္ပဏီတစ်ခုက ပြောသည်။ ဇန်နဝါရီမှ ဩဂုတ်လအတွင်း လုပ်ငန်းပေါင်း ၃၅၀၀၀ ကျော်မှာ ယာယီရပ်ဆိုင်ထားခြင်း သို့မဟုတ် ပိတ်ပစ်ခဲ့ရကြောင်း တိုကျို ရှိကိုကုမ္ပဏီက စစ်တမ်းကောက်ယူထားသည်။

ယင်းပမာဏသည် လွန်ခဲ့သည့်နှစ်ကနှင့် နှိုင်းယှဉ်ကြည့်လျှင် လုပ်ငန်းများပိတ်လိုက်ရမှု ၂၃ ဒသမ ၉ ရာခိုင်နှုန်း တိုးမြင့်သွားခြင်းပင် ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးစာ ခန့်မှန်းကြည့်လျှင် လုပ်ငန်းပေါင်း ၅၀၀၀၀ ကျော် ပိတ်ပစ်ရဖွယ်ရှိသည်ဟု အဆိုပါသုတေသနကုမ္ပဏီက ပြောသည်။ ယင်းကုမ္ပဏီသည် ၂၀၀၀ ပြည့်နှစ်ကတည်းက စစ်တမ်းကောက်ယူခဲ့ရာ ယခုတစ်ကြိမ်မှာ အမြင့်ဆုံးစံချိန်ပင်ဖြစ်သည်ဟု သိရသည်။

ဂျပန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် အလုပ်နေရာပေါင်း ၆၀၀၀၀ ကျော် ဆုံးရှုံးခဲ့ရသည်ဟု ဂျပန် အလုပ်သမားဝန်ကြီးဌာနက ပြောသည်။ ဒေသတွင်း အလုပ်သမားဗျူရိုနှင့် ပြည်သူ့အလုပ်ရှာဖွေရေးရုံးတို့မှ အစီရင်ခံစာများကိုကြည့်ကာ စစ်တမ်းကောက်ယူထားခြင်းဖြစ်သည်။ အမှန်တကယ် အလုပ်နေရာ ဆုံးရှုံးသွားသူများမှာ ယခုကောက်ယူထားသည့် အရေအတွက်ထက် ပိုမိုများနိုင်သည်ဟု ဂျပန်အလုပ်သမားဝန်ကြီးဌာနက ယူဆထားသည်။

အင်နာအိတ်ချ်ကေ

လစ်ဗျားနိုင်ငံမှ ဒုက္ခသည် ၂၂၀၀ ကျော်အတွက် ကုလသမဂ္ဂ အစားအသောက်များ ထောက်ပံ့

ထရီပိုလီ စက်တင်ဘာ ၂၄

ယခုသီတင်းပတ်အတွင်း ဒုက္ခသည်ပေါင်း ၂၂၀၀ အတွက် အစားအသောက်များ ထောက်ပံ့ပေးခဲ့သည်ဟု ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးက စက်တင်ဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ အစားအသောက်ထောက်ပံ့ရေးအစီအစဉ်တစ်ခုဖြစ်သည့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်အရ အနောက်ပိုင်းမြို့များဖြစ်သည့် ဇာဝီယာ၊ မစ်ဆူရာတာနှင့်ဇာဝါရာတို့ရှိ ဒုက္ခသည်များနှင့် ခိုလှုံရာရှာဖွေနေသူများအတွက် အစားအသောက်များ ထောက်ပံ့ပေးခဲ့သည်ဟု သတင်းထုတ်ပြန်ခဲ့သည်။

ယခု အစားအသောက်ထောက်ပံ့ပေးသည့်အစီအစဉ်သည် အာဖရိကဆိုင်ရာ ဥရောပအရေးပေါ်ရန်ပုံငွေနှင့် ပူးပေါင်းကာ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကူးစက်မှုမှာ လစ်ဗျားနိုင်ငံတွင် ဆက်လက်တိုးနေသည့်အတွက် ယခုလို ထောက်ပံ့ပေးခဲ့ခြင်းဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုကြောင့် အသွားအလာကန့်သတ်မှုများ ပြုလုပ်ထားရပြီး လူများပုံမှန်အလုပ်အကိုင် ရှာဖွေရန်လည်း ခက်ခဲလာရသည်။ ကုန်ဈေးနှုန်းမှာလည်း ကြီးမြင့်နေပြီး မိသားစုဝင်များကို အစားအစာ လုံလုံလောက်လောက် ကျွေးမွေးရန်ပင် ခက်ခဲလာသည်ဟု ထုတ်ပြန်ကြေညာချက်တွင် ပါဝင်သည်။

လစ်ဗျားနိုင်ငံရှိ နောက်ထပ်ဒုက္ခသည်လူဦးရေတစ်သောင်းနီးပါးကိုလည်း အစားအသောက် ထောက်ပံ့ပေးနိုင်ရန် စီစဉ်လျက်ရှိသည်။ စက်တင်ဘာ ၂၃ ရက်တွင် လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ရှိ ဒုက္ခသည်များ လက်ခံရေးစင်တာက တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအတွက် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးသွားရန် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို တောင်းဆိုခဲ့သည်။ ပင်လယ်ပြင်အတွင်းမှ ကယ်ဆယ်ထားသည့် သို့မဟုတ် အာဏာပိုင်များက ဖမ်းဆီးထားသည့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများသည် ထိန်းသိမ်းရေးစင်တာများတွင် ပြည့်ကျပ်လျက်ရှိသည်။

ဆင်ဟွာ

အာဂျင်တီးနားအလယ်ပိုင်းတွင် တောမီးလောင်မှုဧရိယာ နှစ်ရက်ကြာလာပြီဖြစ်

ဗျူနိုအေရိစ် စက်တင်ဘာ ၂၄

အာဂျင်တီးနားအလယ်ပိုင်း ပြည်နယ်ဖြစ်သည့် ကော်ဒိုဘာတွင် တောမီးလောင်နေမှုကို မီးသတ်သမား ၄၀၀ ကျော်ဖြင့် ငြိမ်းသတ်နိုင်ရေး ကြိုးပမ်းလျက်ရှိပြီး စက်တင်ဘာ ၂၃ ရက်တွင် ဒုတိယမြောက်နေ့အဖြစ် ဆက်လက် ငြိမ်းသတ်လျက်ရှိသည်။ လေယာဉ်ပျံနှင့် ရဟတ်ယာဉ်များ အပါအဝင် လေယာဉ်ကိုးစင်းဖြင့်လည်း တောမီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ တောမီးလောင်မှုမှာ ပြင်းထန်လျက်ရှိသည်ဟု ပြည်နယ်လုံခြုံရေးဝန်ကြီးဌာနက သတိပေးခဲ့သည်။ တောမီးလောင်ရာမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် မြင်နိုင်စွမ်းများ လျော့ကျလျက်ရှိပြီး ပြည်နယ်လမ်းမအချို့ကိုလည်း ပိတ်ထားရသည်။

ထိုအချိန်တွင် တောမီးနှင့် နီးကပ်သည့် ဒေသခံများကို ကယ်တင်နိုင်ရေး မီးသတ်သမားများက စီမံခန့်ခွဲလျက်ရှိသည်။ အမျိုးသားမိုးလေဝသဌာနက တောမီးလောင်မှုဖြစ်ပေါ်နေသည့်ဒေသများတွင် မိုးရွာသွန်းနိုင်သည်ဟု ခန့်မှန်းထားသော်လည်း စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင်မူ မိုးရွာသွန်းဦးမည် မဟုတ်ပေ။ **ဆင်ဟွာ**

အာဂျင်တီးနားနိုင်ငံ အလယ်ပိုင်းရှိ ကော်ဒိုဘာပြည်နယ်တွင် တောမီးလောင်နေမှုကို တွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံရှိ နှာခေါင်းစည်းစက်ရုံတစ်ခုတွင် လုပ်ကိုင်နေကြသည့် ဝန်ထမ်းများကို တွေ့ရစဉ်။

ဗီယက်နမ်နိုင်ငံက ရှစ်လအတွင်း နှာခေါင်းစည်းအခုရေ သန်း ၈၅၀ အထိ ပြည်ပသို့ တင်ပို့

ဟန္ဒိုင်း စက်တင်ဘာ ၂၄

ယခုနှစ်၏ ပထမရှစ်လအတွင်း ဗီယက်နမ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများက ဆေးရုံသုံးနှာခေါင်းစည်းအခုရေ သန်း ၈၅၀ အထိ ပြည်ပသို့တင်ပို့ခဲ့ကြောင်း ဗီယက်နမ် အကောက်ခွန်ဆိုင်ရာ အထွေထွေရုံး၏ ပြောကြားချက် အရ သိရသည်။

ပြီးခဲ့သည့် ဩဂုတ်လတစ်လတည်းမှာပင် ဆေးရုံသုံးနှာခေါင်းစည်း အခုရေ ၁၃၅ သန်းကျော်အထိကို စီးပွားရေးလုပ်ငန်းပေါင်း ၇၀ ကျော်က တင်ပို့ခဲ့ကြကြောင်း ဗီယက်နမ်နယူးစ် နေ့စဉ်သတင်းစာက အကောက်ခွန် ဌာနမှ ထုတ်ပြန်သည့် အချက်အလက်များကို ကိုးကား လျက် စက်တင်ဘာ ၂၄ ရက်တွင် ဖော်ပြသည်။

နှာခေါင်းစည်းများကို ဗီယက်နမ်သို့ တင်သွင်းကြသည့် အကြီးစားတင်သွင်းသူများတွင် ဂျပန်၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် အမေရိကန်ပြည်ထောင်စုတို့ပါဝင်သည်။

ဗီယက်နမ်မှ နှာခေါင်းစည်းများကို ဩစတြေးလျ၊ တရုတ်၊ လာအို၊ ပိုလန်နှင့် စင်ကာပူနိုင်ငံများသို့လည်း တင်ပို့ကြောင်း အကောက်ခွန်ရုံး၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် ကာလအတွင်း နှာခေါင်းစည်းများသည် ဗီယက်နမ်နိုင်ငံ၏ အဓိက တင်ပို့ကုန်တစ်ခုဖြစ်လာခဲ့သည်။

ပြီးခဲ့သည့် ဧပြီလနောင်းပိုင်းက ဗီယက်နမ်အစိုးရသည် နှာခေါင်းစည်းများကို ပြည်တွင်းလိုအပ်ချက် ပြည့်မီသည် အထိ အကန့်အသတ်မရှိ တင်ပို့ခွင့်ပြုခဲ့သည်။

ဆင်ဟွာ

ငြိမ်းချမ်းရေးသဘောတူညီမှု ပြုလုပ်ထားသော်လည်း အာဖဂန်အရပ်သားများ ထိခိုက်ခံစားနေရဆဲဖြစ်

ကဘူးလ် စက်တင်ဘာ ၂၄

အာဖဂန်နစ္စတန်နိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခ တိုက်ပွဲများကြောင့် ပြီးခဲ့သည့် ခြောက်လအတွင်း အာဖဂန်အရပ်သားပြည်သူ ၃၅၀၀ သေဆုံးမှု သို့မဟုတ် ထိခိုက်ဒဏ်ရာရမှုများရှိခဲ့ကြောင်း အာဖဂန် အစိုးရက ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် တာလီဘန်အုပ်စုတို့အကြား ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ငြိမ်းချမ်းရေး သဘောတူညီမှုတစ်ရပ် ပြုလုပ်ခဲ့ပြီးနောက် အာဖဂန်အစိုးရနှင့်တာလီဘန်စစ်သွေးကြွအဖွဲ့တို့သည် စက်တင်ဘာ ၁၂ ရက်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ခဲ့သည်။

သို့ရာတွင် အာဖဂန်အစိုးရတပ်ဖွဲ့များနှင့် တာလီဘန်စစ်သွေးကြွအုပ်စုများအကြား တိုက်ပွဲများ ရပ်တန့်ခဲ့ခြင်းမရှိဘဲ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

တာလီဘန်စစ်သွေးကြွအဖွဲ့သည် ပြီးခဲ့သည့် ခြောက်လအတွင်း လမ်းများပေါ် ဗုံးခွဲတိုက်ခိုက်မှုများအပါအဝင် အကြမ်းဖက်တိုက်ခိုက်မှုပေါင်း ၇၀၀၀ ထက်မနည်း လုပ်ဆောင်ခဲ့သည်ဟု အစိုးရကပြောသည်။ သို့ရာတွင် တာလီဘန်အဖွဲ့က အစိုးရ၏ စွပ်စွဲချက်များ အခြေအမြစ်မရှိကြောင်း တုံ့ပြန်ပြောဆိုခဲ့သည်။

အစိုးရအနေဖြင့် တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်ရန် တာလီဘန်အဖွဲ့အား တိုက်တွန်းလျက်ရှိသော်လည်း တာလီဘန်စစ်သွေးကြွအဖွဲ့က အစိုးရ၏ သတိပေးချက်များကို လက်ခံလိုဟန်မရှိကြောင်း သိရသည်။

နိုင်ငံရေးဆိုင်ရာ လေ့လာသူများက အာဖဂန်၌ ငြိမ်းချမ်းရေးဆိုင်ရာ မသေချာ မရေရာမှုကြောင့် အရပ်သားပြည်သူများ ထိခိုက်သေဆုံးမှုနှင့် လုံခြုံရေးဆိုင်ရာ ယိုယွင်းမှုများတိုးလာသည့်အခြေအနေမှာ အဆုံးသတ်ဖွယ် လမ်းစ မမြင်ရကြောင်း ပြောကြားခဲ့သည်။

အေအက်ဖ်ပီ

လူမှုကွန်ရက်တွင် အမုန်းစကားဖော်ပြမှုများနှင့် ပတ်သက်၍ နည်းပညာကုမ္ပဏီကြီးများနှင့်ကြော်ငြာကုမ္ပဏီများ သဘောတူညီ

ဝါရှင်တန် စက်တင်ဘာ ၂၄

ဖေ့စ်ဘွတ်အပါအဝင် နည်းပညာကုမ္ပဏီကြီးများသည် အမုန်းစကားရေးသားဖော်ပြမှုများရှင်းလင်းဖယ်ရှားနိုင်ရေးအတွက် မည်ကဲ့သို့စီစစ် သွားမည်နှင့် ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ ကြော်ငြာကုမ္ပဏီများနှင့် ဗဟုဓာတုနေ့က သဘောတူခဲ့ကြကြောင်း သိရသည်။

တွစ်တာနှင့် ယူကျူ ကုမ္ပဏီတို့ပါ ပါဝင်သည့် အဆိုပါ သဘောတူညီချက်တွင် အွန်လိုင်းပေါ်၌ အမုန်းစကားဖော်ပြမှုဆိုင်ရာ ယေဘုယျအဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပထမဆုံးအကြိမ် ဖော်ပြခဲ့သည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက Stop Hate For Profit လှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ရာနှင့်ချီသည့် နာမည်ရအမှတ်တံဆိပ်များက ဖေ့စ်ဘွတ်တွင် ကြော်ငြာခြင်းကို ဆိုင်းငံ့ခဲ့သည်။ လူမှုကွန်ရက်များအနေဖြင့် ၎င်းတို့၏ ဖော်ပြမှုအပေါ်တွင် အမုန်းတရားများနှင့် သတင်းမှားများကို ဖယ်ရှားရန် ပို မိုလုပ်ဆောင်သင့်သည်ဟုဆိုကာ ထိုသို့ဆိုင်းငံ့လိုက်ခြင်းဖြစ်သည်ဟု လည်း ဆိုခဲ့သည်။

ယခုလအစောပိုင်းက ကင်ကာဒါရှိယန်၊ လီယိုနာဒိုဒီကာပရီယိုနှင့် ကေတီပယ်ရီအပါအဝင် နာမည်ကြီး အနုပညာရှင်များအုပ်စုသည် အလားတူ သတင်းစကားဖော်ပြရန် ဖေ့စ်ဘွတ်နှင့် အင်စတာဂရမ်အသုံးပြုခြင်းကို ၂၄ နာရီကြာ ရပ်တန့်ခဲ့သည်။

ဖေ့စ်ဘွတ်နှင့် အခြားကုမ္ပဏီများသည် လူမှုကွန်ရက်ပေါ်တွင် ထိခိုက်မှုဖြစ်စေသည့်အကြောင်းအရာများကို ဖယ်ရှားရန် ကြာမြင့်စွာ ကြိုးပမ်းအားထုတ်ခဲ့ကြကြောင်း သိရသည်။ **အေအက်ဖ်ပီ**

ပြင်သစ်နိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းများသည့် အန္တရာယ်ဇုန်များရှိ စားသောက်ဆိုင်များကို ပိတ်မည်

ပါရီ စက်တင်ဘာ ၂၄

ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနှုန်းများသည့် အန္တရာယ်ဇုန်များရှိ ဈေးဆိုင်များနှင့် စားသောက်ဆိုင်များကို ပိတ်ထားရန် အပါအဝင် ကိုဗစ်-၁၉ တစ်ကျော့ပြန်လည် ဖြစ်ပွားမှုကို ထိန်းချုပ်မည့် စီမံဆောင်ရွက်ချက် အသစ်များကို ပြင်သစ်အစိုးရက ထုတ်ဖော်ကြေညာလိုက်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံတွင် စက်တင်ဘာ ၂၃ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၁၃၀၀၀ ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည်။ ကျန်းမာရေးဝန်ကြီး အိုလီဗီယာ ဗီရန်က နိုင်ငံတစ်ဝန်းရှိ

ပြင်သစ်နိုင်ငံရှိ စားသောက်ဆိုင်တစ်ခုတွင် ကိုဗစ်- ၁၉ ဆိုင်ရာ လမ်းညွှန်ချက်နှင့်အညီ ဆိုင်ထိုင်စားသုံးသူအချို့ကို တွေ့ရစဉ်။

ကိုဗစ်- ၁၉ အန္တရာယ်ရှိ ဇုန်များကို ကြေညာခဲ့ပြီး ရောဂါကူးစက်မှု အန္တရာယ် သတိပေးချက်အဆင့်အရ ဆောင်ရွက်သွားရမည့် စီမံဆောင်ရွက်ချက်များကို ထုတ်ပြန်ခဲ့သည်။

မာဆေးလ်၌ ကိုဗစ်-၁၉ အန္တရာယ် သတိပေးချက် အမြင့်ဆုံးအဆင့် ထုတ်ပြန်ထားပြီး အဆိုပါဇုန်အတွင်းရှိ ဈေးများနှင့် စားသောက်ဆိုင်များကို ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ရုံများ၊ ကဇာတ်ရုံများကိုလည်း ရောဂါကြိုတင်ကာကွယ်တားဆီးရေးဆိုင်ရာ တင်းကျပ်သည့် အစီအမံများ မလုပ်ဆောင်မချင်း ပိတ်ထားရန် အမိန့်ထုတ်လိုက်ကြောင်း သိရသည်။

ရောဂါကူးစက်မှု အန္တရာယ် သတိပေးချက် ဒုတိယအမြင့်ဆုံး ထုတ်ပြန်ထားသည့် ပါရီမြို့နှင့် ဘော်ဒိုးတို့တွင် စားသောက်ဆိုင်များနှင့် ဈေးဆိုင်များကို ည ၁၀ နာရီမှ စတင်ကာ ပိတ်ထားမည်ဖြစ်ကြောင်း သိရသည်။

အင်နန်အိတ်ချ်ကေ

တိုကျို အိုလံပစ်အားကစားပွဲများ ကျင်းပရန် နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ ယုံကြည်မှုရှိနေ

တိုကျို စက်တင်ဘာ ၂၄

ကိုဗစ်- ၁၉ ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များအောက်တွင် တိုကျိုအိုလံပစ်အားကစားပွဲများ ကျင်းပရန် ယုံကြည်မှုရှိနေကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ သောမတ်စ်ဘတ်ခ်ျက ဖော်ပြလိုက်သည်။

Olympism and Corona II ဟု ခေါင်းစဉ်တပ်ထားသည့် မက်ဆေ့ချ်တစ်စောင်ကို အိုလံပစ်အားကစားသမားများ၊ နိုင်ငံတကာ အိုလံပစ်ကော်မတီအဖွဲ့ဝင်များနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ပေးပို့လိုက်ပြီးနောက်တွင် အဆိုပါ မက်ဆေ့ချ်ကို သောမတ်စ်ဘတ်ခ်ျက လူမှုကွန်ရက်ပေါ်တွင် ပို့စ်တင်ခဲ့သည်။

ကိုဗစ်-၁၉ အတွက် ကာကွယ်ဆေးမရရှိသေးသည့်တိုင် မကြာသေးမီ ရက်သတ္တပတ်များအတွင်း အားကစားပြိုင်ပွဲကြီးများကို ဘေးကင်းစွာ ကျင်းပနိုင်အောင် စီစဉ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သောမတ်စ်ဘတ်ခ်ျက ထောက်ပြခဲ့သည်။

အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည့် အဆိုပါ ပြိုင်ပွဲများက အားကစားသမားများနှင့် အားကစားအဖွဲ့အစည်းများသာမက ပြည်သူလူထုအနေဖြင့် မိမိတို့ဘဝ၏ အရေးပါသည့်အစိတ်အပိုင်းတစ်ခုဖြစ်သည့် အားကစားပွဲ ပြန်လည်ကျင်းပနိုင်ရေး စိတ်အားထက်သန်စွာမျှော်လင့်နေမှုကို ထုတ်ဖော် ပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ထို့ပြင် သောမတ်စ်ဘတ်ခ်ျက ကာကွယ်ဆေးရရှိရေးစမ်းသပ်မှုဖြစ်စဉ်များကလည်း အားကစားပွဲများအတွက် ဘေးကင်းလုံခြုံသည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်အောင် အထောက်အကူပြုလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အင်နန်အိတ်ချ်ကေ

နိုင်ငံတကာအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ သောမတ်စ်ဘတ်ခ်ျ

အမေရိကန်ပြည်ထောင်စုရွေးကောက်ပွဲနီးလာချိန်မှာ ကိုဗစ်- ၁၉ ကူးစက်မှုကလည်း အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆက်လက်ပျံ့နှံ့

ထွန်းသစ်စ

အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးတဲ့လူအရေအတွက်ဟာ စက်တင်ဘာ ၂၂ရက်အထိ ၂၀၀၀၀၀ ကျော်လွန်လာတဲ့အချိန်မှာ အမေရိကန်မဲဆန္ဒရှင်တွေဟာလည်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ကို သူ့ရဲ့ သမ္မတရာထူးမှာ ဆက်ရှိသင့် မရှိသင့် အဆုံးအဖြတ်ပေးတော့မှာပဲဖြစ်ပါတယ်။ ဟုတ်ပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ ရွေးကောက်ပွဲကလည်း တဖြည်းဖြည်းနီးနီးလို့ လာခဲ့ပါပြီ။ ဒီလိုအချိန်မှာ တစ်ဖက်မှာလည်း ကိုဗစ်-၁၉ ရဲ့ ကူးစက်ပျံ့နှံ့မှုဟာလည်း အရှိန်အဟုန်ကောင်းကောင်းနဲ့ ဆက်လက်ဖြစ်ပွားနေပါတယ်။ သမ္မတရဲ့ ရွေးကောက်ပွဲအောင်နိုင်ရေးအခြေအနေဟာ သူ့ရဲ့ ကိုဗစ်-၁၉ အပေါ် ဘယ်လိုစီမံခန့်ခွဲမှုတွေ လုပ်ဆောင်သွားမလဲဆိုတဲ့အပေါ် မူတည်နေပါတယ်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ နှစ်သိန်းကျော်လာ

ပွျန်ဟော့ကင်းတက္ကသိုလ်ရဲ့ စာရင်းဇယားတွေအရ အမေရိကန်ပြည်ထောင်စုမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးခဲ့သူအရေအတွက်ဟာ ၂၀၀၁၈၂ ဦးအထိ ရောက်ရှိလာခဲ့ပြီး လူပေါင်း ၆ ဒသမ ၈၆ ဦး ကူးစက်ခံထားရတယ်လို့ သိရပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်-၁၉ ကြောင့် ကမ္ဘာ့သေဆုံးမှုအများဆုံးစာရင်းမှာ လအတော်ကြာသည့်တိုင်အောင် ထိပ်ဆုံးနေရာမှာ ရောက်ရှိနေပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ ကိုဗစ်-၁၉ ကြောင့် ကူးစက်မှုနဲ့ သေဆုံးမှုနှုန်းမှာ ဘရာဇီးနဲ့ အိန္ဒိယနိုင်ငံတို့ကို ကျော်လွန်ပြီး ထိပ်ဆုံးမှာ ရှိနေတာဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံမှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ အရေအတွက်ဟာ ၁၃၇,၂၇၂ ဦးရှိပြီး အိန္ဒိယနိုင်ငံမှာတော့ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းဟာ ၈၈၉,၃၅ ဦးအထိ ရောက်ရှိနေတယ်လို့ ပွျန်ဟော့ကင်း တက္ကသိုလ်ရဲ့ ထုတ်ပြန်ဖော်ပြလိုက်တဲ့ စာရင်းဇယားတွေအရ သိရပါတယ်။

ဗိုင်းရပ်စ်စစ်ဆေးမှု အောင်မြင်စွာ မလုပ်ဆောင်နိုင်သေး

စာရင်းဇယားဖော်ပြချက်တွေအရ အမေရိကန်သမ္မတဒေါ်နယ်ထရမ့် အစိုးရဟာ နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲမတိုင်ခင်မှာ တင်းကျပ်တဲ့ ကိုဗစ်-၁၉ စစ်ဆေးမှုတွေကို အောင်မြင်စွာ မလုပ်ဆောင်နိုင်သေးဘူး ဆိုတာကို ပြသနေတယ်လို့ ဝေဖန်သူတွေက ပြောကြားလိုက်ပါတယ်။

လွန်ခဲ့တဲ့ခြောက်လက ဒေါ်နယ်ထရမ့်ရဲ့ လိမ်လည်မှုတွေနဲ့ ညှဉ်ဖျင်းမှုတွေကြောင့် ကျွန်တော်တို့တွေဟာ အမေရိကန်သမိုင်းမှာ ဝမ်းနည်းစရာအကောင်းဆုံး ဆုံးရှုံး မှုတစ်ခုဖြစ်ခဲ့တယ်လို့ ဒီမိုကရက်တစ်ပြိုင်ဘက် ဂျိုးဘိုင်ဒင်က စက်တင်ဘာ ၂၁ ရက်က စွပ်စွဲပြောကြားလိုက်ပါတယ်။

စိတ်ပျက်ဝမ်းနည်းဖွယ်ကောင်းတဲ့ သမိုင်းမှတ်တိုင်တစ်ခုအပေါ် တုံ့ပြန်ပြောကြားရမယ်ဆိုရင် လွတ်တော်ရဲ့ ထိပ်တန်းဒီမိုကရက်တစ် တစ်ဦးလည်းဖြစ်၊ လွတ်တော် ဥက္ကဋ္ဌလည်းဖြစ်တဲ့ နန်စီပယ်လိုစီက ထရမ့်ရဲ့ လုပ်ကြံသတင်းတွေနဲ့ လျစ်လျူရှုမှုတွေကြောင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုအရေအတွက် တိုးလာတဲ့အပေါ် ပြစ်တင်ပြောကြားလိုက်ပါတယ်။

ကာကွယ်ဆေးရရှိဖို့ နီးကပ်လာပြီ

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အမေရိကန်ပြည်ထောင်စုဟာ ကာကွယ်ဆေးရရှိဖို့ နီးကပ်လာပြီလို့ ပြောကြားလိုက်သလို ဒါဟာ သူ့ရဲ့ပြန်လည်ရွေးကောက်ခံနိုင်မယ့် အခွင့်အရေးကို ဖန်တီးပေးလိုက်သလိုပါပဲလို့

အမေရိကန်သမ္မတထရမ့်အပေါ် ဆန္ဒပြထားသည့် ပိုစတာတစ်ခုကို တွေ့ရစဉ်။

"ပါးစပ်နှာခေါင်းစည်းများ မတပ်ခြင်း၊ တစ်ဦးနဲ့ တစ်ဦးခပ်ခွာခွာမနေခြင်း၊ ရောဂါကူးစက် ထိတွေ့မှုရာဇဝင် ခြေရာခံမလိုက်ခြင်း၊ ကိုဗစ်- ၁၉ စစ်ဆေးမှုတွေ အလျင်အမြန်မလုပ်ဆောင်ခြင်းတွေဟာ ပုံမှန်နေထိုင်မှု ဘဝမရောက်ခင်မှာ နောက်ထပ်ထောင်ပေါင်းများစွာသော အမေရိကန်ပြည်သူတွေကို သေစေနိုင်ပါတယ်"

ပြောကြားလိုက်ပါတယ်။ မိမိတို့အနေနဲ့ ကာကွယ်ဆေးကို ဖြန့်ဝေသွားနိုင် တော့မှာဖြစ်ပါတယ်။ ထို့အတူ မိမိတို့ဟာ ကိုဗစ်-၁၉ ကို တွန်းလှန်နိုင်တော့မှာဖြစ်သလို ကိုဗစ်-၁၉ ရောဂါကို အဆုံးသတ်နိုင်တော့မှာ ဖြစ်ပါတယ်။ မိမိတို့ဟာ မမျှော်မှန်းနိုင်တဲ့ကြွယ်ဝမှုတွေ၊ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ငြိမ်းချမ်းမှုတွေရှိတဲ့ ခေတ်သစ်တစ်ခု ဆီသို့ ရောက်ရှိတော့မှာဖြစ်တယ်လို့ ကုလသမဂ္ဂ အထွေထွေညီလာခံသို့ ပြောကြားတဲ့ သတင်းစကားမှာ ဒေါ်နယ်ထရမ့်က ပြောကြားလိုက်ပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က နောက်နှစ် ဇီလေမတိုင်မီ ကာကွယ်ဆေးထိုးနှံချင်တဲ့ အမေရိကန်တွေအားလုံး ကာကွယ်ဆေးရရှိတော့မှာဖြစ်တယ်လို့ အရင်ကပြောခဲ့ပါတယ်။

သို့သော်လည်း ကျွမ်းကျင်သူတွေက ကာကွယ်ဆေးအပေါ် ပုံအောထားခြင်းဟာ အလားအလာကောင်းတဲ့ နည်းဗျူဟာတစ်ခုတော့ မဟုတ်ကြောင်း ပြောကြားလိုက်ပါတယ်။

အမေရိကန်ပြည်သူတွေကို သေစေနိုင်

ပါးစပ်နှာခေါင်းစည်းများ မတပ်ခြင်း၊ တစ်ဦးနဲ့ တစ်ဦး ခပ်ခွာခွာမနေခြင်း၊ ရောဂါကူးစက်ထိတွေ့မှု ရာဇဝင် ခြေရာခံမလိုက်ခြင်း၊ ကိုဗစ်-၁၉ စစ်ဆေးမှုတွေ အလျင်အမြန်မလုပ်ဆောင်ခြင်းတွေဟာ ပုံမှန်နေထိုင်မှု ဘဝမရောက်ခင်မှာ နောက်ထပ်ထောင်ပေါင်းများစွာသော အမေရိကန်ပြည်သူတွေကို သေစေနိုင်ပါတယ်။

ကိုဗစ်-၁၉ ဟာ အမေရိကန်ပြည်ထောင်စုမှာ တတိယသေဆုံးမှု အကြောင်းတရားကို ဖြစ်စေမယ့် ကိစ္စတစ်ခုဖြစ်တယ်လို့ အမေရိကန် ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာန (စီဒီစီ) ရဲ့ ညွှန်ကြားရေးမှူး တွမ်ဖရိုင်ဒန်က ယခင်သမ္မတဟောင်း ဘားရက်အိုဘားမားရဲ့ တွစ်တာမှာ ဖော်ပြလိုက်ပါတယ်။

နှလုံးရောဂါနဲ့ ကင်ဆာရောဂါတို့ဟာ ပထမနဲ့ ဒုတိယသေဆုံးမှု အကြောင်းတရားတွေ ဖြစ်ပြီး သူတို့ကြောင့်သေဆုံးတဲ့သူတွေဟာလည်း တိုးလာပါတယ်။

အမျိုးသားရေးဆိုင်ရာ တုံ့ပြန်မှုပျက်ကွက်

ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုတွေ တိုးလာခြင်းက အမျိုးသားရေးဆိုင်ရာ တုံ့ပြန်မှုပျက်ကွက်ခြင်းရဲ့ ရောင်ပြန်ဟပ်မှုပဲဖြစ်ပါတယ်။ သို့သော်လည်း ပြန်ပြင်ဖို့အတွက် နောက်မကျသေးပါဘူးလို့ ဖရိုင်ဒန်က ဆက်လက်ပြောကြားထားပါတယ်။

အမှန်တကယ်တော့ ဖြစ်နိုင်တာက ဇူလိုင်လမှာ ကတည်းက အမေရိကန်မှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုဟာ နှစ်သိန်းကျော်ရှိတယ်လို့ စခရစ်ဖ် သုတေသနအင်စတီကျူဋ္ဌာန်ကြားရေးမှူးအဲခရစ်တိုပိုလ်က ပြောကြားလိုက်ပါတယ်။ ကနဦးစမ်းသပ်စစ်ဆေးမှုတွေ မလုပ်ခြင်းကလည်း ဗိုင်းရပ်စ်ကြောင့် သေဆုံးမှုတွေကို များပြားစေတာပါပဲလို့ သူကပြောကြားလိုက်ပါတယ်။

မိမိတို့မှာ လုံလောက်တဲ့ သည်းခံနိုင်စွမ်းတွေ မရှိတော့ဘူး။ သို့သော်လည်း မိမိတို့ဟာ အားလုံးကို လမ်းဖွင့်ထားပြီး၊ ကောင်းဖို့ဖြစ်လာတာပါဆိုပြီး ဖြေသိမ့်နေရတယ်လို့ သူက ဆက်ပြောပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ပြည်သူ့ကျန်းမာရေးဆောင်ရွက်မှုတွေဟာ ရှုပ်ထွေးနေတယ်လို့လည်း သူကပြောပါတယ်။

မြို့အတော်များများမှာ ကျောင်းသားတွေဟာ အွန်လိုင်းသင်ကြားမှုတွေကို လုပ်ဆောင်နေကြပါပြီ။ ဘားတွေနဲ့ စားသောက်ဆိုင်တွေလည်း ပိတ်ထားပါတယ်။ ပါးစပ်နှာခေါင်းစည်း အသုံးပြုမှုတွေကိုလည်း တွင်တွင်ကျယ်ကျယ် ပိုမိုသုံးစွဲလာကြပါပြီ။ သို့သော်လည်း အမေရိကန်ရဲ့ ကိုဗစ်-၁၉ စတင်ဖြစ်ပွားလာတဲ့ နေရာတွေမှာလည်း အဆုံးသတ်သွားတယ်ဆိုတာ မရှိသေးဘဲနဲ့ ပြန်လည်ဖြစ်ပွားလာနေပါတယ်။

တာဝန်တွေကို လျစ်လျူရှု

ထရမ့်ဟာ သူ့ရဲ့ တာဝန်တွေကို လျစ်လျူရှုထားတယ်ဆိုပြီး ဝေဖန်သူတွေက ပြောကြားနေပါတယ်။ မိမိတို့အနေနဲ့ စုစည်းညီညွတ်ပြီး ကြောင်းကျိုးဆီလျော်စွာနဲ့ ထိရောက်မှန်ကန်တဲ့ အမျိုးသားရေးဆိုင်ရာ တုံ့ပြန်မှုရှိဖို့လိုတယ်ဆိုပြီး တချို့ကလည်း ပြောကြားပါတယ်။

လတ်တလောမှာ စီဒီစီက ကိုဗစ်-၁၉ ဟာ လူတစ်ယောက်ရှူထုတ်လိုက်တဲ့ အမှုန်အမွှားတွေ သေးငယ်တဲ့ အစက်အပြောက်လေးတွေကနေပြီး ကူးစက်နိုင်တယ်ဆိုပြီး ထုတ်ပြန်ထားသော်လည်း စက်တင်ဘာ ၂၁ ရက်က အဲဒီအယူအဆကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ လတ်တလောမှာ ကိုဗစ်-၁၉ ကူးစက်မှုဟာ ကမ္ဘာတစ်ဝန်းမှာ ၃၁ သန်းကျော်လွန်လာပြီး သေဆုံးမှုတွေဟာလည်း ၉၇၀၀၀၀ ကျော်အထိ ရှိလာပါပြီ။ ။

ကိုးကား- အေအက်ဖ်ပီ

နိုင်ငံတကာသတင်းတိုထွာ

အမေရိကန် တရားရုံးချုပ် တရားသူကြီးခန့်အပ်ရေးအတွက် စက်တင်ဘာ ၂၆ ရက်တွင် သမ္မတထရမ့် အဆိုပြုသွားမည်

ဝါရှင်တန် စက်တင်ဘာ ၂၄

အမေရိကန်တရားရုံးချုပ် တရားသူကြီးအတွက် သမ္မတထရမ့် အဆိုပြုမည်သူ၏ အမည်စာရင်းကို စက်တင်ဘာ ၂၆ ရက်တွင် အဆိုပြုသွားမည်ဟု သမ္မတထရမ့်က ပြောသည်။ တရားရုံးချုပ်တရားသူကြီး ရုသ်ဘတ်ဒါဂင်းဘတ်စ်ပြီးခဲ့သည့်သီတင်းပတ်အတွင်း ကွယ်လွန်သွားပြီးနောက် အဆိုပါရာထူးနေရာ လစ်လပ်နေခြင်းလည်းဖြစ်သည်။

ဒီမိုကရက်တစ်ပါတီက တရားသူကြီးချုပ် ရွေးချယ်ရေးကိစ္စတွင် ရှုပ်ထွေးမှုများ ရှိလာအောင် လုပ်ဆောင်နေသည်ဟု ထရမ့်က စွပ်စွဲပြောဆိုခဲ့သည်။ ဒီမိုကရက်တစ်များနှင့် ရီပတ်ဘလစ်ကန် ပါတီဝင်အချို့သည် တရားရုံးချုပ်တရားသူကြီးခန့်အပ်ရေးကို ရွေးကောက်ပွဲတွင် အနိုင်ရမည့်သမ္မတသစ်ကသာ ရွေးချယ်ခန့်အပ်သင့်သည်ဟု ပြောဆိုနေကြသည်။

အင်နှစ်အိတ်ချ်ကေ

ကုလသမဂ္ဂ နျူကလီးယားလက်နက်တားဆီးရေး သဘောတူစာချုပ်ကို မော်လ်တာနိုင်ငံ အတည်ပြု

ဂျီနီဗာ စက်တင်ဘာ ၂၄

ကုလသမဂ္ဂ နျူကလီးယားလက်နက်တားဆီးရေး သဘောတူစာချုပ်ကို မော်လ်တာနိုင်ငံက အတည်ပြုလိုက်ပြီဖြစ်ရာ စာချုပ်စတင်အသက်ဝင်ရန် နောက်ထပ် ငါးနိုင်ငံသာ ကျန်ရှိတော့ကြောင်း သိရသည်။

ကုလသမဂ္ဂ၏ (၇၅) နှစ်မြောက် အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၁ ရက်က ကျင်းပခဲ့သည့် အထွေထွေညီလာခံအစည်းအဝေးတွင် မော်လ်တာနိုင်ငံ၏ ကုလသမဂ္ဂ အမြဲတမ်းကိုယ်စားလှယ် ဗီနက်ဆာ ဖရေဇီယာက ထိုသို့ ကြေညာလိုက်ခြင်းဖြစ်သည်။

အဆိုပါနေ့သည် မော်လ်တာနိုင်ငံ၏ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်သကဲ့သို့ နျူကလီးယားလက်နက်တားဆီးရေး သဘောတူစာချုပ်ကို ၄၅ နိုင်ငံမြောက် အတည်ပြုလိုက်သည့် ထူးခြားသောနေ့တစ်နေ့လည်း ဖြစ်ကြောင်း ဗီနက်ဆာ ဖရေဇီယာက ပြောကြားခဲ့သည်။

ကုလသမဂ္ဂ နျူကလီးယား လက်နက်တားဆီးရေး သဘောတူစာချုပ်သည် နိုင်ငံပေါင်း ၅၀ က အတည်ပြုရန် လိုအပ်ပြီး နိုင်ငံ ၅၀ ပြည့်လျှင် အတည်ပြုပြီးနောက် ရက်ပေါင်း ၉၀ ကြာလျှင် အသက်ဝင်မည်ဖြစ်ကြောင်း သိရသည်။

အင်နှစ်အိတ်ချ်ကေ

သောကြာ၊ စက်တင်ဘာ ၂၅၊ ၂၀၂၀

၂၀၂၀ ပြည့်နှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှုန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

ရွေးကောက်ပွဲ ကျင်းပရန် ၄၄ ရက်သာ လိုတော့သည်။

ပြည်တွင်းရှိ သက်ဆိုင်ရာမဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်း

- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မိမိတို့ဌာန တည်ရှိရာ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ပုံစံ (၁၅) များကို တောင်းခံသွားရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်း အကြီးအမှူးများသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၂၆-၈-၂၀၂၀ ရက် အရောက်ပေးပို့သွားရန်၊
- မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများသို့ ၇-၁၀-၂၀၂၀ ရက် အရောက်ပေးပို့ရန်၊
- သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများတွင် ၈-၁၀-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်အတွင်း သင့်လျော်သည့်ရက်၌ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရန်၊
- ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ပါ စာအိတ်များကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ၈-၁၁-၂၀၂၀ ရက်နေ့ ညနေ ၄ နာရီထက် နောက်မကျဘဲ အရောက်ပေးပို့သွားရန်။

ရွေးကောက်ပွဲများသည်-

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်များ တတိယအကြိမ်ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၄

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပ ရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်မဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက ပေးပို့လာသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်များက ဆန္ဒမဲ ပေးပိုင်ခွင့်ရှိ/မရှိ စိစစ်ပြီး သက်ဆိုင်ရာ မြန်မာသံရုံးများ၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများသို့ အချိန်မီပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၈၈ ဦးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို စက်တင်ဘာ ၁၈ ရက်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၀၄၂၆ ဦးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို စက်တင်ဘာ ၂၃ ရက်တွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်သည်။

ဆက်လက်စိစစ်ပြီးသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၃၄၂၂ ဦး အတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်းထံသို့ ယနေ့တွင် တတိယအကြိမ်အဖြစ် လွှဲပြောင်းပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

ယနေ့ လွှဲပြောင်းပေးအပ်ခဲ့သည့် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များသည် ဘန်ကောက်မြို့၊စင်ကာပူမြို့၊ဆိုးလ်မြို့နှင့် ကွာလာလမ်ပူမြို့တို့ရှိ မြန်မာသံရုံးများတွင် ကြိုတင်ဆန္ဒမဲပေးကြမည့် တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် ထပ်မံပေးပို့ခြင်းဖြစ်ပြီး နိုင်ငံပြင်ပရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၆၄၀၃၆ ဦးအတွက် ကြိုတင်ဆန္ဒမဲလက်မှတ်နှင့် စာအိတ်များကို လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

- အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
- ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
  - ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
- သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
  - ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
- သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း၊
- ထောင်ဒဏ်ကျခံနေရသူ၊
- စိတ်ပေါ်သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

ရခိုင်အမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၄

ရခိုင်အမျိုးသားပါတီ ဥက္ကဋ္ဌ ဦးသာထွန်းလှက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၂၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းအပေါင်းနှင့် ပြည့်စုံပြီး၊ ဘေးဒုက္ခများကင်းဝေးကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်အမျိုးသားပါတီ (Arakan National Party)ရဲ့ ဥက္ကဋ္ဌ ဦးသာထွန်းလှ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီ (Arakan National Party)ဆိုတာ ရခိုင်လူမျိုးနှင့် ရခိုင်မျိုးနွယ်စုဝင် တိုင်းရင်းသားများကို ကိုယ်စားပြုပြီး ရခိုင်တိုင်းရင်းသားမျိုးနွယ်စုအားလုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ အခြားတိုင်းရင်းသားအားလုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းလာစေရေးအတွက် လိုအပ်ချက်အဝဝကို ဖြည့်ဆည်းပေးရမည်မှာ ရခိုင်အမျိုးသားပါတီ၏ အမျိုးသားရေးတာဝန်ဖြစ်တယ်ဟု လေးနက်စွာခံယူထားသည့်ပါတီဖြစ်ပါတယ်။

ရခိုင်အမျိုးသားပါတီ (Arakan National Party)ဟာ ရခိုင်အမျိုးသားများ၏ အကျိုးစီးပွားကို ရခိုင်အမျိုးသားများ၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ကြိုးစားဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၀ ရွေးကောက်ပွဲတွင် လွတ်တော်ကိုယ်စားလှယ် (၃၅) နေရာ အနိုင်ရခဲ့တဲ့ ရခိုင်တိုင်းရင်းသား များတိုးတက်ရေးပါတီ (RNDP)နှင့် ၁၉၉၀ ရွေးကောက်ပွဲတွင် (၁၁)နေရာ အနိုင်ရခဲ့ပြီး ၂၀၁၂ ခုနှစ်မှာ နိုင်ငံရေးပါတီအဖြစ် ပြန်လည် မှတ်ပုံတင်ခဲ့တဲ့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)ပါတီတို့ဟာ ရခိုင်တစ်ပါတီတည်းဖြစ်မြောက်ရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပူးပေါင်းကြရာက ပေါ်ပေါက်လာတဲ့ ပါတီဖြစ်ပါတယ်။

ကျွန်တော်တို့ရခိုင်အမျိုးသားပါတီရဲ့ အဓိကရည်မှန်းချက်လေးရပ်မှာ-

(က) ရခိုင်ပြည်နယ်နှင့် ရခိုင်အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် (Development) ၊

(ခ) တိုင်းရင်းသားလူမျိုးများ တန်းတူအခွင့်အရေး ရရှိရေးဆောင်ရွက်ရန် (Equality)

(ဂ) ဒီမိုကရေစီစနစ် ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်ရန် (Democracy)

(ဃ) စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး ကြိုးပမ်းဆောင်ရွက်ရန် (Federal) တို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ကြောင့်လည်းကောင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်းကြောင့် လည်းကောင်း၊ တိုင်းရင်းသားပြည်သူအပေါင်းတို့ဟာ ဒုက္ခမျိုးစုံကို နှစ်ပေါင်း (၇၀)ကျော် ခါးစည်းခံစားခဲ့ကြရပါတယ်။ ယနေ့ထိလည်းခံစားနေရဆဲ ဖြစ်ပါတယ်။ အပြစ်မဲ့တိုင်းရင်းသားပြည်သူများ အသက်ဆုံးရှုံးမှု၊ ထိခိုက်ဒဏ်ရာရပြီး ကိုယ်လက်အင်္ဂါဆုံးရှုံးမှု၊ မိမိအိုးအိမ်၊ ရပ်ရွာ၊ လုပ်ငန်းခွင်များကို စွန့်ခွာပြီး စစ်ရှောင်စခန်းတွေမှာ ဒုက္ခမျိုးစုံခံစားပြီး နေထိုင်နေရမှု စသည့် အတိဒုက္ခများ ရောက်လျက်ရှိနေကြပါတယ်။ အခုလို အတိဒုက္ခရောက်နေရတဲ့ အနေအထားနဲ့ ပြည်တွင်း စစ်မျိုးစုံဟာ ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ တိုင်းရင်းသားလူမျိုးများ တန်းတူရည်တူ အခွင့်အရေးမရရှိသေးခြင်း၊ ကိုယ့်ကြမ္မာကို ကိုယ်တိုင် ဖန်တီးခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self Determination) မရရှိခြင်းကို အခြေခံတဲ့အကြောင်းရင်းများဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒါကြောင့် ပြည်တွင်းစစ်ရပ်စဲပြီး ငြိမ်းချမ်းရေးထာဝစဉ်ရရှိရန်အတွက် သဘောထားကြီးစွာနှင့် ရဲရဲဝံ့ဝံ့ ကြိုးပမ်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self Determination) ကို အခြေခံတဲ့ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုကို ဒီမိုကရေစီ စံချိန်စံညွှန်းနဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် မဖြစ်မနေ ပေါ်ပေါက်ရေးကို ကျွန်တော်တို့အားလုံး လက်တွဲကြိုးပမ်းဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား

ကျွန်တော်တို့ရခိုင်အမျိုးသားပါတီဟာ ရခိုင်လူမျိုးတစ်မျိုးတည်းကို အခြေခံတဲ့ပါတီမဟုတ်ပါဘူး။ ပါတီဖွဲ့စည်းပုံရဲ့ ပါတီဝင်ဖြစ်ခြင်းဆိုင်ရာ အပိုဒ်မှာ ရခိုင်နှင့် ရခိုင်မျိုးနွယ်စုတွေအပါအဝင် ရခိုင်ပြည်နယ်၌ မိုတင်းနေထိုင်ကြတဲ့ ပြည်ထောင်စုထဲက အခြားတိုင်းရင်းသားလူမျိုးများလည်း ပါတီဝင်အဖြစ် လျှောက်ထားဝင်ရောက်ခွင့်ရှိပါတယ်။ ပါတီအနေဖြင့်လည်း ရခိုင်ပြည်နယ်အတွင်းမှာ မိုတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံးအတွက် ရပ်တည်သွားမှာဖြစ်သလို ပြည်ထောင်စုတစ်ခုလုံးရဲ့ အရေးမှာလည်း တက်တက်ကြွကြွ ပူးပေါင်းပါဝင်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ရခိုင်အမျိုးသားပါတီရဲ့ လုပ်ငန်းစဉ် (၁၈)ရပ်ကို ပါတီဖွဲ့စည်းပုံမှာ တိတိကျကျ ပြဋ္ဌာန်းဖော်ပြထားရှိပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုတွေလည်း ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။ လုပ်ငန်းစဉ်(၁၈)ရပ်ကို တင်ပြရလျှင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအခွင့်အလမ်းများ တိုးတက်မြင့်မားလာစေဖို့ အလုပ်သမား သမဂ္ဂများ၊ လယ်သမားသမဂ္ဂများ ပေါ်ပေါက်လာစေဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကြောင့် ပေါ်ပေါက်လာသည့် စီမံကိန်းများမှာ ရခိုင်အမျိုးသားလုပ်ငန်းရှင်များက ပါဝင်လုပ်ကိုင်ခွင့်ရရှိရေး၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသည့်အကျိုးစီးပွားများနဲ့ ရခိုင်ပြည်နယ် အတွင်းရှိ သဘာဝအရင်းအမြစ်များကို တိုင်းရင်းသားများ အပြည့်အဝ ရယူခံစားနိုင်ရေး၊ နေရပ်စွန့်ခွာပြီး အလုပ်အကိုင်ရှာဖွေရင်း ရခိုင်ပြည်နယ်ပြင်ပကို ရောက်ရှိနေကြတဲ့ ရခိုင်တိုင်းရင်းသားများ နေရပ်ပြန်လည်ရောက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရေး ကြိုးပမ်းရန်တို့အပြင် အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများရဲ့ အခွင့်အရေးရပိုင်ခွင့်များ ကာကွယ်စောင့်ရှောက်ရန်စသည်ဖြင့် လုပ်ငန်းစဉ်များကို ချမှတ်ထားရှိပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား

၂၀၁၅ ရွေးကောက်ပွဲရလဒ်အရ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ရခိုင်အမျိုးသားပါတီက လွှတ်တော်ကိုယ်စားလှယ်နေရာ အများဆုံးအနိုင်ရရှိခဲ့ပေမယ့် ရခိုင်ပြည်နယ်အစိုးရကို ဖွဲ့စည်းခွင့်မရရှိခဲ့သော်လည်း ရခိုင်ပြည်နယ်လွှတ်တော်ကို ထိန်းချုပ်ထားနိုင်တဲ့အနေအထားနဲ့ အမျိုးသားနိုင်ငံရေးခရီးကို ဆက်ခဲ့ရပါတယ်။

ရခိုင်ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်တို့တွင် ရခိုင်အမျိုးသားပါတီမှ လွှတ်တော်ကိုယ်စားလှယ်များဟာ ရခိုင်လူမျိုး၊ ရခိုင်မျိုးနွယ်စုဝင်လူမျိုးများနှင့် ပြည်ထောင်စုသားတိုင်းရင်းသားများအတွက် လည်းကောင်း၊ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုအတွက်လည်းကောင်း အဆိုများတင်သွင်းခြင်း၊ ဆွေးနွေးတင်ပြခြင်း၊ မေးခွန်းမေးမြန်းခြင်းများကို ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ရခိုင်အမျိုးသားပါတီဟာ ရည်ရွယ်ထားတဲ့အတိုင်း ရခိုင်ပြည်နယ်၊ ရခိုင်လူမျိုး၊ ရခိုင်မျိုးနွယ်စုဝင်လူမျိုးများနှင့် ရခိုင်ပြည်နယ်အတွင်း နေထိုင်ကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရဲ့လိုအင်ဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စွမ်းမရှိဖြစ်ရတဲ့ အခြေအနေများကိုလည်း နားလည်ပေးစေလိုပါတယ်။

ကျွန်တော်တို့ရခိုင်အမျိုးသားပါတီအနေနဲ့လည်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်ထဲက လွှတ်တော်နိုင်ငံရေးတွင်လည်းကောင်း၊ လွှတ်တော်ပြင်ပနိုင်ငံရေးက လည်းကောင်း အစွမ်းကုန်ကြိုးစားအားထုတ် ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

ရခိုင်အမျိုးသားပါတီဟာ ရခိုင်ပြည်သူများ ဘေးဥပဒ်အန္တရာယ် ဒုက္ခအကျပ်အတည်းတွေ့ကြုံတိုင်း မိမိပါတီဝင်များနှင့် လည်းကောင်း၊ ရခိုင်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြတဲ့ အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း အတူတကွ ရှေ့တန်းက မားမားမတ်မတ်ကူညီဆောင်ရွက်ရင်း ပြည်သူနဲ့ တစ်သားတည်း အစဉ်ကြိုးပမ်းဆောင်ရွက်နေတဲ့ ပါတီဖြစ်ကြောင်း ပြည်သူများ အသိပင်ဖြစ်ပါတယ်။ ယခု ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခကြောင့် ဒုက္ခရောက်နေရသည့်ပြည်သူတွေအတွက်လည်း ဥပဒေကြောင်းအရ လည်းကောင်း၊ စာဝတ်နေရေးအတွက်လည်းကောင်း၊ ကူညီရေးလုပ်ငန်းတွေကို ကြိုးစားဆောင်ရွက်နေပါတယ်။ ဆက်လက်ပြီးလည်း ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ ရခိုင်အမျိုးသားပါတီဟာ ရခိုင်နှင့် ရခိုင်မျိုးနွယ်စုဝင်များအရေးနှင့် ရခိုင်ပြည်နယ်၏ အရေးကိစ္စများကိုဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ် မြို့နယ်အားလုံးတွင် ရခိုင်ပြည်နယ်လွှတ်တော်တွင် (၃၃)နေရာ၊ ပြည်သူ့လွှတ်တော်တွင် (၁၇)နေရာ၊ အမျိုးသားလွှတ်တော်တွင် (၁၂)နေရာ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရခိုင်တိုင်းရင်းသားလူမျိုးလွှတ်တော် (၁)နေရာ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရခိုင်တိုင်းရင်းသားလူမျိုးလွှတ်တော် (၁)နေရာ၊ ငပုတောမြို့နယ်တွင် တိုင်းဒေသကြီးလွှတ်တော် (၂)နေရာ၊ ပြည်သူ့လွှတ်တော် (၁)နေရာ၊ စုစုပေါင်း (၆၇) နေရာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။

ရခိုင်အမျိုးသားပါတီဟာ ရခိုင်ပြည်သူများ အခက်အခဲအကျပ်အတည်းကြုံတိုင်း ရခိုင်အကျိုးစီးပွားအတွက် ဆောင်ရွက်နေကြသော အဖွဲ့အစည်းအများနှင့်အတူ ထိုအခက်အခဲများမှ ရုန်းထွက်နိုင်အောင် ပြည်သူနှင့် တစ်ထပ်တည်း ထာဝစဉ်ကြိုးပမ်းဆောင်ရွက်နေသည့် ပါတီဖြစ်ကြောင်း ပြည်သူများအသိပင်ဖြစ်ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ အနာဂတ် အမျိုးသားနိုင်ငံရေးခရီးကို လက်ဆင့်ကမ်းနိုင်အောင်လည်း ပါတီ Youth Wing ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ ပါတီညီလာခံတွင်လည်း စွမ်းဆောင်ရည်ရှိတဲ့ ပါတီလူငယ်အမျိုးသမီးများအပါအဝင် လူလတ်ပိုင်းများကိုအရေးပါသည့် နေရာများကို ရွေးချယ်တာဝန်ပေးခဲ့ပါတယ်။ ရခိုင်အမျိုးသားပါတီဟာ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများတွင်လည်း လုပ်ကိုင်နိုင်စွမ်းရှိသော လူလတ်ပိုင်း လူငယ်များနှင့် အမျိုးသမီးများကိုလည်း ရွေးချယ်တာဝန်ပေးထားပါတယ်။

၂၀၁၀ ရွေးကောက်ပွဲမှာ ရခိုင်ပြည်သူများတစ်ရပ်လုံးဟာ ရခိုင်ကိုယ်စားပြုပါတီဖြစ်တဲ့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP)နဲ့အတူ ရပ်တည်ခဲ့ကြတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် (၃၅)နေရာ အနိုင်ရပြီး၊ မြန်မာနိုင်ငံမှာ တတိယအနိုင်ရပါတီအဖြစ် ရပ်တည်ခဲ့သလို ၂၀၁၅ ရွေးကောက်ပွဲတွင်လည်း ရခိုင်အမျိုးသားပါတီဟာ လွှတ်တော်ကိုယ်စားလှယ် (၄၅)နေရာ အနိုင်ရခဲ့ပြီး တတိယအများဆုံး အနိုင်ရပါတီအဖြစ် ဆက်လက်ရပ်တည်နိုင်ခဲ့ပါတယ်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်တွေ၊ နိုင်ငံတကာအစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းတွေက ရခိုင်ကိုယ်စားပြုပါတီအဖြစ် အသိအမှတ်ပြုခြင်း၊ ဆက်စပ်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြပါတယ်။

ယခုလက်ရှိ ရခိုင်ပြည်နယ်ရဲ့ အခြေအနေဟာ ရခိုင်ပြည်နယ် တစ်လွှား စစ်ဘေးစစ်ဒဏ်ကြောင့် လူဦးရေ (၂) သိန်းနီးပါးစီ ဘေးသင့်ပြီး စစ်ဘေးရှောင်စခန်းများမှာ မမျှော်မှန်းနိုင်လောက်အောင် ကြီးမားတဲ့ ဆင်းရဲဒုက္ခများကိုခံစားရင်းဖြစ်သလို နေထိုင်နေကြရပါတယ်။

လယ်ဧက (၂)သောင်းနီးပါးခန့် မထွန်ယက်နိုင်တဲ့အတွက် ရခိုင်ပြည်နယ် စားနပ်ရိက္ခာကဏ္ဍဟာ များစွာ အခက်အခဲနဲ့ရင်ဆိုင်ရလာနိုင်ပါတယ်။ ရာသီဥတု ပြင်းထန် ဆိုးရွားမှု၊ အထောက်အပံ့အကူအညီ နည်းပါးမှု၊ ကလေးအရွယ်များ စာပေမသင်ကြားနိုင်မှု၊ သက်ကြီးရွယ်အိုများနှင့် လူမမယ် ကလေးများ ဝေဒနာခံစားနေရမှု စတဲ့အပြစ်မဲ့အရပ်သားပြည်သူများ တွေ့ကြုံခံစားနေရတဲ့ အထွေထွေပြဿနာကို အမျိုးသားနိုင်ငံရေးပြဿနာ တစ်ခုအနေနဲ့ နိုင်ငံရေးအရ၊ ဥပဒေကြောင်းအရ လိုအပ်သလို ဖြေရှင်းဆောင်ရွက်ရမယ့်တာဝန်ဟာ ရခိုင်အမျိုးသားပါတီရဲ့ မဖြစ်မနေ ဖြေရှင်းဆောင်ရွက်ရမယ့် လက်ငင်းနိုင်ငံရေးတာဝန်လို့ လေးနက်စွာ ခံယူထားပါတယ်။

ဒါကြောင့် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်လည်း ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အခက်အခဲအကျပ်အတည်းများကြားထဲက ရခိုင်အမျိုးသားရေးကို ကြံ့ကြံ့ခံရပ်တည် ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်အမျိုးသားပါတီအနိုင်ရရှိအောင် ရခိုင်ပြည်သူများအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထောက်ခံအားပေးကြလိမ့်မယ်လို့ အလေးအနက်ယုံကြည်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများ ခင်ဗျား

ကျွန်တော်တို့ ရခိုင်အမျိုးသား ပါတီရဲ့ ရည်မှန်းချက် (၄) ရပ်မှာပါတဲ့ စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (Self Determination) ရှိတဲ့ ပြည်နယ်တွေနဲ့ ဖွဲ့စည်းတဲ့ ပြည်ထောင်စု ပေါ်ပေါက်ရေးဆိုတဲ့ ရည်မှန်းချက်များကို ဆက်လက်ကြိုးပမ်း လျှောက်လှမ်းသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၁)ရာစုပင်လုံ ပထမအကြိမ် အစည်းအဝေးမှာ ကျွန်တော်တို့ပါတီဟာ မိမိတို့ခိုင်ခိုင်မာမာဆုပ်ကိုင် ရပ်တည်ထားတဲ့စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု မူစာတမ်းကို ဖတ်ကြားတင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။

ရခိုင်နှင့် ရခိုင်မျိုးနွယ်စုဝင်များအနေဖြင့် ရခိုင်အမျိုးသားပါတီ အောင်ပွဲရရှိစေရန် ပါတီကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအား မဲပေးခြင်းဖြင့် မပြီးဆုံးသေးသော အမျိုးသားရေးတာဝန်ကို အစွမ်းကုန်သယ်ပိုးဆောင်ရွက်ပေးကြပါလို့ လေးစားစွာတိုက်တွန်းအပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများအားလုံး ဘေးဒုက္ခအပေါင်းမှ ကင်းဝေးပြီး၊ အန္တရာယ်ခပ်သိမ်းပပျောက်ငြိမ်းကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နိဂုံးချုပ်အပ်ပါတယ်။

ရခိုင်အမျိုးသားပါတီ သီချင်း (မြန်မာလို ဘာသာပြန်)

ရခိုင်ဆိုရင် ANP ရခိုင်မှန်ရင် ANP
ဘယ်သူဘာပြောပြော
ANP ဝန်းရံလေ
ရခိုင်သမိုင်းတစ်ခေတ်ကို
ပြောင်းလဲအောင်
ရင်ခုန်သံအချင်းဆက်ထားလေ
အမျိုးကိုချစ် သွေးကိုစစ်
ရခိုင်ပီပီ တာဝန်ကျေ
ဘယ်နေရာရောက်ရောက်
ကိုယ့်ရခိုင်သားကိုသာ ချစ်ပါလေ
ရင်ထဲအသည်းထဲ မဲတစ်ပြားကို
ရခိုင်ပြည်နယ်အနာဂတ်အတွက်
ပေးဆပ်လေ
ရခိုင်မဲကို မကွဲစေနဲ့
တခြားတစ်ဖက်ကို မလွှင့်စေနဲ့
သဇင်ပန်းပွင့်လေး မနွမ်းရအောင်
အမျိုးဂုဏ်ဆောင်လေ
ကိုယ့်အမျိုးကို စောင့်လေ
ဘုံအကျိုးတစ်ရပ်ကို လှပအောင်
အရယူမယ်
အို...ရခိုင်သား အမှန်ကိုသာ စဉ်းစား
အမျိုးသားရေးကိုကြည့်
လုံခြုံငြိမ်းချမ်းရေးကိုကြည့်
တိုးတက်ရေးကိုတွေး
ငါတို့မျက်ရည်မကျအောင်
ဒုက္ခနဲ့မနစ်အောင်
အို...အောင်နိုင်ပါစေ ANP
သဇင်ဂုဏ်ရောင်ကိုဆောင်နိုင်စေ
ရခိုင်သား ငါတို့အသက်ဆက်နိုင်ဖို့
ရခိုင့်ပါတီ
ဘယ်သူကခွဲခွဲ သွေးမကွဲအောင်
ညီညာစုပေါင်းလို့ မဲပေးလေ
ရခိုင်ဆိုရင် ANP ရခိုင်မှန်ရင် ANP
ဘယ်သူဘာပြောပြော
ANP ဝန်းရံလေ
ရခိုင်သမိုင်းတစ်ခေတ်ကို
ပြောင်းလဲအောင်
ရင်ခုန်သံအချင်းဆက်ထားလေ
အမျိုးကိုချစ် သွေးကိုစစ်
ရခိုင်ပီပီ တာဝန်ကျေ
ဘယ်နေရာရောက်ရောက်
ကိုယ့်ရခိုင်သားကိုသာ ချစ်ပါလေ
ရင်ထဲအသည်းထဲ မဲတစ်ပြားကို
ရခိုင်ပြည်နယ်အနာဂတ်အတွက်
ပေးဆပ်လေ
ရခိုင်မဲကို မကွဲစေနဲ့
တခြားတစ်ဖက်ကို မလွှင့်စေနဲ့
သဇင်ပန်းပွင့်လေး မနွမ်းရအောင်
အမျိုးဂုဏ်ဆောင်လေ
ကိုယ့်အမျိုးကို စောင့်လေ
ဘုံအကျိုးတစ်ရပ်ကို လှပအောင်
အရယူမယ်
အို...ရခိုင်သား အမှန်ကိုသာ စဉ်းစား
အမျိုးသားရေးကိုကြည့်
လုံခြုံငြိမ်းချမ်းရေးကိုကြည့်
တိုးတက်ရေးကိုတွေး
ငါတို့မျက်ရည်မကျအောင်
ဒုက္ခနဲ့မနစ်အောင်
အို...အောင်နိုင်ပါစေ ANP
သဇင်ဂုဏ်ရောင်ကိုဆောင်နိုင်စေ
ရခိုင်သား ငါတို့အသက်ဆက်နိုင်ဖို့
ရခိုင့်ပါတီ
ဘယ်သူကခွဲခွဲ သွေးမကွဲအောင်
ညီညာစုပေါင်းလို့ မဲပေးလေ
ဘယ်သူကခွဲခွဲ သွေးမကွဲအောင်
ညီညာစုပေါင်းလို့ မဲပေးလေ

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၂၄

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ချိုက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါ ဟောပြောချက်စာမူ အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံသား မိဘပြည်သူအားလုံး ကိုယ်၏၊ ကျန်းမာခြင်း၊ စိတ်၏၊ ချမ်းသာခြင်းနဲ့ ပြည့်ဝကြပါစေကြောင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျာ-

ကျွန်တော်ကတော့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ချို ဖြစ်ပါတယ်။ ဒီကနေ့ မြန်မာ့ရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ထုတ်လွှင့်မှုအစီအစဉ်မှာ ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ အကြောင်း မိဘပြည်သူများသိရှိနိုင်ဖို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီကို ဓနုတိုင်းရင်းသား အများဆုံး နေထိုင်လျက်ရှိတဲ့ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်၊ ကလောမြို့နယ်၊ နောင်ချိုမြို့နယ်၊ ရပ်စောက်မြို့နယ်၊ တောင်ကြီးမြို့နယ်စတဲ့ (၆)မြို့နယ်ကို အခြေခံပြီး ဖွဲ့စည်းတည်ထောင်ထားတာဖြစ်ပါတယ်။ ဗဟိုဌာနချုပ်ကိုတော့ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ ရွာငံမြို့မှာ ဖွင့်လှစ်ထားရှိပါတယ်။

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီကို ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၃) ရက်နေ့က စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ပါတီမှတ်ပုံတင် အမှတ်ကတော့ (၅၇) ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်၊ ဧကတင်ဘာလ (၁၂) ရက်နေ့မှာတော့ အလုပ်အမှုဆောင်ကော်မတီဝင်အသစ်များဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံသားများနှင့် ဓနုတိုင်းရင်းသားများခင်ဗျာ

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ အလံကတော့ အနီရောင်စတုဂံပုံ အလယ်တည့်တည့်မှာ အဖြူရောင်အဝိုင်းပါရှိပြီး အဖြူရောင်အဝိုင်းအတွင်းမှာ ဓနုအိုးစည်ပုံပါရှိပါတယ်။ အိုးစည်ပုံပါတဲ့ အဖြူရောင်အဝိုင်းကို အရွယ်တူရွှေဝါရောင် ကြယ်(၁၄)လုံးက ဝန်းရံထားပါတယ်။ အဓိပ္ပာယ်ကတော့ **'ပြည်ထောင်စုထဲကဓနု'** ဟူ၍ ဖော်ညွှန်းလိုခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ အမှတ်သင်္ကေတကတော့ အနီရောင်အောက်ခံမှာ အဖြူရောင်အဝိုင်းပါရှိပြီး အဖြူရောင်အဝိုင်းအတွင်းမှာ 'ဓနု' ဆိုတဲ့ မြန်မာစာလုံးနှင့် 'ဓနုအိုးစည်' ပုံ ပါရှိပါတယ်။ ပါတီရဲ့ ရွေးကောက်ပွဲဆောင်ပုဒ်ကတော့ **'ဓနုထလော့၊ ထလော့ဓနု'** ဖြစ်ပါတယ်။

ဓနုလူမျိုးများရဲ့ အတိတ်သမိုင်းကိုတင်ပြရရင် ဓနုလူမျိုးများဟာ ပြည်ထောင်စုမြန်မာနိုင်ငံအဖြစ် စုပေါင်းတည်ထောင်ခြင်း မရှိသေးသည့် ကာလ ရှေးပဝေသဏ်ကတည်းကပင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြင်နာနှင့် မိမိတို့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာအတိုင်း သီးခြားလွတ်လပ်စွာ နေထိုင်ခဲ့ကြတဲ့ လူမျိုးဖြစ်ပါတယ်။ ၁၈၂၄ ခုနှစ်တွင် ရခိုင်၊ တနင်္သာရီဒေသ၊ ၁၈၅၂ ခုနှစ်တွင် အောက်မြန်မာနိုင်ငံ၊ ၁၈၈၅ ခုနှစ်တွင် အထက်မြန်မာနိုင်ငံ၊ ၁၈၉၀ ခုနှစ်တွင် ရှမ်းပြည်နယ်တစ်ခုလုံးကို အင်္ဂလိပ်တို့က တိုက်ခိုက်သိမ်းပိုက်ခဲ့ပါတယ်။ ကိုလိုနီခေတ်တွင် ဗြိတိသျှအစိုးရက နယ်စပ်ဒေသအုပ်ချုပ်မှု (Frontier Area Administration) အောက်တွင် ကိုလိုနီများအဖြစ် သီးခြားစီအုပ်ချုပ်ခဲ့ပါတယ်။

ရှမ်းပြည်နယ်အတွင်းရှိ လူမျိုးအားလုံးကိုလည်း ရှမ်းပြည်နယ်အက်ဥပဒေဖြင့် အုပ်ချုပ်ခဲ့ရာတွင် ဓနုလူမျိုးများ နေထိုင်ကြသော ရှမ်းမြေလတ်ဒေသကို အနောက်ပိုင်းဆိုင်ရာဝန်ထောက်ရုံး (Western Sub-Division) ထားရှိပြီး အုပ်ချုပ်ခဲ့ကြပါတယ်။ ရှမ်းမြေလတ်ဒေသကို သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေး၊ ပွေးလှစော်ဘွား စဝ်ထွန်းစိန်၊ ပင်းတယစော်ဘွား စဝ်ဝင်းကြည်၊ ရွာငံစော်ဘွား စဝ်ခွန်ရီ၊ ဘော်နယ်စော်ဘွား စဝ်ခွန်အောင်၊ ပင်မိုကျဉ်းစော်ဘွား စဝ်ခွန်ဦး၊ ကျုံးစော်ဘွား စဝ်ခွန်ဆောင်းတို့က ၁၉၅၉ခုနှစ် အာဏာမစွန့်မီ အချိန်အထိ အုပ်ချုပ်ခဲ့ပါတယ်။ စော်ဘွားများအမည်ရှေ့တွင် 'စဝ်' ဟု တပ်ထားသော်လည်း ဓနုတိုင်းရင်းသားများပင် ဖြစ်ပါတယ်။

၁၉၄၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၅) ရက်နေ့ မြန်မာနိုင်ငံ လွတ်လပ်ရေးရယူနိုင်ရန်အတွက် ဗိုလ်ချုပ်အောင်ဆန်း ရှမ်းပြည်နယ်သို့ တက်ရောက်လာရာတွင် အထက်ပါဓနုစော်ဘွားများက ထောက်ခံအကူအညီ ပေးခဲ့ကြပါတယ်။ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံကို စုပေါင်းတည်ထောင်နိုင်မည့် သမိုင်းဝင်ပင်လုံစာချုပ်ချုပ်ဆိုရာတွင်လည်း ရှမ်းစော်ဘွားများကိုယ်စားလှယ်အဖြစ် သာမိုင်းခမ်းစော်ဘွား စဝ်ထွန်းအေးက လည်းကောင်း၊ လူထုကိုယ်စားလှယ်အဖြစ် ဦးခွန်စော (ပင်းတယ)ကလည်းကောင်း လက်မှတ်ရေးထိုးပေးခဲ့ကြပါတယ်။

ဒီသမိုင်းကြောင်းကို ပြန်လည်တင်ပြနေခြင်းဟာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-၂၁ ရာစုပင်လုံမှာ ဆွေးနွေးနေကြတဲ့ ငြိမ်းချမ်းရေးကိစ္စ၊ ဆွေးနွေးရန်ကျန်ရှိနေသေးတဲ့ ပြည်နယ်ဖွဲ့စည်းပုံနှင့် ဖက်ဒရယ်ကိစ္စတို့ကို ပိုပြီးလေးနက်စေဖို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်ထောင်စုမြန်မာနိုင်ငံသားများနှင့် ဓနုတိုင်းရင်းသားများခင်ဗျာ

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ ရည်ရွယ်ချက်များကို ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။

ပါတီရဲ့ ရည်ရွယ်ချက်များကတော့

(၁) အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီရေးတို့ကို အာမခံသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

(၂) ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးအချင်းချင်း အပြန်အလှန် အသိအမှတ်ပြု လေးစားမှု၊ ချစ်ကြည်ရိုင်းပင်းမှု၊ သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ပြီး ငြိမ်းချမ်းစွာ အေးအတူ ပူအမျှ အတူတကွ ယှဉ်တွဲနေထိုင်ရေးကို ရှေးရှုရန်။

(၃) ဓနဒေသအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ ဘာသာ၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ဖော်ထုတ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန်။

(၄) ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို အတူတကွ တည်ဆောက်ပြီး အာဏာရှင်စနစ်၊ လူမျိုးကြီးဝါဒချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ် ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(၅) ဓနဒေသအတွင်း လူနေမှုအဆင့်အတန်းမြင့်မားရေး၊ နည်းပညာမြင့်မားသော စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ ခေတ်သစ်ပညာရေးစနစ်ကို ကူညီဆောင်ရွက်ပေးရေး၊ ကျန်းမာရေးလုပ်ငန်းစဉ်များ ပိုမိုမြင့်မားလာစေရေး၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ မြင့်မားလာစေရေး အစရှိသော လုပ်ငန်းစဉ်များကို ကြိုးပမ်းဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့မှာ ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပင်းတယနှင့် ရွာငံမြို့နယ်မှာ ကိုယ်စားလှယ် (၇) ဦး၊ နောင်ချိုမြို့နယ်မှာ (၃) ဦး၊ ကလောမြို့နယ်မှာ (၂) ဦး၊ အားလုံးပေါင်း ကိုယ်စားလှယ် (၁၂) ဦးက ဝင်ရောက်ယှဉ်ပြိုင်အရွေးခံသွားမှာ ဖြစ်ပါတယ်။ လွတ်တော်အဆင့်အနေဖြင့် တင်ပြရရင် အမျိုးသားလွှတ်တော် (၁) ဦး၊ ပြည်သူ့လွှတ်တော် (၃)ဦး၊ ပြည်နယ်လွှတ်တော်(၈)ဦး ဖြစ်ပါတယ်။ အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်(၃)ဦး ဝင်ရောက်အရွေးခံမှာဖြစ်တဲ့အတွက် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းအားဖြင့် (၂၅) ရာခိုင်နှုန်းပါဝင်မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီမှ ကိုယ်စားလှယ်များ အရွေးချယ်ခံရပါက အောက်ပါတို့ကို ဦးစားပေးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်-

(၁) ပြည်ထောင်စုချစ်စိတ်ကိုအခြေခံသည့် အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဒီမိုကရေစီရေးတို့ကိုအာမခံသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းသွားပါမည်။

(၂) လွှတ်တော်အတွင်းမှာလည်းပဲ ဒီမိုကရေစီနှင့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်တဲ့ မည်သည့်အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားပါမည်။

(၃) ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ရာတွင် မည်သည့်အဖွဲ့အစည်းဖြင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်။

(၄) ဒေသအတွင်း အခြားသော ညီနောင်တိုင်းရင်းသားများလည်း ရပိုင်ခွင့်များမဆုံးရှုံးရအောင် ကြိုးပမ်းဆောင်ရွက်သွားမည်။

(၅) ဒေသအတွင်း သယံဇာတထုတ်လုပ်ရာတွင် ပွင့်လင်းမြင်သာမှု ရှိစေရေး၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေး၊ ဒေသခံပြည်သူများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် ပြည်သူများနှင့်အတူ ပူးပေါင်းကာကွယ်စောင့်ရှောက်သွားမည်။

(၆) သစ်တောပြုန်းတီးခြင်း၊ မြေပြိုခြင်း၊ ချောင်းမြောင်းများ တိမ်ကောလာခြင်း၊ ရာသီဥတုဖောက်ပြန်လာခြင်းတို့ကို ပြန်လည်ကုစားဖို့အတွက် ကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး ပူးပေါင်းကာကွယ်ဆောင်ရွက်သွားမည်။

(၇) မြန်မာနိုင်ငံအတွင်း အကြီးမားဆုံး အန္တရာယ်အဖြစ် ခြိမ်းခြောက်နေတဲ့ မူးယစ်ဆေးဝါး ပြဿနာကို တာဝန်ရှိသူများနှင့် အတူ ပူးပေါင်း ကာကွယ်သွားမည်။

လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ

အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ဖို့၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမှာ ပါဝင်ဆွေးနွေးခွင့်ရဖို့အတွက် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုပါတီများမှ ကိုယ်စားလှယ်များ လွှတ်တော်ထဲရောက်ဖို့ လိုအပ်ပါတယ်။

ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီဟာ UNA (United Nationalities Alliance) စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်အဖွဲ့ဝင်ဖြစ်ပါတယ်။ UNA ကို တိုင်းရင်းသားလူမျိုးစုပါတီ (၁၃) ပါတီဖြင့် မဟာမိတ်ဖွဲ့ထားတာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အတွင်းမှာတော့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD)၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီနှင့် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့ဟာ (UNA) အဖွဲ့ဝင်များ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ပါတီအနေဖြင့် UNA အဖွဲ့ဝင်ဖြစ်တဲ့အတွက် UNA အဖွဲ့ဝင် ညီနောင်တိုင်းရင်းသားပါတီများနှင့် လက်တွဲပြီး UNA အခြေခံမူများအတိုင်း လိုက်နာဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အထူးလေးစားအပ်သော မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျာ-

မိဘပြည်သူများအားလုံးကို အထူးပန်ကြား မေတ္တာရပ်ခံလိုတာကတော့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့မှာကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ ဝင်ရောက်ယှဉ်ပြိုင်မယ့် မဲဆန္ဒနယ်တွေမှာ ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်လောင်းများကို မဲပေးကြဖို့ မိဘပြည်သူများရဲ့ မေတ္တာစေတနာကို ခံယူပါရစေ။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးစုများ မျှော်မှန်းနေကြတဲ့ ပြည်ထောင်စုချစ်စိတ်ကိုအခြေခံတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေးမှာ အခြားသော ညီနောင်တိုင်းရင်းသားများနှင့်အတူ ပါဝင်ခွင့်ရဖို့ ၂၀၂၀ပြည့်နှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့မှာ ကျင်းပမည့် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ မိမိတို့ အသည်းကြားကမဲတစ်ပြားကို ပြည်ထောင်စုချစ်စိတ်အပြည့်ဖြင့် ကျွန်တော်တို့ ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီရဲ့ ကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးရဲ့ အမှတ်တံဆိပ်သင်္ကေတဖြစ်တဲ့ အိုးစည်ပုံဘေးမှာ တံဆိပ်တုံးရိုက်ပေးကြဖို့ မေတ္တာရပ်ခံ ဖိတ်ခေါ်အပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်

ဓနုမြေသို့ ဖိတ်ခေါ်ခြင်း

သာယာကာ ချမ်းအေးလှတဲ့ ဒို့ဓနုမြေ လာလည်ပါ ဖိတ်ခေါ်စမ်းချင်ပေမှုန်ဝေတဲ့နှင်းထုနဲ့ ကဗျာဆန်တဲ့ ဒို့ဓနုသာရင်ခုန်စွာ ကြည်နူးမိပေ တောင်ယာနဲ့ အသက်မွေးကြတဲ့ ဒို့ဓနုတွေ ဖြူစင်တယ် ရိုးသားမှုတွေနဲ့ ဖော်ရွေတဲ့အပြုံးလေးနဲ့ ချိုသာတယ် စကားလုံးများက ပေါ်လွင်တယ် လူမျိုးစုလေ ရိုးသားမှုရဲ့ အသီးပွင့်က ဒို့တစ်တွေရဲ့အပေါ်မှာ ပခုံးပြောင်းထမ်းဖို့ တာဝန်ကျရောက်လာ စည်းလုံးခြင်းရဲ့ အနှစ်က ဒို့လူမျိုးအပေါ်မှာ တိုးတက်ခြင်းက အစဉ်ခိုင်ဖို့သာ သာယာတဲ့နေ့တစ်ခုဖြစ်ဖို့ တူညီညာကြိုးစားစို့ အောင်မြင်မယ် အနာဂတ်သို့လေ။

ရာဇဝင်မှာ ကမ္ဘည်းထိုးမယ် ဓနုတဲ့အမည် ဝေဟင်မှာလွင့်ပျံသွားစေမယ် ရေဆန်မှာ မောပန်းလည်း တူညီညာတွဲလက်နဲ့ စိန်ခေါ်ကာ တက်လှမ်းကြမယ် ထာဝစဉ်သာ ထိန်းသိမ်းကြစို့ အမျိုးရဲ့ဂုဏ် နာခံမယ် ဗုဒ္ဓတရားတော်အတိုင်း သာသနာရောင်ထွန်းလင်းဖို့ တူညီညာကြိုးစားစို့ မောင်မယ်တွေ ညီညွတ်ကြလေ ရိုးသားမှုရဲ့အသီးအပွင့်က ဒို့တစ်တွေရဲ့အပေါ်မှာ ပခုံးပြောင်းထမ်းဖို့ တာဝန်ကျရောက်လာ စည်းလုံးခြင်းရဲ့အနှစ်က ဒို့လူမျိုးအပေါ်မှာ တိုးတက်ခြင်းက အစဉ်ခိုင်ဖို့သာ သာယာတဲ့နေ့တစ်ခုဖြစ်ဖို့ တူညီညာကြိုးစားစို့ အောင်မြင်မယ် အနာဂတ်သို့လေ။

ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

- သာသနာ့ဝန်ထမ်း၊
- ထောင်ဒဏ်ကျခံနေရသူ၊
- စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
- လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
- ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
- နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွင်း ပါတီနှံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မည်ဖြစ်ရာ အဆိုပါရွေးကောက်ပွဲကြီးနှင့် ပတ်သက်၍ ရွေးကောက်ပွဲဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။

(စာတည်းအဖွဲ့)

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်အတူ (၃၉)
ရွေးကောက်ပွဲ၊ ကိုဗစ်-၁၉ နှင့် နိုင်ငံတာဝန်၊ ပြည်သူ့တာဝန်၊ ကိုယ်စီတာဝန်

မောင်စာဂ

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပါမည်။ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံနေရစဉ်ကာလအတွင်း ထူးခြားသော လက္ခဏာအသွင်သဏ္ဌာန်များဖြင့် ကျင်းပရမည့် ရွေးကောက်ပွဲကြီးလည်းဖြစ်ပါမည်။ ရွေးကောက်ပွဲကျင်းပခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းတို့သည် နိုင်ငံ့အရေး၊ ပြည်သူ ပြည်သားများ၏အရေး၊ နိုင်ငံသားအားလုံး၏ အရေးဖြစ်သည်။ နိုင်ငံ့တာဝန်၊ ပြည်သူ ပြည်သားများ၏တာဝန်၊ နိုင်ငံသားများ၏တာဝန်၊ ကိုယ်စီကိုယ်စီတာဝန်များ ရှိကြသည်။ တာဝန်ကိုယ်စီ ယူကြရသည်။ အနှစ်ချုပ်မျှဝေပါရစေ။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအခြေအနေ

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကိုဗစ်- ၁၉ ရောဂါ ဆိုးရွားစွာ ကူးစက်ခံနေရသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ် မတ်လဆန်းလောက်က စတင်ကူးစက်ခံရသည်။ ဩဂုတ်လကုန်အထိ ကူးစက်ခံရသူပေါင်း ရာဂဏန်းကျော်ခန့်သာရှိသည်။ တစ်နေ့လျှင် ကူးစက်ခံရသူဦးရေ ခုဂဏန်းမျှသာရှိသည်။ သေဆုံးသူဦးရေ ခြောက်ဦးသာရှိခဲ့သည်။

ဩဂုတ်လအကုန် စက်တင်ဘာလဆန်းလောက်က စတင်၍ ရခိုင်ပြည်နယ်တွင် ထောင်ဂဏန်းကျော်အထိ ကူးစက်ခံရသည်မှစပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းပါ ကူးစက်မှုပိုမိုများပြားလာခဲ့သည်။ ဒုတိယအကျော့ဟု အဆိုရှိကြသည်။ ကျန်ဒေသကြီးအချို့ပါ ကူးစက်ခံရမှုများရှိလာခဲ့သည်။ ရောဂါပိုးသံသယရှိသူများ တစ်နေ့တစ်နေ့လျှင် ဆယ်ဂဏန်းကျော်မှ ရာဂဏန်းကျော်အထိ ရှိလာသည်။ အားလုံးသတိပြု ဆင်ခြင်သွားလာ နေထိုင်ကြရပါမည်။

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

ကိုဗစ်- ၁၉ ရောဂါ စတင်ကူးစက်ခံရချိန်မှ စတင်၍ ကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးဆိုင်ရာ ဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်အစိုးရက အမျိုးသားရေးလုပ်ငန်းတာဝန်၊ နိုင်ငံ့တာဝန်အဖြစ် ခံယူသည်။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို ဖွဲ့စည်းသည်။ ဗဟိုကော်မတီက မူဝါဒများ၊ လမ်းညွှန်ချက်များ ချမှတ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သည်။ အချိန်အခါနှင့် အခြေအနေပေါ်မူတည်၍ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များကို သတ်မှတ်ထုတ်ပြန်ခဲ့သည်။ ပြည်သူများ ပါဝင်ပူးပေါင်းလိုက်နာကြရန်လည်း နှိုးဆော်ခဲ့ကြသည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီက ချမှတ်သော မူဝါဒလုပ်ငန်းစဉ်များ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များကို ပြည်သူများက လိုက်နာပူးပေါင်း ပါဝင်ခဲ့ကြသည်။ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည့်ငွေ၊ ပစ္စည်း၊ လိုအပ်သည့် လုပ်အားဒါနများကို စေတနာသဒ္ဓါတရား၊ စိတ်အား၊ ခွန်အား၊ ပညာအား၊ ဓွေ့၊ လုံ့လအားတို့ဖြင့် ပါဝင်လုပ်ဆောင်၊ ကူညီပံ့ပိုး လှူဒါန်းမှုများ ပြုကြသည်။ စည်းမျဉ်း စည်းကမ်းများနှင့်အညီ အိပ်စက်၊ နားနေ၊ သွားလာ၊ လှုပ်ရှားနေထိုင်၊ လုပ်ကိုင်၊ အသက်မွေးဝမ်းကျောင်းပြုရင်းဖြင့် မိမိတို့တတ်နိုင်သည့်အခန်းကဏ္ဍမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ကြသည်။

ညီညွတ်ခြင်း၏အင်အား

နိုင်ငံတော်တာဝန်ရှိ အကြီးအကဲများ၊ ပြည်သူပြည်သားများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပရဟိတအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများ၊ အသိပညာရှင် အတတ်ပညာရှင်များ အစရှိသည့် အလွှာအသီးသီးမှ နိုင်ငံသူ နိုင်ငံသားအားလုံးတို့သည် တာဝန်ကိုယ်စီ၊ အသိကိုယ်စီဖြင့် အရေးကြီးက သွေးစည်းကြရမည်ဆိုစကားနှင့်အညီ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြသည်။ ညီညွတ်ခြင်း၏အင်အားဖြင့် ပထမအကြိမ်ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကြီးကို နိုင်နင်းစွာ ဆောင်ရွက်နိုင်ခဲ့သည်။

ယခုတစ်ဖန် ဒုတိယအကျော့ဟု အဆိုရှိသော ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရမှု ပိုမိုများပြားလာသော်လည်း ပထမအကြိမ်ကဲ့သို့ပင် နိုင်ငံတော်အစိုးရနှင့် ပြည်သူ၊ ပြည်သူနှင့် နိုင်ငံတော်အစိုးရတို့ ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်ကြခြင်း၏ အင်အားဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို အချိန်တိုအတောအတွင်း ကောင်းမွန်စွာ ကာကွယ် ထိန်းချုပ်သွားနိုင်ပါမည်။

ကိုဗစ်- ၁၉ က ပေးသော အလေ့အကျင့်

ကိုဗစ်-၁၉ က ကမ္ဘာ့လူသားများကို စည်းကမ်းတကျ ဖြစ်စေသည်။ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု၊ စားသောက်မှု၊ အိပ်စက်အနားယူမှု၊ ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှု စသည့် စားဝတ်နေရေး၊ လူမှုဆက်ဆံရေးတို့ကို တိုးတက်ကောင်းမွန်အောင် သင်ပြပေးသည်။ တစ်ဦးနှင့်တစ်ဦး တန်ဖိုးထားမှု၊ အပြန်အလှန်နားလည်မှု၊ ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ သည်းခံခွင့်လွှတ်မှု၊ ကိုယ်ချင်းစာနာမှု၊ သနားကြင်နာမှု၊ သစ္စာရှိမှု၊ မေတ္တာကရုဏာထားမှု၊ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများ ကင်းစင်မှု စသည့်စိတ်ကောင်း၊ စေတနာကောင်းများ ဖြစ်ထွန်းစေသည်။ ဤအလေ့အကျင့်တို့ကို မြန်မာနိုင်ငံသူ နိုင်ငံသားများလည်း ရရှိလိုက်ကြသည်။

ကိုဗစ်- ၁၉ ကပေးသော အစွမ်းသတ္တိ

ကိုဗစ်- ၁၉ က ကမ္ဘာ့လူသားများအား ဆန်းသစ်၊ တီထွင်၊ ဖန်တီးမှုအသိပညာ၊ အတတ်ပညာ အသစ်များ ပေးသည်။ စိန်ခေါ်မှုမှန်သမျှ တောင့်ခံနိုင်သောစွမ်းအား၊ အခက်အခဲမှန်သမျှ ရင်ဆိုင်နိုင်သော၊ ကျော်လွှားနိုင်သော၊ ဖြတ်သန်းနိုင်သော၊ ထိုးဖောက်နိုင်သော ရဲစွမ်းသတ္တိများ ဖြစ်ထွန်းစေသည်။ လူသားတို့၏ မိမိကိုယ်ကိုယုံကြည်မှု မြင့်မားစေသည်။ စည်းလုံးညီညွတ်မှု ခိုင်မာစေသည်။ ပူးပေါင်းဆောင်ရွက်မှု ထက်သန်စေသည်။ စေတနာ၊ ဟု မြင်သကဲ့သို့ အခြားသူများကိုလည်း လူသားဟု မြင်စေခဲ့သည်။ ဤသည်တို့ကို ကမ္ဘာ့သူ ကမ္ဘာ့သားအားလုံး သတိမူအလေးထားလာကြသည်။ အသိတရားများ ရရှိလာကြသည်။

ရွေးကောက်ပွဲ

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးသည် ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီးကို ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများကို ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက်လည်းကောင်း ကျင်းပမည့် ရွေးကောက်ပွဲဖြစ်သည်။

ဤကဲ့သို့အရေးကြီးသော ရွေးကောက်ပွဲကြီးကို ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံနေရသည့် အချိန်ကာလအတွင်း ကျင်းပရပါမည်။ ကိုဗစ်- ၁၉ ရောဂါသည် မည်သည့်အချိန်တွင် မည်သို့သော အခြေအနေမျိုးရှိမည်ကို ခန့်မှန်းတွက်ချက်နိုင်ခြင်းလည်း မပြုနိုင်ကြပါ။ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးကအရေးကြီးသလို ရွေးကောက်ပွဲကျင်းပခြင်းကလည်း ယင်း၏အနှစ်သာရ၊ လုပ်ငန်းသဘောအရ အရေးကြီးသည်။ နိုင်ငံတကာတွင်လည်း ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံနေရစဉ် ကာလအတွင်းမှာပင် သတ်မှတ်ထားသည့်နေ့ရက်များတွင် ရွေးကောက်ပွဲများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြသည်။ ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြသည်။

ကိုယ်စီတာဝန်ကျေပွန်ကြပါစို့

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသခြင်းနှင့် ရွေးကောက်ပွဲကျင်းပခြင်းလုပ်ငန်းစဉ် နှစ်ခုစလုံးသည် နိုင်ငံ့အရေး၊ ပြည်သူ ပြည်သားများ၏အရေး၊ နိုင်ငံသားအားလုံး၏အရေးဖြစ်သည်။ နိုင်ငံ့တာဝန်၊ ပြည်သူ့တာဝန်၊ နိုင်ငံသားများ၏ တာဝန်၊ ကိုယ်စီကိုယ်စီ တာဝန်များ ရှိကြသည်။

နိုင်ငံ့တာဝန်၊ ပြည်သူ ပြည်သားများ၏ တာဝန်၊ နိုင်ငံသားများ၏တာဝန်၊ ကိုယ်စီကိုယ်စီ တာဝန်များ ကျေပွန်စွာ လိုက်နာဆောင်ရွက်ကြခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ကြသည်။ တစ်ပြိုင်နက်တည်း ရွေးကောက်ပွဲကြီးကို အောင်မြင်အောင် ကျင်းပသွားနိုင်ကြခြင်းအားဖြင့် နိုင်ငံ့တာဝန်၊ ပြည်သူ ပြည်သားများ၏တာဝန်၊ နိုင်ငံသားများ၏တာဝန်၊ ကိုယ်စီကိုယ်စီ တာဝန်ကျေပွန်ကြကြောင်းကိုလည်း ပြသကြရပါမည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့်အခါ ပြည်သူများက ဘေးကင်းလုံခြုံ ယုံကြည်စိတ်ချစွာ ဆန္ဒမဲပေးနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ တားဆီးနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်- ၁၉ရောဂါ ကူးစက်ခံရသည့် ကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပခဲ့သည့် နိုင်ငံများ၏ အတွေ့အကြုံ သင်ခန်းစာများကို ရယူသည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အစဉ်တစိုက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန်များကို ထုတ်ပြန်ပေးခဲ့သည်။ မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၊ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန်များနှင့် မဲရုံအသီးသီးတွင် ဆန္ဒမဲပေးရမည့် ပြည်သူများအားလုံး အဆင်ပြေချောမောစွာ ဆန္ဒပြုမဲပေးနိုင်ရေး အစီအမံများကိုလည်း ဆက်လက်ထုတ်ပြန်သွားပါဦးမည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ကော်မရှင်အဖွဲ့ခွဲများနှင့် ရွေးကောက်ပွဲစီမံခန့်ခွဲသူများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်ပြည်သူများ၊ ရွေးကောက်ပွဲ လေ့လာသူများ အပါအဝင် ပြည်သူတစ်ရပ်လုံးသည် ကိုဗစ်- ၁၉ က ရရှိသော အလေ့အကျင့်၊ အသိ၊ သတိနှင့် ရဲစွမ်းသတ္တိများ ရှိကြရပါမည်။ အားလုံးညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မဲဆန္ဒရှင်ပြည်သူများ ကိုဗစ်- ၁၉ ရောဂါအန္တရာယ်မှ ကင်းဝေးပြီး စိတ်အေးချမ်းသာယာပျော်ရွှင်စွာဖြင့် ရွေးကောက်ပွဲကြီးကို အောင်မြင်အောင် ကျင်းပနိုင်မည်ဟု ယုံကြည်ကြောင်းပါ။

- ကိုဗစ်-၁၉ရောဂါကို အားလုံးကိုယ်စီတာဝန်ဖြင့် ပူးပေါင်းကာကွယ်၊ ထိန်းချုပ်ကျော်လွှားနိုင်ကြပါစေ။
- ရွေးကောက်ပွဲကြီးတွင် ကိုယ်စီတာဝန်ကျေပွန်စွာဖြင့် ပူပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။
- ရွေးကောက်ပွဲကြီး ဘေးကင်းလုံခြုံ၊ ချောမောအောင်မြင်စွာ ကျင်းပနိုင်ပါစေ။

> **❐ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲကျင်းပသည့်အခါ ပြည်သူများက ဘေးကင်းလုံခြုံ ယုံကြည်စိတ်ချစွာ ဆန္ဒမဲပေးနိုင်ရန် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ တားဆီးနိုင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိ**
>
> **❐ ကိုဗစ်- ၁၉ ရောဂါ ကူးစက်ခံရသည့် ကာလအတွင်း ရွေးကောက်ပွဲများ ကျင်းပခဲ့သည့် နိုင်ငံများ၏ အတွေ့အကြုံ သင်ခန်းစာများကို ရယူ**
>
> **❐ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အစဉ်တစိုက် ဆွေးနွေးညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိ**
>
> **❐ မဲဆန္ဒရှင်များနှင့် ရွေးကောက်ပွဲ စီမံခန့်ခွဲသူများ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန်များနှင့် မဲရုံအသီးသီးတွင် ဆန္ဒမဲ ပေးရမည့် ပြည်သူများအားလုံး အဆင်ပြေချောမောစွာ ဆန္ဒပြုမဲပေးနိုင်ရေး အစီအမံများကိုလည်း ဆက်လက်ထုတ်ပြန်သွားပါဦးမည်**

စေတုတ္တရာမြို့နယ် မုန်းတမံရေပိုလွှဲ သတ်မှတ်ရေအမှတ်ထက် တစ်ပေရေကျော်နေမှုကို ပြည်သူများသို့ အသိပေးနှိုးဆော်

မုန်းတမံရေပိုလွှဲကို တွေ့ရစဉ်။

စေတုတ္တရာ စက်တင်ဘာ ၂၄ မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံ ရေပိုလွှဲမှ သတ်မှတ်ရေ အမှတ် ၅၂၁ ပေ ရောက်ရှိနေပြီး သတ်မှတ်ထားသော တမံရေအမှတ် ပေ ၅၂၀ ထက် တစ်ပေကျော်လွန်နေ၍ မုန်းတမံ အောက်ဘက်တွင်ရှိသော မြို့နယ် အတွင်းရှိ ရပ်ကွက်များနှင့် ကျေးရွာ နေပြည်သူများ သိရှိနိုင်ရန် ကြိုတင် စီမံခန့်ခွဲ့မှု အဆင့်(၁)အဖြစ် သတ်မှတ်ပြီး အစိမ်းရောင်အလံများ စိုက်ထူကာ အသိပေးနှိုးဆော် ဆောင်ရွက်ထားကြောင်း စက်တင်ဘာ ၂၄ ရက်က သိရသည်။

ရေပိုလွှဲမှ ရေကျော်မှုများ ရှိနေသော်လည်း ဒေသခံပြည်သူများ အနေဖြင့် စိုးရိမ်စရာ အခြေအနေ မရှိသေးကြောင်း၊ သဘာဝဘေးအန္တရာယ် ကင်းရှင်းစေရေး စီမံချက်အရ ပြည်သူများ သိရှိနိုင်စေရန် အစိမ်းရောင်အလံ စိုက်ထူ၍ အသိပေး နှိုးဆော်ထားခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်သူများ သဘာဝဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် ရေလှောင်တမံ အခြေအနေများကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရန် အသိပေးဆောင်ရွက် မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စည်သူလွင်(ပြန်/ဆက်)

(၅၆) ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့ ပြည်သူ့ဆေးရုံ၌ စက်တင်ဘာ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နိုင်လင်းသိန်း ဦးဆောင်သော တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းစဉ်။

ဥာဏ်မင်း(နမ့်ခမ်း)

အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	ဝင်းကျော်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်း သတင်းထောက်များ	-	နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၉ - ၂၀၂၀

ရွှေ

ရန်ကုန်	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၁၃၀၀၀
ရန်ကုန်	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၈၀၀၀
ရန်ကုန်	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၃၅၈၀၀
မန္တလေး	၁၆ ပဲရည်	ရောင်းဈေး	တစ်ကျပ်သား	ကျပ်	၁၃၁၃၀၀၀
မန္တလေး	၁၆ ပဲရည်	ပြန်ဝယ်ဈေး	တစ်ကျပ်သား	ကျပ်	၁၃၀၈၀၀၀
မန္တလေး	၁၅ ပဲရည်		တစ်ကျပ်သား	ကျပ်	၁၂၃၅၈၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)		လက်လီဈေး(မန္တလေး)	
ဒီဇယ်(တစ်လီတာ)	၅၂၅/၅၅၅	ကျပ်	၅၅၅/၅၆၅	ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၅၃၅/၅၇၀	ကျပ်	၅၇၀/၅၈၀	ကျပ်
အောက်တိန်း ၉၂	၄၇၅/၅၀၅	ကျပ်	၅၃၅/၅၅၀	ကျပ်
အောက်တိန်း ၉၅	၆၀၀/၆၂၀	ကျပ်	၆၆၀/၆၈၀	ကျပ်

(Yangon Petrol မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၁၃၀၉	. ၇
ဥရောပ	တစ်ယူရို	ကျပ်	၁၅၂၆	. ၇
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၉၅၂	. ၅၀
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ်	၁၆၆၉	. ၇
ဂျပန်	၁၀၀ ယန်း	ကျပ်	၁၂၄၃	. ၅
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ်	၉၂၃	. ၅၀
တရုတ်	တစ်ယွမ်	ကျပ်	၁၉၁	. ၈၈
အိန္ဒိယ	တစ်ရူပီး	ကျပ်	၁၇	. ၇၁၇
ကိုရီးယား	၁၀၀ ဝမ်	ကျပ်	၁၁၁	. ၅၉
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၃၁၄	. ၂၇
ထိုင်း	တစ်ဘတ်	ကျပ်	၄၁	. ၄၄၀

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀၀၀၀	၁၀၀၀၀	၁၂၇	၁၂၇၀၀၀၀
MTSH	၃၆၅၀	၃၇၀၀	၇၄၅	၂၇၁၉၈၀၀
MCB	၈၁၀၀	၈၁၀၀	၄	၃၂၄၀၀
FPB	၂၂၅၀၀	၂၂၅၀၀	၃၀၄၁	၆၈၄၂၂၅၀၀
TMH	၂၇၅၀	၂၇၅၀	၁၅	၄၁၂၅၀
EFR	၀	၀	၀	၀

ပြည်သူ့အတွက် လျှပ်စစ်အဟုန် နှိုင့်ဂုဏ်

ကေတာ

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒဖြစ်သော ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားစေရေးအတွက် အဓိကအချက်သည် လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေး ဖြစ်သည်နှင့်အညီ ရည်မှန်းချက်ဖြစ်သည့် ပြည်သူများ ယုံကြည်စိတ်ချရသည့် တည်ငြိမ်သည့် လျှပ်စစ်ဓာတ်အား၊ ပြည့်ဝစွာသုံးစွဲနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိသည့်အပြင် တိုင်းရင်းသားလူမျိုးပေါင်းစုံ သာတူညီမျှဖြစ်စေရန် ဖြည့်ဆည်းဆောင်ရွက်မှုများကို တိုင်းဒေသကြီး၊ ပြည်နယ်အပါအဝင် နယ်စပ်ဒေသများပါမကျန် ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိသည်။

LNG သုံး သာကေတ ၄၀၀ မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ရေတို ရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတစ်ဝန်းတွင် လျှပ်စစ်ဓာတ်အား ပေးစက်ရုံ စီမံကိန်းများ၊ မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းများကို နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာငွေအမြောက်အမြား အသုံးပြုကာ အကောင်အထည်ဖော်တည်ဆောက်ပေးလျက်ရှိသည်။

၂၀၀၅ မဂ္ဂါဝပ်ကို တိုးတက်

လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ် ဧပြီလမှ ယခုအချိန်အထိ လေးနှစ်ကျော်ကာလအတွင်း စုစုပေါင်း ၂၀၀၅ မဂ္ဂါဝပ်ကို တိုးတက်တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ပေးမှုနှင့်အညီ ထုတ်လုပ်ပေးခဲ့သည့် ဓာတ်အားများကို အသုံးပြုနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်က စတင်ပြီး လေးနှစ်ကာလအတွင်း ဓာတ်အားလိုင်း မိုင်ပေါင်း စုစုပေါင်း ၃၃၉၄၉ မိုင်ကျော်နှင့် ဓာတ်အားခွဲရုံများ စီမံကိန်းများ အနေဖြင့် ၂၁၃၉၀ MVA ကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် တစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၁၆ ခုနှစ်တွင် ၂၉၈ ယူနစ်ရှိပြီး ယခုအချိန်တွင် ၄၂၉ ယူနစ်ခန့်အထိ တိုးတက်သုံးစွဲနိုင်ခဲ့ပြီဖြစ်သည်။

နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်းလုံးသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၆ ခုနှစ် မတ်လတွင် အများဆုံး၀န်အား ၂၈၁၀ မဂ္ဂါဝပ် သုံးစွဲခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် အများဆုံး၀န်အား မဂ္ဂါဝပ် ၃၈၂၈ မဂ္ဂါဝပ်အထိ သုံးစွဲလျက်ရှိသည်။

❑ လျှပ်စစ်ဓာတ်အား တိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ၂၀၁၆ ခုနှစ် ဧပြီလမှ ယခုအချိန်အထိ လေးနှစ်ကျော်ကာလအတွင်း စုစုပေါင်း ၂၀၀၅ မဂ္ဂါဝပ်ကို တိုးတက်တည်ဆောက်ပေးနိုင်

❑ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ပေးမှုနှင့်အညီ ထုတ်လုပ်ပေးခဲ့သည့် ဓာတ်အားများကို အသုံးပြုနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်က စတင်ပြီး လေးနှစ်ကျော်ကာလအတွင်း ဓာတ်အားလိုင်းမိုင်ပေါင်း စုစုပေါင်း ၃၃၉၄၉ မိုင်ကျော်နှင့် ဓာတ်အားခွဲရုံများအနေဖြင့် ၂၁၃၉၀ MVA ကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် တစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၁၆ ခုနှစ်တွင် ၂၉၈ ယူနစ်ရှိပြီး ယခုအချိန်တွင် ၄၂၉ ယူနစ်ခန့်အထိ တိုးတက်သုံးစွဲနိုင်ခဲ့



ဇယားမြစ် ။ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့၊ သတင်းအချက်အလက်ယူနစ်မှစုစည်းတင်ပြပါသည်။

ထိုအချိန်တွင် ဓာတ်အားလိုင်း မိုင်ပေါင်း စုစုပေါင်း ၃၃၉၄၉ မိုင်ကျော်နှင့် ဓာတ်အားခွဲရုံများ အနေဖြင့် ၂၁၃၉၀ MVA ကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် ဓာတ်အားလိုင်းများ ပိုမိုကြာရှည်ခိုင်မြဲစွာ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။ ဓာတ်အားပေးစက်ရုံများ တိုးချဲ့တည်ဆောက်ပေးမှုနှင့်အညီ ထုတ်လုပ်ပေးခဲ့သည့် ဓာတ်အားများကို အသုံးပြုနိုင်ရေးအတွက် ၂၀၁၆ ခုနှစ်က စတင်ပြီး လေးနှစ်ကျော်ကာလအတွင်း ဓာတ်အားလိုင်းမိုင်ပေါင်း စုစုပေါင်း ၃၃၉၄၉ မိုင်ကျော်နှင့် ဓာတ်အားခွဲရုံများ အနေဖြင့် ၂၁၃၉၀ MVA ကို တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် တစ်ဦးချင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ၂၀၁၆ ခုနှစ်တွင် ၂၉၈ ယူနစ်ရှိပြီး ယခုအချိန်တွင် ၄၂၉ ယူနစ်ခန့်အထိ တိုးတက်သုံးစွဲနိုင်ခဲ့ပြီဖြစ်သည်။

များစွာတိုးတက်စေခဲ့ပြီဖြစ်

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အဓိက ရည်မှန်းချက်ဖြစ်သည့် ပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေးနှင့် ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုကောင်းမွန်လာကာ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုများလည်း များစွာတိုးတက်စေခဲ့ပြီဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် တိုင်းရင်းသားလူမျိုးများအားလုံး သာတူညီမျှဖြစ်အောင် ကဏ္ဍပေါင်းစုံမှ ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ဓာတ်အားစနစ် အလှမ်းကွာဝေးသည့် ဒေသများအတွက် နေရောင်ခြည်စွမ်းအင်အသုံးပြု၍ ဓာတ်အားပေးခြင်း၊ အသေးစား ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများ တည်ဆောက်၍ ဓာတ်အားပေးခြင်း၊ လေစွမ်းအင်နှင့် ဒီဇယ်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများဖြင့် ဓာတ်အားပေးခြင်း စသည်ဖြင့် နည်းလမ်းပေါင်းစုံဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။

Off Grid ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူး

ထိုကဲ့သို့ ဆောင်ရွက်မှုများအပြင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှု လွှမ်းခြုံနိုင်ရန်အတွက် ဝေးလံခေါင်သီ ဒေသများ လျှပ်စစ်ဓာတ်အား ရရှိရေးကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသသို့လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နယ် ကြာအင်းဆိပ်ကြီးမြို့သို့လည်းကောင်း၊ ကချင်ပြည်နယ် ပူတာအိုနှင့် မချမ်းဘောမြို့များသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့သို့လည်းကောင်း Off Grid ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့အပြင် မြန်မာနိုင်ငံ တောင်ဘက် အစွန်းပိုင်းကျသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေးအတွက် မော်လမြိုင်၊ ရေး၊ ထားဝယ် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းကို စတင်ဆောင်ရွက်နေပြီဖြစ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ထားဝယ်မြို့ကို နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်သည်။ ထို့ဓာတ်အားလိုင်းနှင့် ဆက်စပ်၍ ထားဝယ်-မြိတ် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် မြိတ် ဓာတ်အားခွဲရုံ စီမံကိန်းတို့ကို ဆက်လက် တည်ဆောက် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အား ရရှိခဲ့

ရခိုင်ပြည်နယ် မာန်အောင်မြို့သည် ကျွန်းမြို့တစ်ခုဖြစ်ပြီး ပင်လယ်ပြင်ကို ဖြတ်သန်းသွားလာရခြင်းကြောင့် ဓာတ်အားစနစ်မှ ဓာတ်အားလိုင်းများ သွယ်တန်းပါက ငွေကုန်ကြေးကျများပြားသောကြောင့် ဆိုလာဒီဇယ်နှင့် စွမ်းအင်သိုလှောင်မှုစနစ် ESS – Energy Storage System ကိုအသုံးပြုပြီး အဆင့်-၁ အနေဖြင့် ၀ ဒသမ ၅ မဂ္ဂါဝပ် တည်ဆောက်ပြီးစီးခဲ့ပြီး မာန်အောင်ကျွန်းနှင့် ပတ်ဝန်းကျင်ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိခဲ့ပြီးလည်း ဖြစ်သည်။

ကိုကိုးကျွန်းမြို့နယ်သည်လည်း ယခင်က ညဦးပိုင်း ၆ နာရီမှ ညလယ် ၁နာရီ အထိ ဒီဇယ်မီးစက်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးရာမှ ယခု ၂၀၁၉-၂၀၂၀ ၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိစေရန် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် နေရောင်ခြည်စွမ်းအင်နှင့် ဒီဇယ်အသုံးပြု ဓာတ်အားပေးစနစ် ၀ ဒသမ ၅ မဂ္ဂါဝပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ချင်းပြည်နယ် မင်းတပ်- မတူပီ ၆၆ ကေဗွီ ဓာတ်အားလိုင်းဖြင့် မတူပီ ဓာတ်အားခွဲရုံကို ၂၀၂၀ ပြည့်နှစ် ဇွန်လအတွင်း တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် မတူပီမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို နိုင်ငံတော် ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အတွင်းတွင်လည်း ဗန်းမော်၊ နဘား၊ ရွှေဘို၊ အုန်းတော

စာမျက်နှာ ၂၁ သို့

မာန်အောင်ကျွန်းရှိ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

မင်းဘူး နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

“၂၀၁၆ ခုနှစ် မတ်လတွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၃၄ ရာခိုင်နှုန်း အထိသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ရာမှ ယခုဆိုလျှင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားသုံးစွဲသူ ၅၄ ရာခိုင်နှုန်းအထိ တိုးတက်ဖြန့်ဖြူးနိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်။ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား ရာနှုန်းပြည့် ဖြန့်ဖြူးပေးနိုင်ရေး မဟာဗျူဟာကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိ”

စာမျက်နှာ ၂၀ မှ

၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများကို အကောင်အထည်ဖော် ဓာတ်အားပို့လွှတ်ခဲ့ပြီး ယခုကဲ့သို့ ကိုဗစ်-၁၉ ကာလအတွင်းတွင် မော်လိုက်မြို့ကို ဓာတ်အားပေးနိုင်စေရန် ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မေလက ဓာတ်အားပို့လွှတ်နိုင်ခဲ့ပြီး ဖြစ်သည်။

ယခင်က ဒီဇယ်ဓာတ်အားပေးစက်များဖြင့် ဓာတ်အားပေးနေခဲ့ရသည့် ရှမ်းပြည်နယ်အရှေ့ပိုင်း၏ ပေ ၆၀၀၀ ကျော် မြင့်မားမတ်စောက်လှသည့် တောင်ကုန်းတောင်တန်းများကို ကျော်လွှားရုံသာမက ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်သည့် ကိုဗစ်-၁၉ ကြောင့် ကြုံတွေ့နေရသည့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများကိုပါ ရင်ဆိုင်အန်တုကာ ယနေ့တွင် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့ဆီသို့ နိုင်ငံတော် ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားများ အရောက်ပေးပို့နိုင်ခဲ့ပြီဖြစ်သည်။ ကျိုင်းတုံမြို့မှတစ်ဆင့် မိုင်းပျဉ်းမြို့ကိုလည်း ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်သည်။

Green Energy အသုံးပြု

နှစ်စဉ်တိုးတက်သုံးစွဲလာသည့် လျှပ်စစ်ဓာတ်အားကို တိုးတက်ဖြန့်ဖြူးပေးနိုင်ရန်နှင့် Green Energy အသုံးပြု၍ ဓာတ်အားထုတ်လုပ်မှုတို့ကို တိုးတက်လာစေရန် ရည်ရွယ်ပြီး Ground Mounted Solar Power Projects အခု ၃၀၊ ၁၆၀၀ မဂ္ဂါဝပ်ကို နေရောင်ခြည် ပြည့်ပြည့်ဝဝရရှိသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုတို့တွင် တည်ဆောက်နိုင်ရန်လည်း တင်ဒါများ ခေါ်ယူဆောင်ရွက်လျက်ရှိသည်။

အဆိုပါ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးရေးစီမံကိန်းများ ပြီးစီးပါက Generation Mix တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပါဝင်မှုအချိုးအနေဖြင့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ၁၄ ရာခိုင်နှုန်းအထိ တိုးတက် ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။

ထိုကဲ့သို့ တိုးတက်ထုတ်လုပ်လာနိုင်သည်နှင့်အမျှ တိုးချဲ့ထုတ်လုပ်ပေးသည့် ဓာတ်အားများကို သယ်ယူပို့ဆောင်နိုင်ရန်နှင့် လိုင်းတစ်လိုင်းအပြစ် ဖြစ်ပွားချိန်တွင် အခြားလိုင်းတစ်လိုင်းမှ ပြန်လည်သယ်ဆောင်ပေးနိုင်ရန်အတွက် Single Circuit မှ Double Circuit ဖြစ်စေရန်အတွက် စီမံဆောင်ရွက်လျက်ရှိသည်။

ဓာတ်အားစနစ် တည်ငြိမ်ကောင်းမွန်စေရန်နှင့် ဝန်အားပြည့်နေသည့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းကြီးများကို အဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ရှိသကဲ့သို့ ဓာတ်အားပို့မိုသယ်ဆောင်နိုင်ရန် တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်သည့် ၅၀၀ ကေဗွီ ပြည်ထောင်စုမဟာဓာတ်အားလိုင်း Union Grid အသစ်များဖြစ်သည့် Eastern Grid၊ Western Grid၊ Southern Grid၊ Northern Grid တို့ကိုလည်း စီမံဆောင်ရွက်လျက်ရှိရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်းတွင် ပြီးစီးမည်ဖြစ်သည်။

System Breakdown ဖြစ်ခြင်းများကိုလည်း ကာကွယ်ပေးနိုင်

ထိုကဲ့သို့ ၅၀၀ ကေဗွီလိုင်းပြီးစီးသွားပါက လက်ရှိအချိန်တွင် တစ်ခါတစ်ရံတွင် ဖြစ်ပွားလေ့ရှိသည့် System Breakdown ဖြစ်ခြင်းများကိုလည်း ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

နှစ်စဉ် တိုးတက်သုံးစွဲလျက်ရှိသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးဇုန် လေးခုကို သတ်မှတ်ပြီး စီစဉ်ဆောင်ရွက်လျက်ရှိရာ ဇုန် - A အဖြစ် မန္တလေးဓာတ်အားပေး စက်ရုံစုကို လည်းကောင်း၊ ဇုန် -B အဖြစ် နေပြည်တော်ဓာတ်အားပေး စက်ရုံစုကို လည်းကောင်း၊ ဇုန် -C အဖြစ် မကွေးဓာတ်အားပေးစက်ရုံစုကို လည်းကောင်း၊ ဇုန် -D အဖြစ် ရန်ကုန်ဓာတ်အားပေး စက်ရုံစုကို လည်းကောင်း သတ်မှတ်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အင်တိုက်အားတိုက် ဆောင်ရွက်

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိရေးသည် အရေးတကြီးဆောင်ရွက်ရမည့် ကဏ္ဍတစ်ခုဖြစ်သဖြင့် တစ်နိုင်ငံလုံး ဓာတ်အားရရှိ သုံးစွဲနိုင်ရေးအတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာကာ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာမည်ဖြစ်သဖြင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လျှပ်စစ်ကဏ္ဍ တိုးတက် ဆောင်ရွက်နိုင်မှု အစီအစဉ်ကို ဂုဏ်ပြုတင်ပြလိုက်ပါသည်။

၂၃၀ ကေဗွီ မော်လမြိုင်-မြဝတီ ဓာတ်အားလိုင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

မြင်းခြံမြို့နယ်ရှိ ၂၂၅ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့်
စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ
သတင်းထုတ်ပြန်ချက် (၉/၂၀၂၀)
၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂၂ ရက်

၁။ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေး သက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီအစည်းအဝေး (၉/၂၀၂၀) ဆုံးဖြတ်ချက်အရ ချေးငွေလျှောက်ထားသည့် လုပ်ငန်းများအနက် ပူးတွဲပါလုပ်ငန်း (၁၀၄၁) ခုသို့ ခွင့်ပြုငွေပမာဏကျပ် (၂၀.၇၇၇၅) ဘီလီယံကို ဒုတိယအကြိမ် COVID-19 Fund မှ ချေးငွေ ထုတ်ယူခွင့်ပြုလိုက်ပါသည်။

၂။ အဆိုပါ ချေးငွေထုတ်ယူခွင့် ရရှိသူများအား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ ချေးငွေထုတ်ပေးရာတွင် ဘဏ်တစ်ခုခုခွဲ၍ တရားစွဲဆိုခံထားရသည့် လုပ်ငန်းဖြစ်ပါက ချေးငွေများ ထုတ်ပေးမည်မဟုတ်ပါကြောင်းနှင့် ကျန်ရှိသည့် လျှောက်လွှာများအား ချေးငွေများ ဆက်လက်ထုတ်ပေးနိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

ယမန်နေ့မှအဆက်

ဒုတိယအကြိမ် Covid-19 Fund ပထမအသုတ် ချေးငွေ ခွင့်ပြုစေရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း

စဉ်	ကုမ္ပဏီ/ လုပ်ငန်း အမည်	လိပ်စာ
၅၂၇	တင်အောင်လွင် မြေပဲခွံစက်	အမှတ် (၁၉၄)၊ ဓညာလမ်း၊ (၄) ရပ်ကွက်၊ သစ်ရာကောက်ကျေးရွာ၊ မကွေးမြို့၊ မကွေးတိုင်းဒေသကြီး။
၅၂၈	လျှန်းပြည့်အောင် ကယားဝက်အူချောင်း လုပ်ငန်း	ပြည်ထောင်စုလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ညောင်ကုန်းရပ်ကွက်၊ ဖယ်ခုံမြို့၊ ရှမ်းပြည်နယ်။
၅၂၉	မြသီတာ သကြားစက်	နန်းသီတာ၊ ညောင်ရွေ
၅၃၀	အောင်ရိုးလာ ဆန်စက်	နိုင်နိုင်လေးကျေးရွာ၊ ဝက်လက်မြို့၊ ရွှေဘိုခရိုင်။
၅၃၁	စိန်စွန်မင်း ပဲကြီးလုပ်ငန်း	တောင်ပုံရွာ၊ ပုရာခံကုန်းအုပ်စု၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
၅၃၂	ထိပ်တန်း ဆန်စက်	ပေါင်းပင်ဧင်ရပ်၊ ဧလင်းမြို့
၅၃၃	သီဟစက်ဝ မြေပဲခွံစက်လုပ်ငန်း	ပြည်လမ်း၊ ရွာထောင်ရပ်၊ အောင်လံမြို့၊ မကွေးတိုင်းဒေသကြီး။
၅၃၄	ဦးနိုင်းဟန်သွန့် ဆန်စက်လုပ်ငန်း	ဟဲကယ်ရွာ၊ တောင်ကြီးမြို့။
၅၃၅	"ထူးစံ" မက်မန်းနှင့် ဝိုင်လုပ်ငန်း	အမှတ် (၁၂၅)၊ အကွက် (၁၇)၊ ရ.က.က (၇)၊ ပြင်ဦးလွင်မြို့။
၅၃၆	ကောင်းလင်း ကြက်ဥမရွေးမုန့် လုပ်ငန်း	ရွှေ(၁၁(က)၊ ခွဉ်ညီလမ်း၊ ရွှေတောင်ရပ်၊ လှိုင်ကော်မြို့
၅၃၇	ဆွေမျိုး အမှန်ကြိတ်နှင့် မုန့်ဖတ်ခြောက်လုပ်ငန်း	ရွာ(၂/၂ ကန္တရတပ်လမ်း၊ ရွာတန်းရွာ၊ လှိုင်ကော်မြို့
၅၃၈	K K K ဝါစက်ရုံ	ငမင်းလမ်း၊ မောင်းတိုင်း(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်
၅၃၉	မြင့် ဝါကြိတ်စက်	အမှတ်(က-၁၀) ဗိုလ်တေလမ်းနှင့် နွယ်သာဂိလမ်းထောင့်၊ စက်မှုစုန်(၁) မုံရွာမြို့။
၅၄၀	ဟန်နီကိတ်နှင့်မုန့်ဖျံးစုံ	အမှတ် (၂)၊ လမ်းမတော်လမ်း၊ ကန့်ကြီးရပ်၊ နတ်မောက်မြို့
၅၄၁	ခေါ်ဝိုက်အေး အရိုးမုန့်ကြိတ်လုပ်ငန်း	စက်မှုန်၊ အကွက်အမှတ်(I-43)၊ ကံ့ကော်လမ်း၊ မြင်းခြံမြို့။
၅၄၂	ဦးမြင့်နိုး (ဝါစက်၊ ဆီစက်)	မြသိန်းတန် ၊ ၃ လမ်း၊ ရွာတောင်ရပ်ကွက်၊ အောင်လံမြို့
၅၄၃	ထွန်း စက်မှုလက်မှုလုပ်ငန်း	ရေညှာညောင်ပိုင်းကျေးရွာ၊ အိမ်မဲမြို့။
၅၄၄	အောင် ဂျပ် စက္ကူလုပ်ငန်း	လလ-၈၅/ ၄-၈။ ၁၅၊၁၀၉ စွာရပ်ကွက် ၊ စက်မှုစုန်(၂)၊ ပြည်ကြီးတန်ခွန်မြို့နယ်၊ မန္တလေးမြို့
၅၄၅	ဦးကျော်သီဟ တွင်ခုလုပ်ငန်း	အမှတ်(၄၀)၊ ၃၂ လမ်း၊ စက်မှုစုန်(၁)၊ မုံရွာမြို့
၅၄၆	သိန်း ပြောင်းဆွေ့လေ့စက်နှင့် အထွေထွေကိမ္မလုပ်ငန်း	ကွမ်းလုံကျေးရွာ၊ ပုန်အင်းရွာ၊ တောင်ကြီးမြို့။
၅၄၇	ဖြိုး ငါးရံ့ခြောက်ဖုတ်လုပ်ငန်း	အမှတ်(၂၀/၂၁)၊ လမ်းမတော်လမ်း၊ (၅)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၄၈	ဧရြေဒေါ်ခိုင် သောက်ရေသန့်လုပ်ငန်း	ရန်ကုန်-ပြည်လမ်း ရွေ့ပြား အင်းမဖြူ၊ ပဲခူးတိုင်းဒေသကြီး။
၅၄၉	နဒီမြစ်မာ သောက်ရေသန့်လုပ်ငန်း	ရထားဝန်ရုံကွက်၊ ဝက်လက်မြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်း
၅၅၀	အောင်ကောင်းပြည့် သံရည်ကျို ပုံလောင်းလုပ်ငန်း	H - ၂၀၈/၄၆၊ ၅၈ လမ်း၊ ဧဝရုတ်လမ်းနှင့် ကနေဝင်းသားကြီးလမ်း
၅၅၁	Cotton Power Company Limited	3/19 (၁)လမ်း၊ ကွေ့ကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၅၂	ဧရွေဖြိမာ အထွေထွေက်မှုလုပ်ငန်း	ရန်ကုန်-ပြည်လမ်း နတ်ပုတီးရွာ၊ ပေါင်းတည်မြို့။
၅၅၃	မလိမ စက္ကူစက်လုပ်ငန်း	(ဃ)လမ်း၊ ကြာဇံသားရေနန့်၊ စက်မှုစုန်၊ မုံရွာမြို့။
၅၅၄	ဦးနန်းဝင်း မြတ်ကျော် အမှုန့်ကြိတ်စက်	A-4/101 စက်မှုစုန့် ရွှေဘိုမြို့။
၅၅၅	ဦးကြယ်ဝ+ဒေါ်မြမြမုန့် (နေလှန်းဆားကြမ်းလုပ်ငန်း)	ကွင်းအမှတ် (၁၇၈၅) ဘုန်းတော်ပြည့်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၅၅၆	ရတု သောက်ရေသန့်လုပ်ငန်း	အမှတ်(၃၄၂) (ဖ)လမ်း၊ ရန်ဝယ်ရပ်ကွက်၊ မကွေးမြို့။
၅၅၇	ဦးစိုးတင့် မြေပဲခွံစက် နှင့် ဖျံးမြေပဲရောင်းဝယ်ရေး	အမှတ်(စ၂)၊ အ.ထ.က (၁)လမ်း၊ အောင်ဆွမ်းသာရပ်၊ မကွေးမြို့
၅၅၈	စိုးစံ မုန့်ဟင်းခါးဖတ်လုပ်ငန်း	အမှတ်(၂၈၇)၊ မြို့ပတ်လမ်း၊ လယ်တီကွင်းရပ်၊ ဟသ်တမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၅၉	အောင်ရတနာ ကြာဇံစက်	ဃ လမ်း၊ စက်မှုစုန်၊ မုံရွာမြို့။
၅၆၁	ဧရွေတောင်တန်း မုန့်လုပ်ငန်း	မြဝတီလမ်း၊ ခိုင်းလီရပ်ကွက်၊ ညောင်ရွေမြို့။
၅၆၂	ဧရွေရတနာဝင်း မုန့်လုပ်ငန်း	အောင်ချမ်းသာ၊ မြို့သစ် (၁) လမ်း၊ ဧရွှီးမြို့။
၅၆၃	ဦးမဲလုံး (နေလှန်းဆားကြမ်းလုပ်ငန်း)	ကွင်းအမှတ် (1785-B) ကံဘိတ်ကွင်း၊ ချောင်းဝကျေးရွာအုပ်စု၊ သက္ကယ်သောင်ကျေးရွာ၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၆၄	ဦးနိုင်ဝင်း (ရွယ်ဘုရင် ပဲကြော်လုပ်ငန်း)	အမှတ်- ၁၀၀၁၊ ၁၁လမ်း၊ အောင်မေတ္တာ(ဒီ)ရပ်၊ မကွေး
၅၆၅	သစ်ထူးစံ (စက်မှု/လက်မှု)	မုံရွာမြို့၊ စက်မှုစုန် (၁)၊ ၃ငွလမ်းနှင့် စိန်ပန်းနီလမ်းဒေါင့်
၅၆၆	ဦးမြင့်နိုး (ဝါစက်၊ ဆီစက်)	မြသိန်းတန် ၊ ၃ လမ်း၊ ရွာတောင်ရပ်ကွက်၊ အောင်လံမြို့
၅၆၇	ထွန်း စက်မှုလက်မှုလုပ်ငန်း	ရေညှာညောင်ပိုင်းကျေးရွာ၊ အိမ်မဲမြို့။
၅၆၈	အောင် ဂျပ် စက္ကူလုပ်ငန်း	လလ-၈၅/ ၄-၈။ ၁၅၊၁၀၉ စွာရပ်ကွက် ၊ စက်မှုစုန်(၂)၊ ပြည်ကြီးတန်ခွန်မြို့နယ်၊ မန္တလေးမြို့
၅၆၉	ဦးကျော်သီဟ တွင်ခုလုပ်ငန်း	အမှတ်(၄၀)၊ ၃၂ လမ်း၊ စက်မှုစုန်(၁)၊ မုံရွာမြို့
၅၇၀	သိန်း ပြောင်းဆွေ့လေ့စက်နှင့် အထွေထွေကိမ္မလုပ်ငန်း	ကွမ်းလုံကျေးရွာ၊ ပုန်အင်းရွာ၊ တောင်ကြီးမြို့။
၅၇၁	ဖြိုး ငါးရံ့ခြောက်ဖုတ်လုပ်ငန်း	အမှတ်(၂၀/၂၁)၊ လမ်းမတော်လမ်း၊ (၅)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၇၈	ဧရြေဒေါ်ခိုင် သောက်ရေသန့်လုပ်ငန်း	ရန်ကုန်-ပြည်လမ်း ရွေ့ပြား အင်းမဖြူ၊ ပဲခူးတိုင်းဒေသကြီး။
၅၇၉	နဒီမြစ်မာ သောက်ရေသန့်လုပ်ငန်း	ရထားဝန်ရုံကွက်၊ ဝက်လက်မြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်း
၅၈၀	အောင်ကောင်းပြည့် သံရည်ကျို ပုံလောင်းလုပ်ငန်း	H - ၂၀၈/၄၆၊ ၅၈ လမ်း၊ ဧဝရုတ်လမ်းနှင့် ကနေဝင်းသားကြီးလမ်း
၅၈၁	Cotton Power Company Limited	3/19 (၁)လမ်း၊ ကွေ့ကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅၈၂	ဧရွေဖြိမာ အထွေထွေက်မှုလုပ်ငန်း	ရန်ကုန်-ပြည်လမ်း နတ်ပုတီးရွာ၊ ပေါင်းတည်မြို့။
၅၈၃	မလိမ စက္ကူစက်လုပ်ငန်း	(ဃ)လမ်း၊ ကြာဇံသားရေနန့်၊ စက်မှုစုန်၊ မုံရွာမြို့။
၅၈၄	ဦးနန်းဝင်း မြတ်ကျော် အမှုန့်ကြိတ်စက်	A-4/101 စက်မှုစုန့် ရွှေဘိုမြို့။
၅၈၅	ဦးကြယ်ဝ+ဒေါ်မြမြမုန့် (နေလှန်းဆားကြမ်းလုပ်ငန်း)	ကွင်းအမှတ် (၁၇၈၅) ဘုန်းတော်ပြည့်ကျေးရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၅၈၆	ရတု သောက်ရေသန့်လုပ်ငန်း	အမှတ်(၃၄၂) (ဖ)လမ်း၊ ရန်ဝယ်ရပ်ကွက်၊ မကွေးမြို့။
၅၈၇	ဦးစိုးတင့် မြေပဲခွံစက် နှင့် ဖျံးမြေပဲရောင်းဝယ်ရေး	အမှတ်(စ၂)၊ အ.ထ.က (၁)လမ်း၊ အောင်ဆွမ်းသာရပ်၊ မကွေးမြို့
၅၈၈	စိုးစံ မုန့်ဟင်းခါးဖတ်လုပ်ငန်း	အမှတ်(၂၈၇)၊ မြို့ပတ်လမ်း၊ လယ်တီကွင်းရပ်၊ ဟသ်တမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၈၉	အောင်ရတနာ ကြာဇံစက်	ဃ လမ်း၊ စက်မှုစုန်၊ မုံရွာမြို့။
၅၉၁	ဧရွေတောင်တန်း မုန့်လုပ်ငန်း	မြဝတီလမ်း၊ ခိုင်းလီရပ်ကွက်၊ ညောင်ရွေမြို့။
၅၉၂	ဧရွေရတနာဝင်း မုန့်လုပ်ငန်း	အောင်ချမ်းသာ၊ မြို့သစ် (၁) လမ်း၊ ဧရွှီးမြို့။
၅၉၃	ဦးမဲလုံး (နေလှန်းဆားကြမ်းလုပ်ငန်း)	ကွင်းအမှတ် (1785-B) ကံဘိတ်ကွင်း၊ ချောင်းဝကျေးရွာအုပ်စု၊ သက္ကယ်သောင်ကျေးရွာ၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၉၄	ဦးနိုင်ဝင်း (ရွယ်ဘုရင် ပဲကြော်လုပ်ငန်း)	အမှတ်- ၁၀၀၁၊ ၁၁လမ်း၊ အောင်မေတ္တာ(ဒီ)ရပ်၊ မကွေး
၅၉၅	သစ်ထူးစံ (စက်မှု/လက်မှု)	မုံရွာမြို့၊ စက်မှုစုန် (၁)၊ ၃ငွလမ်းနှင့် စိန်ပန်းနီလမ်းဒေါင့်
၅၉၆	ဝင်း ပြည်တွင်းဖြစ် လယ်ယာသုံး ဇက် ကိရိယာ ထုတ်လုပ်ရောင်းချမှု လုပ်ငန်း	တဲကရက်ကျေးရွာ၊ ကန့်ကြီးထောင့်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၉၇	သုခစံ ဓပါးခွံလောင်စာတောင့် လုပ်ငန်း	ကျွန်းကလေးကျေးရွာ၊ ရေလှိန်ကျေးရွာအုပ်စု၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။
၅၉၈	TOP KICK ဓပါးခွေလေ့စက်လုပ်ငန်းနှင့် ခိုက်ဖျံးရေးကိရိယာထုတ်လုပ်ငန်း	အမှတ်(၁၄) မကွေရာမင်းသားကြီး၊ မောင်ဖျိုလမ်း၊ ဂန္ဓာမာစက်မှုစုန်၊ ပြည်မြို့။
၅၉၉	ဂဲလေး ဖီနုပ်လုပ်ငန်း	ကမ်းနားလမ်း၊ ကွေကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၅၉၀	အောင်ရတနာဖြိုး လယ်ယာသုံးစက် ပန္ဒသိုး ထုတ်လုပ်မှုလုပ်ငန်း	အမှတ်(၅/၄၁)၊ လမ်းမတော်လမ်း၊ (၁၇)ရပ်ကွက်၊ ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၅၉၁	K Pioneer Fiber Tech Company	E-10, Construction Apartment Yangon, Mdy Road, Chan Mya Thar Si, Mandalay
၅၉၂	ဧရွေရောင် မုန့်ဖျံးစုံလုပ်ငန်း	နန္ဒဝန်ရုံ၊ (၁၇) လမ်း၊ မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး။
၅၉၃	မဏ္ဍိုင် တစ်ရွာစက္ကူစက်	နီလာရပ်ကွက်၊ ပတ္တမြားစက်မုစုန်၊ စစ်ကိုင်းမြို့
၅၉၄	ထူးထူး ဂက်လေ့ပန်းကာ ဆိုဒ်စုံလုပ်ငန်း	အမှတ်(၄/၇၉၅)၊ ကြီးပွားရေးလမ်း၊ ကဝဠိုနယ်၊ သပြေကျေးရွာ၊ ပဲခူးတိုင်းဒေသကြီး။
၅၉၅	မြစိမ်းရောင် ချိုးလင့်သံဓကာလုပ်ငန်း	နန့်အော်လမ်း(က)ရပ်ကွက်၊ အုန်းပန်းလမ်း၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။
၅၉၆	ရွှတိုင်းယဉ် သားရေနယ်လုပ်ငန်း	အကွက်အမှတ်(၉)မှ(၁၆)၊ ဒီ-၂လမ်း၊ စက်မှုစုန်၊ မုံရွာမြို့
၅၉၇	မဟာဓမာ တွင်/သံဂဟေလုပ်ငန်း	စက်မှုစုန်၊ ရေနံချောင်းမြို့၊ မကွေးတိုင်းဒေသကြီး။
၅၉၈	စောနာရွှေမောင်း ဆီစက်	အမှတ်(၂၃၃)၊ ထရောင်းစိုပ်လမ်း၊ အုန်းတော(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့
၅၉၉	ခေါ်သင်းသင်းနွယ် သီဟိုဠ် မက်မန်းနှင့်သီးစုံလုပ်ငန်း	အမှတ် (၁၇)၊ ဘုတာလမ်း (၃) ရပ်ကွက်၊ ရပ်ကွက်ကြီး (၃)၊ ပြင်ဦးလွင်။
၆၀၀	ရွှေစင်ဆန်စက်	အမှတ်(၂)မြို့သစ်၊ မင္ဂလာရပ်မြို့၊ မန္တလေးတိုင်းဒေသကြီး။
၆၀၁	မြားစံ ပဲခွံစက်လုပ်ငန်း	အမှတ်(၂၀)၊ မကွေးမြို့၊ ရန်ကင်း(၁)လမ်း၊ မကွေးတိုင်းဒေသကြီး။
၆၀၂	သပြေဦး ဆီစက်နှင့်-သီနှံပွဲရုံ	(၁/၂၀၁)ဘုတာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ လယ်တေးမြို့
၆၀၃	ဦးမိုးမောင်အေး နေလှန်းဆား ထုတ်လုပ်ခြင်းလုပ်ငန်း	ကပြိကျေးရွာ၊ လပွတ္တာမြို့။
၆၀၄	လမင်း ဆီစက် နှင့် သီးနှံဈေးစုံရောင်းဝယ်ရေး	အမှတ်(၁)နယ်မြေ၊ ဘော်တွင်းရပ်ကွက်၊ ဝက်လက်မြို့
၆၀၅	နဂါးညီနောင် မုန့်လုပ်ငန်း	နဂ/၂၅၃ ၊ ဝိတောက်လမ်း၊ နန့်ဘော်ဝမ်(ခ) ရပ်ကွက်၊ လှိုင်ကော်မြို့
၆၀၂	ဦးထွန်းထွန်းဦး (ဆိမ့်ချိုမွေး) ပဲကြော်၊ ပဲလှော်လုပ်ငန်း	ငမင်လမ်း၊ မောင်းတိုင် (၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့၊ မကွေးတိုင်း
၆၀၃	ဒေါ်ယုဝါတုန်း UBK သောက်ရေသန့်လုပ်ငန်း	မင်္ဂလာအမှတ်-၉၊ မိုင်းလီရပ်ကွက်၊ ညောင်ရွေမြို့။ ၀၉-၇၆၅၂၁၄၇၄၆
၆၀၄	ပင်လယ်လေဂြေ ရောသန့်လုပ်ငန်း	ဥတိုက်ကျေးရွာ၊ ချောင်းသာမြို့
၆၀၅	ဆုထူးအောင် (ကြာဇံလုပ်ငန်း)	မင်းရွာကျေးရွာ၊ မင်းရွာအုပ်စု၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၀၆	ဦးအောင်ကိုကို ဝါစက်၊ ဆီစက်	အလယ်လမ်း၊ တရော်ကုန်းရပ်ကွက်၊ အောင်လံ
၆၀၇	ဒေါ်အေးအေး နေလှန်း ဆားကြမ်းလုပ်ငန်း	ကွင်းအမှတ် (၁၇၀၅)၊ ခြံ၊ သမ္မဒြာကွင်း၊ ပြင်ဦးတောကွင်း၊ ချောင်းဝကျေးရွာအုပ်စု၊ ပဒုတောမြို့နယ်
၆၀၈	ဦးသန်းဝင်းနိုင် နှစ်ရည်ပင် ခိုက်ဖျိုးရေးလုပ်ငန်း	ကံအောင်ရွာ၊ စော်ဘွားရေရှင်အုပ်စု၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၀၉	ဒေါ်ဘိုဘိုလွင် သရက်ပြိုလုပ်ငန်း	တ/၉၊ ဧရုံးလမ်း၊ တောင်ရပ်ကွက်၊ ဟိုင်းမြို့။
၆၁၀	မိသားနှစ် ခိုက်ဖျိုးရေး	ရန်ဖျိုးအောင်ရွာ ၊ စော်ဘွားရေရှင်အုပ်စု၊ ကလေးမြို့။
၆၁၁	ဦးလှဦး (သီဟိုနှင့် မန်ကျန်ရှား ခိုက်ဖျိုးရေးလုပ်ငန်း)	ကိုးဆူကျောင်းလမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၆၁၂	ဦးမြင့်ရွှေ (ဧပါးခွေလေ့စက်နှင့် ပဲမျိုးစုံခွေလေ့စက် အမျိုးမျိုး ထုတ်လုပ်ရေး/ တွင်နှင့်သံရည်ကျိုလုပ်ငန်း)	ပျဉ်ဈေး(မြောက်)ရပ်ကွက်၊ ရွှေဘိုမြို့
၆၁၃	ဦးခင်ဝိုးဆွေ (ဧငြောက်ယ် လယ်ယာသုံး ပန္ဒသိုး ထုတ်လုပ်ရေးလုပ်ငန်း)	A-7(181)၊ သပြေဦးလမ်း နှင့် ရွှေသရဖူလမ်းထောင့်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၁၄	ဦးစိုးထွန်း တွင် စက်မှုလက်မှုလုပ်ငန်း	အုန်းတောရွာ၊ စစ်ကိုင်းမြို့နယ်။
၆၁၅	လနေရောင် အဝတ်စကြိတ်လုပ်ငန်းနှင့် မုံရွာဧေလုပ်ငန်း	အဝေးပြေးလမ်း၊ စက်မှုစုန်-၁၊ မုံရွာမြို့။
၆၁၆	GALAXY MONYWA COMPANY	မာဃလမ်း၊ အလယ်ရပ်၊ စက်မှုစုံ ၁ ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၁၇	မြန်မာ့ခွမ်းအား ခေါက်ဆွဲလုပ်ငန်း	အမှတ်(၁၈၅) ဘုရားကြီးလမ်း၊ ရွာသစ်ရပ်၊ ကြံခင်းမြို့၊ ဧရာဝတီတိုင်း
၆၅၈	လင်းဧတော် (နေလှန်းဆားကြမ်း ထုတ်လုပ်ငန်း)	ကွင်းအမှတ် (၁၇၇၅)၊ ပိပလီကွင်း၊ သက္ကယ်သောင်ကျေးရွာ၊ ငပုတောမြို့၊ ဧရာဝတီတိုင်းဒေသကြီး။
၆၅၉	SYZ သောက်ရေသန့်လုပ်ငန်း	အမှတ် ၁၄ ၊ အလောင်းဘုရားလမ်း၊ မြို့မ ၆ ၊ တမုမြို့
၆၆၀	ကြယ်လ ခေါက်ဆွဲလုပ်ငန်း	(၁၆/၂၀၆)၊ ရှမ်းခိုလောင်လမ်း၊ (၁၂) ရပ်ကွက်၊ လားရှိုးမြို့
၆၆၁	အောင်သရဖူ ပဲကြာဆန်စက်	ဘက်စုံမြေမြောက်ဘက်၊ ခင်မွန်ရွာ၊ ချောင်းဦးမြို့နယ်၊ မုံရွာခရိုင်
၆၆၂	ဇိုး ကြာစံစက်	မင်းရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆၆၃	ရွှေလမင်း ပဲခွံစက်	အကွက်(717) ၈၄ လမ်း၊ စစ်ကိုင်းလမ်းသွယ် ၂၊ လမ်းသစ်လမ်းကြား၊ ခွမ်းမြသာစည်ရပ်၊ မန္တလေးမြို့။
၆၆၄	ဧွေစင်ယော် ကြာစံစက်လုပ်ငန်း	(၁၈က)လမ်း၊ ကြာစံစုန်၊ စက်မှုစုန်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။
၆၆၅	ဦးကောင်ဒွေ စက်မှုလက်မှုလုပ်ငန်း	အကွက် (၇၅)၊ ၈နှက္ခးလမ်း၊ စက်မှုစုန်၊ မုံရွာမြို့။
၆၆၆	ဦးဇညား အထွေထွေက်မှုလုပ်ငန်း	မုတ်တိုင်လမ်း၊ မြောက်ကုန်းကြီးရွာ၊ ပေါင်းတည်မြို့
၆၆၇	စိန်တိုး မြေပဲခွံစက်	အမှတ် (၁၄၉)၊ မြတ်လေးလမ်း၊ ရွှံကင်းရပ်၊ မကွေးမြို့
၆၆၈	ဒေါ်ဝင်းမြင့် (စိန်ခဲပယ်) ကြာစံစက်	မင်းရွာ၊ ကုတောပလွင်၊ မုံရွာမြို့နယ်၊
၆၆၉	ဦးနိုင်နိုင် မြေပဲခွံလုပ်ငန်း	တပ်သစ်ကျေးရွာ၊ တန့်ဆည်မြို့နယ်
၆၇၀	ပဲကြော် ပဲလှော် ထုတ်လုပ် ရောင်းဝယ်ရေး (ဒေါ်စန်းကြည်)	(၁/၆) လမ်း၊ ဓညွှတ်ရိပ္ပသစ်ရပ်ကွက်၊ ပြည်မြို့။
၆၇၁	မြသီတာဦး အမှန့်ကြိတ်လုပ်ငန်း	နန္ဒဝန်ရပ်၊ စစ်ကိုင်းမြို့
၆၇၂	ဇီတာမင် ပဲခွံစက်လုပ်ငန်း	အမှတ်(၉၉၅)၊ မင်းဘူး-ဧကုကားလမ်း၊ သီရိမင်္ဂလာရပ်၊ အမှတ်(၄)ရပ်ကွက်၊ မင်းဘူးမြို့။
၆၇၃	ထိပ်တန်း ပဲကြော်စက်	မင်းရွာ၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆၇၄	ဧလင်ဝ ကြာစံစက်	ကုတောပလွင်ရွာ၊ မုံရွာမြို့
၆၇၅	မော်ဒန် ဆီတံသားမွှေကြော်	အမှတ် (၁/၈၉)၊ မြို့ပတ်လမ်း၊ အေးသာယာရပ်၊ မုံရွာမြို့။
၆၇၆	ပြည့်ဝ မုန့်ဖတ်ခြောက်လုပ်ငန်း	စီတွဲသုခလမ်း (၁) ရပ်ကွက်၊ ရေတာရွာဦးမြို့။
၆၇၇	ကိုမြင့်စိန် + မသေးသေး အသင့်စား ငါးရံ့ခြောက်ဖုတ်လုပ်ငန်း	အမှတ် (၂၀၂၁)၊ ၁၆မတော်လမ်း၊ ၅ ရပ်ကွက်၊ ကျိုက်လတ်မြို့
၆၇၈	လမင်းဧရာ ဆားကြိတ်စက်	အမှတ်(၅၂၇)၊ ခဉ့်အိုးဘိုရပ်၊ ပုသိမ်မြို့
၆၇၉	ဧရွေလမင်း ဆံဆီ၊ မြေပဲဆားလှော်၊ မြေပဲကြော်၌	၇ လမ်း၊ အောင်မေတ္တာရပ်ကွက်၊ (A) အုပ်စု၊ မကွေးမြို့
၆၈၀	Poseidon သောက်ရေသန့်လုပ်ငန်း	နယ်မြေ (၁၁)၊ ဗိုလ်ချုပ်လမ်း၊ နတ်လုထိပ်ပန်ရပ်ကွက်၊ မုံရွာမြို့
၆၈၁	ဧရွေတောင် ရေခဲစက်နှင့် ရေခဲမုန့်လုပ်ငန်း	အမှတ်(ရွှေ/၉၂)၊ သဓင်လမ်း၊ ရွှေတောင်ရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။
၆၈၂	ဖိုးလပြည့် ဒီးခွဲစက်	အေ ၁၇/၇၊ မိဘွိုလာစက်မှုစုန်၊ မန္တလေးတိုင်းဒေသကြီး။
၆၈၃	နေလ ဂျွန်ဖွယ်ကြိတ်စက် လုပ်ငန်း	အမှတ် ၁၇၅ ဘုတာလမ်း၊ ရိပ်တန်းရပ်၊ စစ်ကိုင်းမြို့
၆၈၄	ရွှမ်းစကား သစ်ဝီးများစုံ ရောင်းဝယ်ရေး	မြင်းချင်းကျေးရွာအုပ်စု၊ ဒီးကုန်းကျေးရွာ၊ ရွှေဘိုမြို့နယ်
၆၈၅	ဦးဇင်းကြေးကျေးရွာအုပ်စု၊ ဒီးကုန်းကျေးရွာ၊ ရွှေဘိုမြို့နယ်	အိမ်အမှတ်(နဂ-၂၉၃)၊ ဂိတောက်လမ်း၊ နမ့်သော်ဝမ်း၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။
၆၈၆	သန်းထိုက်ရတနာ အချိခြောက်လုပ်ငန်း	ပန်ရောကန်ကျေးရွာ၊ ကွယ်ဟယ်အုပ်စု၊ နမ့်ဆန်းမြို့နယ်။
၆၈၇	မြင့်မြတ်ထွန်း မုန့်လုပ်ငန်း	အမှတ်(၄၇၂)၊ နွယ်နီလမ်း၊ နောင်ယားကြီး(က)ရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်။
၆၈၈	အင်းလေး သောက်

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဂုဏ်ပြုဆောင်းပါး

ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေး

စည်သူကျော်

နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်နေ့သည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ဖြစ်သည်။ ယင်းနေ့တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီး (United Nations World Tourism Organization–UNWTO) က ချမှတ်ပေးသော ဆောင်ပုဒ်များနှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် အခမ်းအနားများကို အဖွဲ့ဝင်နိုင်ငံများတွင် ကျင်းပလေ့ရှိကြသည်။

“ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၂၀ ပြည့်နှစ်ကိုလည်း ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်အဖြစ် သတ်မှတ်သည်။ ခရီးသွားလုပ်ငန်းသည် မြို့ကြီးပြကြီးများသာမက ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သော ကျေးလက်တောရွာ ဝေးလံခေါင်သီသောဒေသများကိုပါ အကျိုးရှိစေရမည်ဟူသော ရည်ရွယ်ချက်ဖြစ်”

မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သို့ အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်ဝင်ရောက်သည့် ၂၀၁၃ ခုနှစ်မှစတင်၍ နှစ်စဉ်နှစ်တိုင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အခမ်းအနားကို နိုင်ငံတော်အဆင့် ကျင်းပခဲ့သည်။ ၂၀၁၉ ခုနှစ်ကလည်း ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပပြုလုပ်ခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကား ပြောကြားခဲ့သည်။ ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်အတွက် စီးပွားရေး မောင်းနှင်အားတစ်ရပ်၊ နိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝ အရင်းအမြစ်များကို ထိန်းသိမ်းရာလမ်းကြောင်းတစ်ခု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာတို့ ဖန်တီးပေးရာကဏ္ဍကြီး ဖြစ်သည်ကို အားပေးထောက်ပံ့ ချီးမြှောက်ခြင်းဖြစ်သည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်လှုပ်ရှားမှုများ

ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများကို အများပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် အကျွမ်းတဝင် သိရှိလာစေရန်အတွက် ရည်ရွယ်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို ဦးစီးဦးဆောင်ပြု ကျင်းပရာတွင် ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ကြီးက ချမှတ်ပေးသော ဆောင်ပုဒ်များဖြင့် အခြေခံပညာအလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခြင်း၊ ရန်ကုန်နှင့် မန္တလေးရှိ ခရီးသွားလုပ်ငန်း ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများကို ဖိတ်ခေါ်၍ ကျပန်းစကားပြောပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ ဆုရမောင်မယ်များကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားသို့ ဖိတ်ကြား၍ ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ဆုချီးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အလားတူ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ရေမြေတောတောင်သဘာဝအလှအပများကို ဖော်ထုတ်မြှင့်တင်သည့် အနေဖြင့် ဓာတ်ပုံပြိုင်ပွဲများ ကျင်းပခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ နယ်ပယ်အတွင်းမှ လုပ်ငန်းရှင်များကို ဝန်ဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်ဆုများ ရွေးချယ်ဆုချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ နေပြည်တော်တွင် သာမက ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ရုံးခွဲများ၏ အစီအမံဖြင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေကြသူများဖြင့် တစ်နိုင်တစ်ပိုင် ကျင်းပကြသည်။

ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့သည် နီးကပ်လာချေပြီ။ ယမန်နှစ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနား ဝဲ့ချီးကျင်းပခဲ့ပုံများသည် ခရီးသွားလုပ်ငန်းနယ်ပယ်မှ ပုဂ္ဂိုလ်များ၏ အာရုံတွင် ရိုက်ခတ်နေမည်ဖြစ်သည်။ စေ့ဆော်မှုသည် တွန်းအားသဖွယ်ဖြစ်နေမည်ဖြစ်သည်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ကြီးက ၂၀၂၀ ပြည့်နှစ် အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ကား “ Tourism and Rural Development” ဖြစ်သည်။ မြန်မာလိုဆိုရသော် **“ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး”** ဟူလို။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ၂၀၂၀ ပြည့်နှစ်ကိုလည်း ခရီးသွားလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှစ်အဖြစ် သတ်မှတ်သည်။ ခရီးသွားလုပ်ငန်းသည် မြို့ကြီးပြကြီးများသာမက ဖွံ့ဖြိုးမှု နောက်ကျကျန်ခဲ့သော ကျေးလက်တောရွာ ဝေးလံခေါင်သီသော ဒေသများကိုပါ အကျိုးရှိစေရမည်ဟူသော ရည်ရွယ်ချက်ဖြစ်သည်။ ယင်းဒေသများရှိ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို ခရီးသွားလုပ်ငန်းဖြင့် ထိန်းသိမ်းမြှင့်တင်ရန် ရည်ရွယ်သည်။ ခရီးသွားလုပ်ငန်းသည် လူအများပါဝင်ပတ်သက်လုပ်ကိုင်ရသော ဝန်ဆောင်မှုကို အခြေခံသည့်လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်သည်။

ထို့ကြောင့် ခရီးစဉ်ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်လာပါက ယင်းဒေသရှိ ဒေသခံပြည်သူလူထု၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေကို တိုးတက်စေသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော ဒေသခံအမျိုးသမီးများနှင့် လူငယ်များအတွက် သင့်တင့်သောအလုပ်အကိုင်အခွင့်အလမ်းကို ရရှိစေသည်။ ထို့အပြင် မိမိဒေသရှိ ထူးခြားသော ရေမြေတောတောင်သဘာဝများကို ကမ္ဘာက သိရှိစေနိုင်ပြီး ခရီးသွားလုပ်ငန်းမှတစ်ဆင့် ၎င်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ရမည့် အသိပညာဗဟုသုတကို တိုးပွားရရှိစေပါသည်။

ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်း

မြန်မာနိုင်ငံတွင်လည်း ကျေးလက်နေပြည်သူများ ခရီးသွားလုပ်ငန်းမှတစ်ဆင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိပြီး ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မြန်မာ့ရေမြေတောတောင်သဘာဝနှင့် ဓလေ့စရိုက်များကို ကမ္ဘာလုပ်ညှဉ်ခရီးသွားဧည့်သည်များ ပိုမိုသိရှိနားလည်စေရန်အတွက် ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်း (Community Based Tourism–CBT) ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ခဲ့ရာ လက်ရှိတွင် ပြည်နယ်ငါးခုနှင့် တိုင်းဒေသကြီးငါးခုတို့ရှိ ကျေးရွာ ၄၁ ရွာတွင် လူထုအခြေပြုခရီးသွားလုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံ၌ ကျေးလက်ဒေသများတွင် နေထိုင်သူဦးရေသည် မြို့ပြနေထိုင်သူဦးရေထက် ပိုမိုများပြားသည်ကို အများသိရှိပြီးဖြစ်သည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြသည်။ သို့ဖြစ်ရာ ယင်းတို့၏ စီးပွားရေးနှင့် လူနေမှုစနစ်ကို မြှင့်တင်ပေးခြင်းသည် နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်းကို မြှင့်တင်ခြင်းပင်ဖြစ်သည်။ ယင်းသို့ နိုင်ငံတော်က ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ပေးနေချိန်တွင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်ဆောင်ပုဒ်သည်လည်း ကျေးလက်နေပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို ခရီးသွားလုပ်ငန်းဖြင့် မြှင့်တင်ရန်ရှိနေဆဲသည်ဖြစ်ရာ တိုင်း၍ရက်သော ပက္ကလာသည် မိုးရွာသည်နှင့် အခန့်သင့်ဆိုသလိုပင် ဖြစ်တော့သည်။

ယင်းအခွင့်အလမ်းကောင်းကို ရယူ၍ ကျေးလက်နေပြည်သူများ၏ ခရီးသွားလုပ်ငန်း၏ သဘောသဘာဝအပေါ် အသိအမြင်ကျယ်ပြန့်တိုးပွားလာရေးကို မြှင့်တင်ဆောင်ရွက်သင့်လှသည်။ သို့သော် ကိုဗစ်- ၁၉ ရောဂါကြောင့် ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့အခမ်းအနားကို ယခင်နှစ်များကကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍသည်လည်း ကိုဗစ်- ၁၉ ရောဂါ၏ အကျိုးဆက်အဖြစ် ဆိုးဆိုးရွားရွား အထိနာလျက်ရှိသည်။

ကိုဗစ်နှင့် ယှဉ်တွဲ၍ ဖော်ဆောင်မှု

ဖြေလျှော့မှုများ ပြုလုပ်၍ ပြည်တွင်းခရီးသွားလုပ်ငန်းများဖြင့် ပြန်လည်အစပျိုးရန် ကြိုးစားဆဲပင်။ ခရီးသွားလုပ်ငန်းလောကသားများ၏ ဝိုင်းဝန်းကြိုးပမ်းမှုနှင့်ကြံ့ကြံ့ခံ ဆောင်ရွက်မှုတို့ကြောင့် လိုဏ်ခေါင်း၏ တစ်ဖက်တွင် အလင်းရောင်ကို သဲ့သဲ့မျှမြင်ရချေ၏။ လောကသားများကား မိမိတို့သံယောဇဉ်အမြစ်တွယ်ရာဖြစ်သော ငယ်ချစ်ခရီးသွားလုပ်ငန်းကို မစွန့်လွှတ်နိုင်ချေတကား။ မည်သို့မည်ပုံ ပြန်လည်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြမည်ကို ဝိုင်းဝန်းကြံဆ ဆောင်ရွက်လျက်ရှိကြပေသည်။ ကိုဗစ်နှင့် ယှဉ်တွဲ၍ မည်သို့ပုံဖော်ကြမည်ကိုလည်း စဉ်းစားကြချေသည်။ မကြာမြင့်မီကာလက ထွက်ပေါ်လာခဲ့သော “ကိုဗစ်- ၁၉ နှင့် မြန်မာ့ခရီးသွားလုပ်ငန်း၊ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေးအတွက် ဦးစားပေးလုပ်ငန်းစဉ်များ” အဆိုပြုစာလွှာ (White Paper) ကား သက်သေပင်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအတွက် အခြေခံကျသော အရင်းအမြစ်များတွင် နိုင်ငံတစ်နံတစ်လျား၌ နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားများ၏ မတူကွဲပြားသော ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ၎င်းတို့ နေထိုင်ရာဒေသများ၊ နွေထွေးလှိုက်လှဲ၍ ဟန်ဆောင်မှုကင်းသော အပြုံးနှင့် ဧည့်ဝတ်ပျူငှာမှုများ အပါအဝင်ဖြစ်သည်။ ထို့ကြောင့် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်ရင်း ၎င်းတို့၏ ရေမြေတောတောင်သဘာဝများ၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ကြပါစို့ဟု ဂုဏ်ပြုရေးသား လိုက်ရပါသည်။ ။

ကျောက်ဖြူမြို့နယ် မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမိသားစုတို့ပူးပေါင်းပြီး အလှူငွေများ လှူဒါန်း

ကျောက်ဖြူ စက်တင်ဘာ ၂၄

ကျောက်ဖြူမြို့နယ်အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် စက်တင်ဘာပထမပတ်က မြို့နယ်သမဝါယမဦးစီး ဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမိသားစုများ စုပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အလှူငွေများ လှူဒါန်းကြသည်။ လှူဒါန်းမှုတွင် ပိုးတွေ့လူနာကုသခန်းအတွက် အလှူငွေကျပ် လေးသိန်း၊ အသွားအလာကန့်သတ်မှုဝင်နေသူများအတွက် စားစရိတ်အဖြစ် ငွေကျပ်ခြောက်သိန်း၊ လေးဝတီလူမှုကူညီရေး ဖောင်ဒေးရှင်းအဖွဲ့သို့ ငွေကျပ် သုံးသိန်းနှင့် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့သို့ ငွေကျပ် သုံးသိန်းကို လှူဒါန်းကြောင်း သိရသည်။ **သတင်းစဉ်**

ကိုလိုနီခေတ်ဦး ရော်ဘာနှင့် ရေနံထုတ်လုပ်မှု (အပိုင်း-၂)

သိပ္ပံစာရေးဆရာ ကိုကိုအောင်

ရေနံမြေရှိ ရေနံတွင်းများမှာ လက်တူးတွင်းများသာဖြစ်ကြပြီး သမားရိုးကျနည်းဖြင့်သာ တူးဖော်ခဲ့ကြသဖြင့် တွင်းရိုးတွင်းစားတို့၏တွင်းများက အနက်ဆုံးပေ ၄၀၀ အထိသာရှိကာ ရေနံအထွက်နှုန်းကလည်း သာမန်မျှသာ ဖြစ်ခဲ့သည်။ ဘီအိုစီသည် ၁၈၈၈ ခုနှစ်တွင် Cable Tool System ကို စတင်အသုံးပြုခြင်းဖြင့် ရေနံတူးဖော်ရေးတွင် စက်တပ်ဆင်အသုံးပြုသည့်ခေတ်ကို စတင်ထူထောင်ခဲ့သည်။ ထိုစနစ်က တွင်းများကို လျင်လျင်မြန်မြန်ဖြင့် နက်အောင်တူးနိုင်သဖြင့် မြေအောက်အနက်ပိုင်းရှိ ရေနံသဲလွှာအထိ ရောက်အောင် တူးနိုင်ကာ ရေနံအထွက်နှုန်းကို ပိုလာစေသည်။ ဘီအိုစီသည် ၁၉၀၂ ခုနှစ်က စက်မောင်းပြီး တွင်းတူးထည့်စနစ်ဖြင့် ရေနံချပ်၊ စဉ့်ကူ၊ ချောက်ရေနံမြေများကို တိုးချဲ့တူးဖော်ခဲ့သည်။ ဤသို့ဖြင့် ဘီအိုစီပိုင် ရေနံတွင်းအရေအတွက်မှာ ရေနံချောင်းတွင် ၃၀၄၃ တွင်း၊ ချောက်ရေနံမြေတွင် ၁၀၈၁ တွင်း၊ မိုလာတွင် ၅၁ တွင်း၊ လမ်းရွာတွင် ၁၁ တွင်း၊ ရေနံချပ်တွင် ၄၂၂ တွင်း၊ မင်းဘူးတွင် ၂၀၃ တွင်းအထိ ဖြစ်လာခဲ့သည်။

ဘီအိုစီကုမ္ပဏီ၏ လုပ်ငန်းများကို ၁၉၀၂ ခုနှစ် မေလ ၁၅ ရက်က ဖွဲ့စည်းလိုက်သော Burma Oil Co. Ltd. က ဆက်လက်လုပ်ကိုင်ခဲ့သည်။ J.T. Cargill ၊ D.W.T. Cargill၊ R.W. Adamson ၊ W.K.D.Arcy ၊ M.T. Fleming ၊ Leonard Gow ၊ J. Hamilton နှင့် C.W. Wallace စသူတို့မှာ ဘီအိုစီလီမိတက်၏ ဒါရိုက်တာလူကြီးများ ဖြစ်ကြသည်။ မှတ်ပုံတင်ထားသောရုံးများမှာ 175, West George Street, Glasgow ၌လည်းကောင်း၊ Winchester House, London E.C ၌လည်းကောင်း ရှိကြသည်။ ဘီအိုစီကုမ္ပဏီ တည်ထောင်ခါစ ၁၈၈၆ ခုနှစ်ကပင် ကုမ္ပဏီ၏ အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ် Finlay Fleming Co. ကို ခန့်ထားခဲ့သည်။ ကုမ္ပဏီလီမိတက် ဖြစ်လာသောအခါတွင်လည်း ထိုကုမ္ပဏီကပင် ၁၉၂၆ ခုနှစ်အထိ အုပ်ချုပ်ရေးကိုယ်စားလှယ်အဖြစ် ဆက်လက် ဆောင်ရွက်ခဲ့သည်။

ကုမ္ပဏီများ အပြိုင်အဆိုင်ပေါ်လာ

ဘီအိုစီ၏ အောင်မြင်မှုကိုကြည့်ကာ ၁၉၀၀ ပြည့်နှစ် အလွန်တွင် မြန်မာ့ရေနံလုပ်ငန်းကို ဝင်ရောက် ချုပ်ကိုင်ခြယ်လှယ်ရန် နိုင်ငံခြားကုမ္ပဏီများ အပြိုင်အဆိုင် ပေါ်လာခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုမှ Standard Oil Co. ၏ ကုမ္ပဏီခွဲဖြစ်သော Colonial Oil Co. သည် မြန်မာ့ရေနံလောကသို့ ဝင်ရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ ထို့ကြောင့် ပင် ရေနံမြေများ၌ ၁၉၀၆ ခုနှစ်အထိ မူလတွင်းရိုးတွင်းစား များနှင့် ဘီအိုစီတို့ကသာလျှင် အဓိကရေနံထုတ်လုပ်သူ များအဖြစ် ရှိနေခဲ့သည်။ ၁၉၀၆ ခုနှစ်တွင် Rangoon Oil Co. Ltd. က တွင်းစားများထံမှ ရေနံတွင်းများကို ငှားရမ်းကာ တူးဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ၁၉၀၇ ခုနှစ် အောက်တိုဘာလ ၁၂ ရက်တွင် ကုမ္ပဏီကို ပြန်လည်ပြင်ဆင် ဖွဲ့စည်းလိုက်သောအခါ S.A.Mower၊ G.S.Clifford နှင့် E.Higinbotham တို့က ဒါရိုက်တာ လူကြီးများ ဖြစ်လာကြပြီး ရန်ကုန်မြို့ စပတ်လမ်း အမှတ် ၈-၁၂ တွင် ရုံးခန်းဖွင့်ကာ Mower & Co. က အုပ်ချုပ်ရေးကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့သည်။ မတည်ငွေရင်းမှာ ကျပ် ၁၀ တန် အစုရှယ်ယာများကိုခေါ်၍ စုစည်းထားသော ကျပ် ၂၀၀၀၀၀၀ ဖြစ်သည်။ အာရ်အိုစီ သည် နောက်ပိုင်းတွင် British Barma Petroleum Co. Ltd. နှင့် ပူးပေါင်းခဲ့သည်။

တွင်းကုန်းရှိ တိုင်းရင်းသားပိုင်တွင်း ၁၀ တွင်းကို Burma Native Oil Wells Ltd. အမည်ဖြင့် ချုပ်ကိုင် ပိုင်ဆိုင်ထားခြင်းလည်း ရှိခဲ့ပြီး ကုမ္ပဏီ၏ရုံးကို 6, Broad Street Place, London E.C ၌ ဖွင့်လှစ်ထားခဲ့သည်။ ဒါရိုက်တာလူကြီးများမှာ Sir Frederic Fryer ၊ K.C.S.I (မဟာဝန်ရှင်တော်မင်းကြီးဟောင်း)၊ G. Grinnel Milne၊ B, Leesmith၊ Hugh Law နှင့် M.P. တို့ဖြစ်ကြပြီး မတည် ရင်းနှီးငွေ ပေါင်စတာလင် ၈၁၀၀ ဖြင့် တည်ထောင်သော ကုမ္ပဏီဖြစ်သည်။

အိန္ဒိယလူမျိုး နပ်ဆင်း တည်ထောင်သော Nathsingh Oil Co. Ltd. (NOC) ကလည်း ၁၉၀၈ ခုနှစ် ဇွန်လတွင် မြန်မာ့ရေနံလောကသို့ ဝင်ရောက်လာကာ ရေနံချောင်း၊ ချောက်၊ စဉ့်ကူတို့တွင် ရေနံတူးဖော်ခွင့် လိုင်စင်များ ရရှိပြီး ရေနံစိမ်းထုတ်လုပ်ခြင်းနှင့် ချက်လုပ် ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ကုမ္ပဏီပိုင်ရေနံတွင်း ၆၄ တွင်းရှိပြီး မတည်ရင်းနှီးငွေကျပ် ၄၀၀၀၀၀၀ ကို ကျပ် ၁၀ တန်အစုရှယ်ယာများဖြင့် သတ်မှတ်ခေါ်ယူ မြှုပ်နှံခြင်း ဖြစ်သည်။ A.G.Paton ၊ B.Cowasjee နှင့် Baij Nath Singh တို့က ဒါရိုက်တာလူကြီးများဖြစ်ကြပြီး Wightman & Co. က အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ကာ ရန်ကုန်မြို့ ၃၈ လမ်း၌ ရုံးခန်းဖွင့်လှစ်ခဲ့သည်။

မြန်မာ့ရေနံမြေကို ခွဲဝေလက်ဝါးကြီးအုပ်ခဲ့ကြ

နိုင်ငံခြားသား အရင်းရှင်ကြီးများအနေဖြင့် အမည် နာမအမျိုးမျိုးဖြင့် ကုမ္ပဏီများကို တည်ထောင်လျက် မြန်မာ့ရေနံမြေကိုခွဲဝေယူကာ လက်ဝါးကြီး အုပ်ထား ခဲ့ကြသည်။ အခြားသော ရေနံကုမ္ပဏီများ၊ စီးပွားရေး လုပ်ငန်းကြီးများ၊ မြေယာကုမ္ပဏီများ၊ ရော်ဘာခြံ ကုမ္ပဏီ များတွင် ပါဝင်နေကြသည့် G.S Clifford ၊ M.N. Cowasjee ၊ S. Cowasjee ၊ R.H. Ady နှင့် Sasson E. Solomon တို့ကလည်း ဒါရိုက်တာလူကြီးများအဖြစ် ဆောင်ရွက်လျက် ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်က Twinza Oil Co., Ltd. အမည်ဖြင့် ကုမ္ပဏီတည်ထောင်ကာ ရေနံမြေသို့ ဝင်ရောက်နေရာယူခဲ့ကြပြန်သည်။ ကုမ္ပဏီရုံး ကို ၈-၁၂ စပတ်လမ်း ရန်ကုန်မြို့တွင်ဖွင့်လှစ်ကာ Mower & Co. အား အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ် ဆောင်ရွက် စေခဲ့သည်။ တွင်းစားဟူသောအမည်ကို သုံးထားသော် လည်း စင်စစ်အားဖြင့် နိုင်ငံခြားသားအရင်းရှင်များက တည်ထောင်သော ကုမ္ပဏီသာလျှင်ဖြစ်ပြီး ရေနံစိမ်း တူးဖော်ထုတ်လုပ်ရန် မတည်ရင်းနှီးငွေ ကျပ် ၄၀၀၀၀၀၀ မြှုပ်နှံထားခဲ့သည်။

အလားတူပင် ၁၉၄၀ ပြည့်နှစ် ဩဂုတ်လ ၃ ရက်က လည်း မြန်မာ့ရေနံလောကၽ The Indian Petroleum Prospecting Co. Ltd (အိုင်ပီပီစီ) ဟူ၍ ကုမ္ပဏီတစ်ခု ပေါ်လာခဲ့သည်။ ဒါရိုက်တာလူကြီးများမှာS.A.Mower ၊ G.S.Clifford ၊ W.J.Corterell နှင့် E.Higinbotham တို့ဖြစ်ကြပြီး အုပ်ချုပ်မှုကိုယ်စားလှယ် Mower & Co. ပင် ဖြစ်သည်။ ဒါရိုက်တာလူကြီးများမှာ အာရ်အိုစီလီမိ တက်ကို တည်ထောင်သူများပင်ဖြစ်ကြပြီး အိုင်ပီပီစီ၏ မတည်ငွေမှာ ကျပ် ၃၇၅၀၀၀ ဖြစ်သည်။ ရေနံစိမ်းထုတ် လုပ်ရေးကို ဦးတည်လုပ်ဆောင်ခဲ့ပြီး ကုမ္ပဏီရုံးကို ရန်ကုန်မြို့ အမှတ် ၈-၁၂ စပတ်လမ်းတွင်ပင် ဖွင့်လှစ် ခဲ့သည်။

ရန်ကုန်မြို့ အမှတ် ၈-၁၂ စပတ်လမ်းတွင် ရုံးခန်းဖွင့် လှစ်ကာ မှတ်ပုံတင်ထားသော နောက်ထပ်ကုမ္ပဏီ တစ်ခုမှာ The Yenangyoung Oil Co. Ltd. (YOC) ဖြစ် သည်။ ထိုရေနံချောင်းကုမ္ပဏီကို ၁၉၀၉ ခုနှစ် အောက်တို ဘာလ ၂၃ ရက်ကတည်ထောင်ခဲ့ပြီး ဒါရိုက်တာလူကြီးများ မှာ S.A.Mower ၊ G.S.Clifford ၊ B.Cowasjee၊ S. Cowasjee ၊ R.H.Ady ၊ Sasson E.Solomon နှင့် ကိုဖိုးမောင်တို့ ဖြစ်ကြသည်။ Mower & Co. ကပင် အုပ်ချုပ်မှု ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ရေနံစိမ်းထုတ်လုပ်ရေးအတွက် ကျပ် ၁၀ တန်အစုရှယ် ယာများဖြင့် ကျပ် ၁၅၀၀၀၀၀ မတည်ရင်းနှီးမြှုပ်နှံခဲ့သည်။

တွင်းစားကုမ္ပဏီ၊ အိုင်ပီပီစီ၊ အာရ်အိုစီနှင့် ရေနံ ချောင်းကုမ္ပဏီတို့သည် Mower & Co. တစ်ခုတည်းက အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ် တာဝန်ယူထားသော ကုမ္ပဏီများ ဖြစ်ကြပြီး ကုမ္ပဏီလေးခုစလုံး၏ မှတ်ပုံတင်

❐ နိုင်ငံခြားသား အရင်းရှင်ကြီးများအနေဖြင့် အမည်နာမအမျိုးမျိုးဖြင့် ကုမ္ပဏီများကို တည်ထောင်လျက် မြန်မာ့ရေနံမြေကို ခွဲဝေယူကာ လက်ဝါးကြီးအုပ်ထားခဲ့ကြ

❐ တွင်းစားကုမ္ပဏီ၊ အိုင်ပီပီစီ၊ အာရ်အိုစီနှင့် ရေနံချောင်းကုမ္ပဏီတို့သည် Mower & Co. တစ်ခုတည်းက အုပ်ချုပ်မှုကိုယ်စားလှယ်အဖြစ် တာဝန်ယူထားသော ကုမ္ပဏီများဖြစ်ကြပြီး ကုမ္ပဏီလေးခုစလုံး၏ မှတ်ပုံတင်ရုံးကလည်း ၈-၁၂ စပတ်လမ်းတွင်ပင် တည်ရှိကာ ဒါရိုက်တာလူကြီးများအားလုံးကလည်း အတူတူနီးပါးပင်ဖြစ်ခြင်း

ရေနံထွက်ပစ္စည်းများကို အိန္ဒိယသို့ တင်ပို့

သာမန်ကုန်စုံရောင်းသူဘဝမှ ဆာဘွဲ့ရသည်အထိ မြန်မာ့စီးပွားရေးနယ်ပယ်တွင် အောင်မြင်ကြီးပွားလာသူ အိန္ဒိယလူမျိုး A.K.Jamal ကလည်း ၁၉၀၇ ခုနှစ်တွင် ဂျမားလ်ကုမ္ပဏီကို တည်ထောင်၍ မြန်မာ့ရေနံလောကသို့ ဝင်ရောက်နေရာယူခဲ့သည်။ ရေနံချောင်းတွင် ရေနံတွင်း များဝယ်ယူကာ ဘီအိုစီတွင်လုပ်ကိုင်ဖူးသူ ပီစီကိုရိဆိုသူ ကို ငှားရမ်း၍ ရေနံတူးဖော်ခြင်းနှင့် ချက်လုပ်ခြင်းကို လုပ်ကိုင်ဆောင်ရွက်ခဲ့သည်။ ငွေရေးကြေးရေးအတွက် စတီးဘရားသားကုမ္ပဏီနှင့်အကျိုးတူစီးပွားဖက်ပြုလုပ်၍ နောင်တွင် Indo Burma Petroleum Co. Ltd. အမည် ဖြင့် ဆက်လက်လုပ်ကိုင်ခဲ့သည်။

အင်ဒိုဘားမားရေနံကုမ္ပဏီ (Indo Burma Petroleum Co.) ကို ၁၉၀၉ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် တွင် စတီးဘရားသားကုမ္ပဏီနှင့် ဂျမားလ်ကုမ္ပဏီတို့က ပူးတွဲ တည်ထောင်ခဲ့ကြသည်။ အင်ဒိုဘားမားရေနံ ကုမ္ပဏီသည် ၁၉၁၂ ခုနှစ်တွင် အင်းတော်ရေနံမြေကို တွေ့ရှိပြီး တွင်းပေါင်း ၇၄ တွင်းအထိ တူးဖော်ခဲ့သည်။ အင်းတော်ရေနံမြေမှ High Class Lubricants ထုတ်လုပ် နိုင်သော ရေနံစိမ်းများကို တူးဖော်ရရှိခဲ့သည်။ သရက် ဒေသရှိ ပြားရည်တွင် သဘာဝဓာတ်ငွေ့တွင်းများကို တွေ့ရှိသဖြင့် ၁၉၂၅ ခုနှစ်တွင် အင်ဒိုဘားမားရေနံ ကုမ္ပဏီ(အိုင်ဘီပီ)က တူးဖော်ခဲ့သည်။ ထို့ပြင် ၁၉၁၉ ခုနှစ်က လမ်းရွာရေနံမြေကို စတင်တွေ့ရှိသဖြင့် ရေ အတက်အကျရှိသော ဇရာပတီမြစ်၏ အနောက်ဘက် လမ်းရွာကမ်းတွင် တာရိုးကြီးကို တည်ဆောက်ကာ တွင်းကောက်တူးနည်းဖြင့် မြစ်ပြင်အောက်ရှိ ရေနံများကို ထုတ်ယူခဲ့သည်။ ခေတ်မီမြေတူးစက်ကြီးများကို အသုံးပြု ပြီး ငွေကျပ် ၁၃ သိန်း အကုန်အကျခံကာ ၁၉၂၅-၂၆ ခုနှစ် တွင် ရေကာတာကြီးကို စတင်ဆောက်လုပ်ခဲ့သည်။ ၁၉၃၅ ခုနှစ်အထိ တိုးချဲ့ပြုပြင်ခဲ့ရာ တာရိုးကြီးမှာ နှစ်မိုင် ခန့်အထိပင် ရှည်လျားခဲ့သည်။ ၁၉၂၈ ခုနှစ်တွင် ရေနံ စတင်တူးဖော်ခဲ့ရာ လမ်းရွာရေနံမြေတွင် အိုင်ဘီပီပိုင် ရေနံတွင်း ၁၂၃ တွင်း ရှိခဲ့သည်။ Pyinma Development Co. တွင်လည်း အိုင်ဘီပီက အစုရှယ်ယာများ ပါဝင်ထား သည့်အပြင် အိန္ဒိယဘဏ်လည်း ရေနံရှာဖွေတူးဖော်ခွင့် လိုင်စင်နှင့် ရေနံမြေအငှားစာချုပ်များကို ရရှိထားသည်။ ရေနံနှင့် ရေနံထွက်ပစ္စည်း အမျိုးမျိုး၊ ဖယောင်းနှင့် ဖယောင်းတိုင်များကိုလည်း အိန္ဒိယနှင့် အခြားနိုင်ငံများ ဆီသို့ တင်ပို့ရောင်းချခဲ့သည်။ အိန္ဒိယတွင်လည်းကောင်း၊ မြန်မာနိုင်ငံတွင်လည်းကောင်း အုပ်ချုပ်ရေးနှင့် ရောင်းချ ရေးဆိုင်ရာ တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် စတီး ဘရားသားက ဆောင်ရွက်ခဲ့သည်။

ပိတောက်ပင်နှင့် ရေနံမြေများ တူးဖော်

မြန်မာ့ရေနံလောကတွင် ဘီအိုစီကဲ့သို့ပင် ထင်ရှား၍ နာမည်ကြီးသော ဘီဘီပီစီ ခေါ် The Britihs Burma Petroleum Co. Ltd. သည်လည်း ၁၉၁၀ ပြည့်နှစ် ဩဂုတ်လ ၃၁ ရက်က မတည်ရင်းနှီးငွေ ပေါင်စတာလင် ၂ ဒသမ ၅ သန်းဖြင့် တည်ထောင်ခဲ့သော ကုမ္ပဏီဖြစ်သည်။ ကုမ္ပဏီ၏ မှတ်ပုံတင်ထားသောရုံးလိပ်စာမှာ 5-6 Queen Street Place, London E.C. ဖြစ်ပြီး ဒါရိုက်တာလူကြီးများ မှာ G.S Clifford ၊ Hon'ble Leonel Holland ၊ Alexander McNab, J.P. ၊ S.A Mower ၊ A.Rodocanachi နှင့် R, L.Williamson တို့ ဖြစ်ကြသည်။ ရေနံစိမ်းတူးဖော်ရေးနှင့် ချက်လုပ်ရေးတို့ကို လုပ်ကိုင်ပြီး အာရ်အိုစီကုမ္ပဏီ၏ အစုရှယ်ယာများကို ဝယ်ယူထားသောကြောင့် ရေနံ ချောင်းရေနံမြေတွင် တွင်းပေါင်း ၁၄၃ တွင်း၊ ချောက် ရေနံမြေတွင် ၁၂၂ တွင်းကို ပိုင်ဆိုင်ထားခဲ့သည်။ လုပ်ငန်း မအောင်မြင်ဘဲ ဖျက်သိမ်းသွားသော Aung Ban Oil Co. နှင့် Rangoon Refinery Co. တို့မှ စက်ပစ္စည်းများကို ဝယ်ယူလိုက်သည့်အပြင် Pyinma Development Co. တွင်လည်း အစုရှယ်ယာ တစ်ဝက်ပိုင်ဆိုင်ထားသော ကုမ္ပဏီ ဖြစ်သည်။ စင်စစ်အားဖြင့် Pyinma Development Co. သည် အင်ဒိုဘားမားကုမ္ပဏီနှင့် ဘီဘီပီစီ ကုမ္ပဏီတို့က ထက်ဝက်စီပိုင်ဆိုင်သော ကုမ္ပဏီ ပင်ဖြစ်သည်။ ထိုကုမ္ပဏီနှစ်ခု ပူးပေါင်းကာ Pyinma Development ကုမ္ပဏီအမည်ဖြင့် ချောက်ရေနံမြေတွင် တွင်းပေါင်း ၈၁ တွင်းကို တူးဖော်ထုတ်လုပ်ခဲ့သည်။

အင်ဒိုဘားမားရေနံကုမ္ပဏီ (အိုင်ဘီပီ) နှင့် အမည် ဆင်တူသော Indo Burma Oil Field Co. (အိုင်ဘီအိုအက်ဖ်) ကုမ္ပဏီလည်း ရှိခဲ့သည်။ အိုင်ဘီအိုအက်ဖ် ကုမ္ပဏီသည် သရက်မြို့နယ် ရေနံမနှင့် ပိတောက်ပင်ရေနံ မြေတို့၌ ၁၉၂၂ ခုနှစ်မှစ၍ တူးဖော်လုပ်ကိုင်ခဲ့သည်။ ပိတောက်ပင်ရေနံမြေတွင် တွင်းပေါင်း ၃၆ တွင်းတူးကာ ၁၉၂၆ ခုနှစ် အထိ တစ်နှစ်လျှင် အမေရိကန်စည် ၁၅၀၀၀ ခန့် ထုတ်ယူနိုင်ခဲ့သည်။ ရေနံမရေနံမြေ၌ ၁၉၂၁ မှ ၁၉၄၁ ခုနှစ်အထိ တွင်းပေါင်း ၁၃၁ တွင်းတူးဖော်ကာ ၁၉၂၂ ခုနှစ်တွင် အမေရိကန် စည်ပေါင်း ၅၄၂၉၅ စည်ကို ထုတ်ယူ ခဲ့သည်။ နောက်ပိုင်းတွင် အိုင်ဘီအိုအက်ဖ် အမည်မှ Yenan Mines Ltd. အမည်သို့ပြောင်း၍ ဆက်လက်လုပ်ကိုင်ခဲ့သည်။ ။

ဒီပဲယင်းမြို့နယ်၌ စပါးစိုက်ခင်း ၈၀ အတွင်း ငါးမျိုးများ စိုက်ထည့်

ရွှေဦး စက်တင်ဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဦးမြို့နယ် ငါးလုပ်ငန်းဦးစီး ဌာနသည် ငါးသယံဇာတ တိုးပွားစေရေး၊ ငါးမျိုးပြန်းတီး မှုမှ ကာကွယ်တားဆီးရေးနှင့် ကျေးလက်နေပြည်သူ များ စပါးရိက္ခာ/ ငါးရိက္ခာ တိုးပွားစေရေးတို့အတွက် ရည်ရွယ်၍ ဒီပဲယင်းမြို့နယ် စပါးစိုက်ခင်း ၈၀ ရှိ ၅၀ အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၂၂ ရက်က ဒီပဲယင်းမြို့နယ် ဝဘာရွာမကွင်း ကွင်းအမှတ် (၂၀၄၂) တောင်သူ ဦးတင့်ဆောင်၏ မိုးစပါးစိုက်ခင်း တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ငါးမျိုးများ စိုက်ထည့်ပေး သည်။

တောင်သူဦးတင့်ဆောင်၏ လယ် ၈ ဒသမ ၀၀ ၈ကေနှင့် ဆက်စပ်လျက်ရှိသော တောင်သူ ၁၁ ဦးပိုင် စပါးစိုက်ခင်း ၈က ၅၀ အတွင်းသို့ ငါးခုံးမကြီး ငါးသားပေါက် ကောင်ရေ ၂၁၅၀၀ နှင့် ရွှေဝါငါးကြေးငါးသားပေါက်ကောင်ရေ ၃၅၀၀၊ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၂၅၀၀၀ ကို စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေးအတွက် လည်း ငါးသားပေါက်များ ပေးအပ်ကြောင်း သိရ သည်။

သတင်းစဉ်

◆*ကျောဖုံးမှ*

ဗဟိုခံစစ်ကစားသမား တစ်ဦးခေါ်ယူရန် ရှာဖွေနေခြင်းဖြစ်ကာ ယခုအခါ ဆီမီဒိုကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။ အသက် (၂၆ နှစ်)အရွယ်ရှိ ဆီမီဒိုသည် ပြီးခဲ့သည့်ရာသီ ဘာစီလိုနာအသင်းတွင် ပြိုင်ပွဲစုံ ၄၂ ပွဲအထိ ပါဝင်ကစားထားသူ ဖြစ်သည်။

လေ့လာသင်ယူခွင့်ရရှိမည်

မိခင်နိုင်ငံ ပေါ်တူဂီအသင်းအတွက် ၁၃ ပွဲ ပါဝင်ကစားထားသော ဆီမီဒိုသည် ဝုဗ်အသင်းကို ဘာကြောင့်ရွေးချယ်ခဲ့သလဲ ဆိုသည်ကို ဝုဗ်အသင်း၏ တရားဝင်ဝက်ဘ်ဆိုက်မှတစ်ဆင့် ရှင်းပြခဲ့သည်။ ၎င်း၏ ရှင်းပြချက်တွင် ဝုဗ်အသင်းသည် အသင်းကောင်းတစ်သင်းဖြစ်သည့်အတွက် ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က ဝုဗ်အသင်းအနေဖြင့် ပရီမီယာလိဂ်တွင်သာမက ဥရောပတွင်ပါ ခြေစွမ်းပြသထားနိုင်သည့် အသင်းတစ်သင်းဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း ကျွန်တော်တို့ အကောင်းဆုံးလုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ နည်းပြဆန်တိုသည် အလွန်တော်သည့် နည်းပြတစ်ဦးဖြစ်ပြီး ဝုဗ်အသင်းတွင် အကောင်းဆုံးပုံစံရရှိနေသည့် နည်းပြဖြစ်ကြောင်း၊ အဆိုပါ နည်းပြထံမှ လေ့လာသင်ယူခွင့်ရရှိတော့မည် ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ပရီမီယာလိဂ်၏ ဝေးအကြီးဆုံး ဗဟိုခံစစ်ကစားသမား ၁၀ ဦးထဲတွင် ဆီမီဒိုပါဝင်လာသည်။ ပရီမီယာလိဂ်တွင် ဝေးအကြီး ဆုံး ဗဟိုခံစစ်ကစားသမားမှာ ကန်ဆယ်လိုဖြစ်သည်။ ၎င်းသည် ပြီးခဲ့သည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်စ်အသင်းမှ မန်စီးတီးအသင်းထံသို့ ပေါင်သန်း ၆၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။ ဒုတိယ ဝေးအကြီးဆုံး ဗဟိုခံစစ်ကစားသမားအဖြစ် စပါးအသင်းမှ ပေါင်သန်း ၅၀ ဖြင့် မန်စီးတီးအသင်းသို့ ရောက်ရှိလာသော ဝေါ်ကာဖြစ်သည်။ ၎င်းအပြင် ပေါင်သန်း ၅၀ ဖြင့် ခေါ်ယူထားသော အခြားဗဟိုခံစစ်ကစားသမားများမှာ မန်ယူအသင်းမှ ဝမ်ဘစ်ဆာကာနှင့် ချယ်ဆီးအသင်းမှ ဘင်ချီဝဲလ်တို့ဖြစ်သည်။

အခြားဝေးအကြီးဆုံး ဗဟိုခံစစ်ကစားသမားမှာ မိုနာကို အသင်းမှ မန်စီးတီးအသင်းသို့ ပေါင် ၄၉ ဒသမ ၂ သန်းဖြင့် ရောက်ရှိလာသော ဘင်ဂျမင်မန်ဒီဖြစ်သည်။ ပြီးခဲ့သည့် သီတင်းပတ်တွင် ရီးရဲမက်ဒရစ်အသင်းမှစပါးအသင်းသို့ ပေါင် ၃၂ သန်းဖြင့် ပြောင်းရွှေ့ရောက်ရှိလာသော ဆာဂျီယိုရီဂူလွန်သည် ဝေးအကြီးဆုံးဗဟိုခံစစ်ကစားသမား၏ ခြောက်ဦးမြောက် ကစားသမားဖြစ်လာခဲ့သည်။ ခုနစ်ဦးမြောက် ဝေးအကြီးဆုံး ဗဟိုခံစစ်ကစားသမားမှာ မန်ယူအသင်းသို့ ၂၀၁၄ ခုနှစ်တွင် ဆောက်သမ်တန်အသင်းမှ ပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိလာသော လုခ်ရှောဖြစ်သည်။ ရှစ်ဦးမြောက် ဝေးအကြီးဆုံး ဗဟိုခံစစ်ကစားသမားမှာ ဆီမီဒိုဖြစ်သည်။ ၎င်း၏အောက် ကိုးဦးမြောက် ကစားသမားအဖြစ် ၂၀၁၇ ခုနှစ်တွင် ပေါ်တိုအသင်းမှ မန်စီးတီးအသင်းသို့ ပေါင် ၂၆ ဒသမ ၂ သန်းဖြင့် ပြောင်းရွှေ့ခဲ့သော ဒန်နီလိုဖြစ်သည်။ ၁၀ ဦးမြောက်တွင် အာဆင်နယ်အသင်းမှ တီယာနေဖြစ်ပြီး ပေါင် ၂၅ သန်းဖြင့် ဆဲလ်တစ်အသင်းမှ ခေါ်ယူထားခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲအရပ်ရပ် ၁၂၄ ပွဲကစား

ဆီမီဒိုသည် ၂၀၁၇ ခုနှစ်တွင် ဘင်ဖီကာအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့သူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၂၄ ပွဲ ပါဝင်ကစားထားသည်။

ဝုဗ်အသင်းသည် စက်တင်ဘာ ၂၈ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ် (၃) အဖြစ် ဝက်ဗ်ဟမ်းအိမ်ကွင်းသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အောင်ဇော်

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် နည်းပညာအသုံးပြု၍ စီရင်ချက်အမိန့်များချမှတ်

ရန်ကုန် စက်တင်ဘာ ၂၄

ကိုဗစ်-၁၉ ရောဂါ တားဆီး ကာကွယ်ထိန်းချုပ် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၏ စီရင်ချက်အမိန့် ချမှတ်ခြင်းများကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ရုံးခန်း အမှတ်(၁)တွင် Zoom Application အသုံးပြု၍ ဆောင်ရွက်ခဲ့သည်။ **(ယာပုံ)**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ စက်တင်ဘာ ၁၀ ရက်ကြေညာချက်အရ စက်တင်ဘာ ၁၀ ရက်မွန်းတည့် ၁၂ နာရီမှ စက်တင်ဘာ ၂၃ ရက်အထိ ကြားနာရန်နှင့် ကြားနာပြီး အမိန့်ချမှတ်ရန် ချိန်းဆိုထားသော ပြစ်မှုဆိုင်ရာအမှုများ၊ တရားမဆိုင်ရာ အမှုများကို ရွှေ့ဆိုင်းခဲ့ကြောင်း သိရသည်။ ထိုသို့ကြေညာချက်တွင် စက်တင်ဘာ ၂၃ ရက်အထိသာ ကြေညာထားသဖြင့် ယနေ့တွင် စီရင်ချက်အမိန့် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကြားနာရန်အမှုများကိုမူ ဆက်လက် ရွှေ့ဆိုင်းချိန်းဆိုထားကြောင်း သိရသည်။ ယနေ့တွင် တရားလွှတ်တော်တရားသူကြီး တရားခွင်ခြောက်ခုမှ ပြစ်မှုဆိုင်ရာ၊ တရားမဆိုင်ရာ၊ အယူခံပြင်ဆင်မှုများ အမှုပေါင်း ၇၈ မှုကို အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တွင် နည်းပညာအသုံးပြု၍ စီရင်ချက်အမိန့်၊ ချမှတ်ခြင်းများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်စွာငြိမ်းက “ပုံမှန်အတိုင်းဆိုရင်တော့ တရားရုံး အသီးသီးမှာ အမိန့်ချတယ်ဆိုရင် နှစ်ဖက်ရှေ့နေတွေ၊ နှစ်ဖက်အမှုသည်တွေ လာကြရပါတယ်။ အခုလို ကိုဗစ်-၁၉ ဖြစ်နေတဲ့အခါကျတော့ မလာနိုင်ကြဘူး။ ကျွန်တော်တို့ကလည်း အမိန့်ချမှတ်ရန်ရှိသည်လို့ ကြေညာထားပြီးသွားပြီ။ အဲဒီတော့ အများပြည်သူအနေနဲ့ ငါတို့မျက်ကွယ်မှာ ငါတို့မသိဘဲနဲ့ အမိန့်ချတယ်ဆိုတာမျိုးမဖြစ်အောင် အခုလို စီစဉ်လိုက်တာပါ” ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အနေဖြင့် Zoom Application အသုံးပြု၍ စီရင်ချက်အမိန့်များ ချမှတ်ရာတွင် နည်းပညာပိုင်းဆိုင်ရာ အဆင်ပြေမှုများ ရရှိခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့စဉ်ကာလအတွင်း အဆိုပါနည်းပညာကို ဆက်လက်အသုံးပြု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ နည်းပညာပိုင်းဆိုင်ရာ စတင်အသုံးပြုစဉ်ကာလ ဖြစ်သည့်အတွက် အချို့ရှေ့နေနှင့် နှစ်ဖက်အမှုသည် အနည်းငယ်လာရောက်ခဲ့ကြောင်း သိရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ_တိုင်းဒေသကြီးတရားလွှတ်တော်

လက်ရှိချန်ပီယံ ရွမ်းယူနိုက်တက်အသင်း ကိုးပွဲဆက်အနိုင်ရပြီး ချန်ပီယံဆုကို ဆက်လက်ဖိအားပေး

ရန်ကုန် စက်တင်ဘာ ၂၄

၂၀၂၀ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရွမ်းယူနိုက်တက်အသင်း ကိုးပွဲဆက် အနိုင်ရပြီး ချန်ပီယံဆုအတွက် ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရွမ်းယူနိုက်တက်အသင်းက ဧရာဝတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲပြန်လည်စတင်ချိန်တွင် နိုင်ပွဲဆက်နေသည့် လက်ရှိ ချန်ပီယံ ရွမ်းယူနိုက်တက်အသင်းသည် ကိုးပွဲဆက် အနိုင်ရလဒ်နှင့်အတူ ချန်ပီယံဆုကာကွယ်နိုင်ရန် ဇယားထိပ်ပိုင်းမှ အသင်းများကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ ဧရာဝတီအသင်းသည် ယခုရာသီ ပထမဆုံးရှုံးပွဲနှင့်အတူ ထိပ်ဆုံးနေရာမှ ဖယ်ပေးခဲ့ရပြီး လက်ကျန်နှစ်ပွဲတွင် ဆက်လက်ရုန်းကန်ရတော့မည်ဖြစ်သည်။

နိုင်ပွဲဆက်နေသည့် ရွမ်းယူနိုက်တက် အသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သလို ဧရာဝတီအသင်းကလည်း လူစုံနီးပါးအသုံးပြုခဲ့သည်။ ခြေစွမ်းအရရော ကစားသမားအင်အားအရပါ ကွာခြားမှုမရှိသောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ရွမ်းယူနိုက်တက်အသင်းက ပွဲအစ သုံးမိနစ်မှာပင် ဦးဆောင်ဂိုးရခဲ့သည်။ ယင်းဂိုးကို နန္ဒကျော်က ပြစ်ဒဏ်ဘောမှတစ်ဆင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဧရာဝတီအသင်းက ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့ပြီး ရွမ်းယူနိုက်တက်အသင်းကလည်း အဆင့်ဆင့် ပိတ်ဆို့ကာ ဖျက်ထုတ်ခဲ့သည်။ ဧရာဝတီအသင်းသည် ယခုပွဲတွင် ကွင်းလယ်ကစားပုံ အားနည်းချက်ရှိနေပြီး ကစားသမားများမှာလည်း စိုးရိမ်စိတ်ဝင်သောကြောင့် တိုက်စစ်ကစားပုံမှာ လိုအပ်ချက်ရှိခဲ့သည်။ ထို့ကြောင့် ဧရာဝတီအသင်းသည် ပထမပိုင်းပြီးခါနီးမှစတင်ကာ ကစားသမားများ ပြောင်းလဲခဲ့ပြီး ဒုတိယပိုင်းအစတွင်လည်း ဂိုးပြန်ရရန် တိုက်စစ်ဖြင့်ခဲ့သည်။ ၅၉ မိနစ်တွင် ဧရာဝတီအသင်း ဂိုးပြန်ရခဲ့ပြီး သီဟဇော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ သရေကျပြီးနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး လေးမိနစ်အကြာတွင် ရွမ်းယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့ကာ တိုက်စစ်မှူး ဇင်မင်းထွန်းက ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးထပ်ပေးလိုက်ရသည့် ဧရာဝတီအသင်းသည် ဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်းနှင့် ရွမ်းဂိုးသမား မျိုးမင်းလတ် လက်စွမ်းပြကာကွယ်နိုင်ခဲ့ခြင်းတို့ကြောင့် ပထမဆုံး အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ရွမ်းယူနိုက်တက်နှင့် ဧရာဝတီအသင်း ယှဉ်ပြိုင်နေစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်အသင်းနှင့် ရခိုင်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ နာမည်ကြီး ရန်ကုန်အသင်းသည် သုံးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးခဲ့ခြင်းဖြစ်ပြီး ယခုပွဲ သရေရလဒ်ကြောင့် ထိပ်ဆုံးသုံးသင်းစာရင်း မဝင်တော့ဘဲ အဆင့် (၄) နေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။ ယမန်နေ့က ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းက ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုး၊ စစ်ကိုင်းအသင်းက အား/ကာသိပ္ပံအသင်းကို သုံးဂိုး-တစ်ဂိုး၊ Southern အသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၈) အပြီးတွင် ဟံသာဝတီအသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးနေရာကို ပြန်လည်ရယူနိုင်ခဲ့ပြီး ဧရာဝတီအသင်းက ၃၉ မှတ်၊ ရွမ်းယူနိုက်တက်အသင်းက ၃၈ မှတ်၊ ရန်ကုန်အသင်းက ၃၁ မှတ်၊ ရတနာပုံအသင်းက ၁၉ မှတ်၊ ရခိုင်အသင်းက ၁၈ မှတ်၊ စစ်ကိုင်းအသင်းက ၁၆ မှတ်၊ မကွေးအသင်းက ၁၀ မှတ်၊ အား/ကာသိပ္ပံအသင်းက ရှစ်မှတ်၊ Southern အသင်းက ခုနစ်မှတ်တို့ ရရှိထားသည်။

ညီမြတ်သော်တာ

ရွှေပြည်သာမြို့နယ်တွင်ဖြစ်ပွားသည့် လူသတ်မှုမှကျူးလွန်သူကို အချိန်တိုအတွင်း ဖမ်းဆီးရမိ

ပြစ်မှုကျူးလွန်သူ ထွန်းထွန်းဝင်းနှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

ရန်ကုန် စက်တင်ဘာ ၂၄

ရွှေပြည်သာ မြို့နယ် ဇီးကုန်းကျေးရွာ ဗဟိုရဲလမ်းသွယ် အမှတ်(၂၉၈)နေ တရားလို ခေါ်-----သည် စက်တင်ဘာ ၂၃ ရက် ညနေ ၅ နာရီခန့်က နေအိမ်၌ရှိနေစဉ် နေအိမ်ခေါင်းရင်းရှိ အမှတ်-၂၉၈ (က)နေ အစ်မဖြစ်သူ ခေါ်တင်တင်မိုးကို မတွေ့ရှိသဖြင့် သွားရောက်ကြည့်ရှုရာ ဒဏ်ရာများဖြင့် ခြင်ထောင်အတွင်း သေဆုံးနေသည်ကို တွေ့ရှိရ၍ ပြစ်မှုကျူးလွန်သူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ရွှေပြည်သာမြို့မရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အမှုနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူကို အမြန်စုံစမ်း ဖမ်းဆီးသွားရန် ညွှန်ကြားချက်အရ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး မှူခင်းအကူငွေ့ာနစုမှ တပ်ဖွဲ့ဝင်များ၊ အကူ(၂)မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မှူခင်းနှိမ်နင်းရေးငွေ့ာနစုမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်အတူ အခင်းဖြစ်ရပ်နှင့် ပတ်ဝန်းကျင်ကို စစ်ဆေးချက်များအရ ပြစ်မှုကျူးလွန်သူမှာ ရွှေပြည်သာမြို့နယ် (၂၄)ရပ်ကွက် ကျောင်းလမ်း အမှတ်(၁၉၁) တွင် ငှားရမ်းနေထိုင်သည့် ထွန်းထွန်းဝင်းဖြစ်ကြောင်း သိရှိရ၍ ၎င်းအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ ယနေ့ ညပိုင်းတွင် ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၀-၂၁၄၄၅၊ ၀၉-၄၂၇၉၄၅၅၇၂၄

စာအုပ်စာပေ လူ့မိတ်ဆွေ

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/4701 NISSAN CONDOR MK251F TRUCK (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဌေး၁၄/ပသန(နိုင်)၀၇၅၁၂ မှ ဖောင်းကြွနေပါတ်ပြားပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနေပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံး၊ ပုသိမ်မြို့

အများသိစေရန် ကြေညာခြင်း

ပဲခူးခရိုင်၊ ညောင်လေးပင်မြို့နယ်၊ စမ်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၃၀၉)၊ သရက်ကုန်းကွင်း၊ ဦးပိုင်အမှတ် (၁၀)၊ မြေဧရိယာ ၀ဒသမ၉၆ ဧကခန့်ရှိ သောမြေကို ခေါ်မိုးမိုးအေးအမည်ဖြင့် စက်မှုစီးပွားမြေငှားဂရန် လျှောက်ထား လာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လို သူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် ညောင်လေးပင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နှင့်သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်း သည့်ကန့်ကွက်လွှာများကို လက်ခံစဉ်းစား မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ညောင်လေးပင်မြို့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးမြဲမြို့၊ ဈေးကုန်းရပ်ကွက်နေ ဦးလှမြင့်-ဒေါ်ဝင်းရွှေတို့၏သမီး ဒေါ်သန့်ဇင်ဇင်ဦး ၁၃/ဖခန(နိုင်)၀၃၅၀၂၇ သည် မိဘများ၏ ဆုံးမသွန်သင်မှုအား မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းကိစ္စအ၀ဝနှင့်ပတ်သက်၍ လုံး၀(လုံး၀) တာ၀န်ယူဖြေကြင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှမြင့် ၁၃/ဖခန(နိုင်)၀၁၃၃၃၄
ဒေါ်ဝင်းရွှေ ၁၃/ဖခန(နိုင်)၀၁၃၃၃၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
တင်ဒါအဆိုပြုပုံစံ ပြန်လည်တင်သွင်းရမည့်ရက် တိုးမြှင့်ကြောင်းကြော်ငြာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရန်အတွက် (၂၆-၈-၂၀၂၀) ရက်နှင့် (၂၇-၈-၂၀၂၀) ရက်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများ၌ အိတ်ဖွင့်တင်ဒါခေါ်ယူ ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ပါလုပ်ငန်းများ၏ တင်ဒါအဆိုပြုပုံစံ ပြန်လည်တင်သွင်းရမည့်ရက် (၃၀-၉-၂၀၂၀)ရက်အစား (၁၉-၁၀-၂၀၂၀)ရက်သို့ တိုးမြှင့်ကြောင်း ကြော်ငြာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရတနာနှင်းဆီအိမ်ရာရှိ တည်ဆောက်ပြီး အဆောက်အအုံအမှတ်(1A,B), 3(A,B),6(A,B)အတွက် Generator Meter များဝယ်ယူခြင်းနှင့် တပ်ဆင်ခြင်းလုပ်ငန်း

(ခ) အဆောက်အအုံအမှတ် (1A,B)အတွက် အရန်ဓာတ်အားပေးစက် Standby Generator (၂)လုံးတိုးချဲ့ တပ်ဆင်ခြင်းလုပ်ငန်း

တင်ဒါစီစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၆၇-၃၄၀၆၉၈

လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးခရိုင်
တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်	-	၂၅-၉-၂၀၂၀ ရက်မှ ၂၁-၁၀-၂၀၂၀ ရက်ထိ၊ ရုံးချိန်အတွင်း
တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်	-	၂၂-၁၀-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက်ထိ၊ ရုံးချိန်အတွင်း
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်	-	ထပ်မံကြေညာပါမည်
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ	-	ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၀-၂၀၂၁၄၃၊ ၀၉-၈၉၇၀၉၉၃၅၅

"FMT AGRIZ COMPANY LIMITED"
(အစုရှယ်ယာရှင်များ ဆန္ဒအလျောက် ဖျက်သိမ်းခြင်း)
မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ(၃၄၈)အရ
အထူးအစည်းအဝေးဆုံးဖြတ်ချက်အား အများသိစေရန်

FMT Agriz Co., Ltd. ၏ အထူးအစည်းအဝေးကို 27-8-2020 နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့ဝင်နှင့် ရှယ်ယာရှင် အားလုံးမှ ကုမ္ပဏီဖျက်သိမ်းမည့်ကိစ္စရပ်ကို ဆွေးနွေးပြီး သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ကုမ္ပဏီဖျက်သိမ်းမည့်ကိစ္စကို သက်ဆိုင်သူအားလုံးမှ သဘောတူဆုံးဖြတ်ပြီး ကုမ္ပဏီဖျက်သိမ်းမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်ချို B.Com(Q), C.P.A
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ဂုဏ်ယူဝမ်းမြောက်လွှာ

သမီး - **ဒေါက်တာဟန်ထူးထူးကို (Ph.D Osaka University)**
လိုအင်ဆန္ဒပြည့်ဝပါစေ
ဝမ်းမြောက်ဂုဏ်ယူပါကြောင်း။

ဖေကြီး - ဦးမြရွှေ [Ex ရေကြောင်းအင်ဂျင်နီယာ (FG)]
မေကြီး - ဒေါ်လှလှဝင်း(ခ)မိမာ B.Sc Chem 1983

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါနေရာများတွင် စက်မှုစီးပွားဂရန်၊ ခွဲစိတ်အမည်ပြောင်းဂရန်၊ အမည်ပြောင်းဂရန် လျှောက်ထားမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

စဉ်	အမည်	ကွင်း/အကွက်အမှတ်	ဦးပိုင်	ဧရိယာ
၁။	ဦးကျော်သက်ဦး	၁၆၄၈/၂၆၁၁	၁၂/ခ-၁	၀.၈၃
၂။	ဦးကျော်သက်ဦး	ကံ့ရှည်ကွင်း	၁၂/ခ-၂	၀.၇၀
၃။	ဦးနေဇော်ညွှန့်	၁၆၅၅-အုတ်ဖို	၁၃၆၆	၀.၁၁၉

ကော်လိတ္တော်အရာရှိ
မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အမှတ်တံဆိပ် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ၅၈ လမ်း၊ ၁၀၅x၁၀၆ လမ်းကြား၊ အိမ်အမှတ်(စစ-၂/၄၂)တွင် တည်ရှိသော Myanmar Transporting Power Group Company Limited ကုမ္ပဏီမှတ်ပုံတင်အမှတ် (၁၂၄၆၂၈၂၆၆)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်။

မှတ်ပုံတင်စာချုပ်အမှတ်(၈၉၈/၂၀၂၀)	မှတ်ပုံတင်စာချုပ်အမှတ် (၂၆၈၅/၂၀၂၀)	မှတ်ပုံတင်စာချုပ်အမှတ် (၁၉၆၈/၂၀၂၀)
နေ့စွဲ-၁၇-၃-၂၀၂၀	နေ့စွဲ-၄-၉-၂၀၂၀	နေ့စွဲ-၇-၂-၂၀၂၀

အထက်ဖော်ပြပါ အမှတ်တံဆိပ်များဖြင့် ကုမ္ပဏီမှလုပ်ကိုင်သော သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများတွင် လုပ်ငန်းသုံးအမှတ်တံဆိပ်အဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါအမှတ်တံဆိပ်များသည် Myanmar Transporting Power Group Company Limited ၏ တစ်ဦးတည်းမူပိုင် အမှတ်တံဆိပ်များဖြစ်သောကြောင့် Myanmar Transporting Power Group Company Limited ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ကူးယူ၍ဖြစ်စေ၊ ဆင်တူယိုမှားပြုလုပ်၍ဖြစ်စေ ဘာသာပြန်၍ဖြစ်စေ၊ စာလုံးများရှေ့နောက်ဖလှယ်၍ဖြစ်စေ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲအရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

Myanmar Transporting Power Group Company Limited ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးလွင် LL.B, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၅၃၃၄)

ဒေါ်ချိုချိုဝင်း LL.B, D.B.L,D.I.L	ဦးဇော်ဝေမိုး LL.B, D.B.L,D.I.L	ဦးစောရန်နိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၇၇)	အထက်တန်းရှေ့နေ (စဉ်-၄၄၁၀၀)	အထက်တန်းရှေ့နေ (စဉ်-၄၆၄၁၈)
	Hong Xing Law Firm	
	ဥပဒေအကျိုးဆောင်ရွက်နေများ	

အိမ်အမှတ် A-27, ၇၂ လမ်း၊ ၁၀၈ x ၁၀၉ လမ်းကြား၊ (ဆ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးခရိုင်
တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ လမ်းဦးစီးဌာနမှ ၂၀၂၀- ၂၀၂၁ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို သက်ဆိုင်ရာလမ်းဝိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါ သည်။

တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်	-	၂၈-၉-၂၀၂၀ ရက်မှ ၂၃-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း
တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန်	-	၂၆-၁၀-၂၀၂၀ရက်မှ၂၇-၁၀-၂၀၂၀ ရက်ထိ ရုံးချိန်အတွင်း
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်	-	ထပ်မံကြေညာပါမည်
တင်ဒါဖွင့်မည့်နေရာ	-	ညွှန်ကြားရေးမှူးရုံး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၇၀-၂၀၂၁၄၃၊ ၀၉-၈၉၇၀၉၉၃၅၅

ဦးမောင်ခိုင် (ခ) ဦးစိုင်းအောင်ခိုင် ၁၃/ရငန(နိုင်)၀၁၃၁၂၈ နှင့်
အများသိစေရန်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ ကုန်းဖြင့်(၃)ရပ်ကွက်နေ ဒေါ်နီလာဦး(ခ)ဒေါ်နုင်းမိုး ၉/ဝတန(နိုင်)၀၀၀၄၉၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာလိုက်ပါသည်။

ဦးမောင်ခိုင်(ခ)ဦးစိုင်းအောင်ခိုင်နှင့် ဒေါ်နီလာဦး(ခ)ဒေါ်နုင်းမိုးတို့သည် ၂၇-၂-၂၀၀၂ ရက်မှစ၍ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ နွားဘန်းကြီးခြောက်ရွာတွင် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာကြရာ သမီး(၁)ဦးထွန်းကားခဲ့ပြီး (၂၀၁၄)ခုနှစ်ခန့်တွင် မိသားစုလိုက် ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့၊ ကုန်းဖြင့်(၃)ရပ်ကွက်တွင် ပြောင်းရွှေ့နေထိုင်ခဲ့ကြရာ ၁၈-၄-၂၀၁၅ ရက်တွင် ဦးမောင်ခိုင်(ခ)ဦးစိုင်းအောင်ခိုင်သည် ရွာငံမြို့ရှိ နွားဘန်းကြီးကျေးရွာသို့ ပြန်မည်ဟုပြောဆိုကာ အကြောင်းမဲ့ထွက်ခွာသွားပြီးနောက်ပိုင်း မည်သည့်အဆက်အသွယ်မျှ ပြုလုပ်ခြင်းမရှိတော့ဘဲ ၂၀၁၇ ခုနှစ် (၈)လပိုင်းခန့်တွင် (၁)ကြိမ်သာ ငွေကျပ်(၂)သိန်းတိတိကို ပေးကမ်းထောက်ပံ့ခဲ့ပြီးနောက် ၁၅-၉-၂၀၁၇ ရက်မှစတင်ကာ ဇနီးဖြစ်သူအား တစ်စုံတစ်ရာ အဆက်အသွယ်ပြုလုပ်ခဲ့ခြင်း၊ ငွေကြေးပေးကမ်းထောက်ပံ့ခြင်းမရှိဘဲ အကြောင်းမဲ့ခွာနှံ့ပစ်ခဲ့သည့်အတွက် ယနေ့မှစ၍ အကြင်လင်မယားအဖြစ်မှ ဆက်လက်ပေါင်းသင်းလိုသည့် ဆန္ဒမရှိပါကြောင်းနှင့် လင်ခန်းမယားခန်းအဖြစ်မှ ပြတ်စဲပြီးဖြစ်ပါကြောင်း လင်မယားနှစ်ဦးပိုင် ရွှေပြောင်းနိုင်သောပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းအရပ်ရပ်တို့ကို ကြော်ငြာပါသည့်ရက်မှစ၍ (၂)ပတ်အတွင်း ဥပဒေနှင့်အညီ ခွဲဝေပေးရန် လွှဲအပ်ညွှန်ကြားချက်အရ ဦးမောင်ခိုင်(ခ)ဦးစိုင်းအောင်ခိုင်နှင့် အများသိစေရန် ကြော်ငြာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သဲဝတ်ရည် LL.B
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၀၄၀၀/၂၆-၂-၂၀၁၅
အမှတ် (၄/၃၀၅)၊ စောတီကုန်းလမ်း၊ ဘုရားဖြူရပ်ကွက်၊ တောင်ကြီးမြို့
ဖုန်း-၀၉-၅၂၁၆၃၉၉

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်းတွင် အောက်ပါလုပ်ငန်းအတွက် ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံ ဆောင်ရွက်လိုပါသည်-

(က) ပင်မတာမံမြေကြီး/ကျောက်သားတူးဖော်ခြင်းလုပ်ငန်း(၆၀၀၀၀)ကျင်း (Tender No.01/DHPI (P&W)/2020-2021)

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်း၀ယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်(၁)ဦးသာ Covid-19 ရောဂါဆိုင်ရာ အကာအကွယ် (Mask နှင့် Face shield) များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

တင်ဒါပုံစံတင်ရောင်းချမည့်ရက်/အချိန်	-	၂၄-၉-၂၀၂၀ ရက်မှ ၃၀-၉-၂၀၂၀ ရက်အထိ (ရုံးဖွင့်ရက်) မွန်းလွဲ ၁ နာရီမှ ၂:၃၀ နာရီအတွင်း
တင်ဒါပုံစံရောင်းချမည့်နေရာ	-	ရုံးအမှတ် (၂၇)၊ ရွှေအဝင်ဂိတ်
တင်ဒါအဆိုပြုလွှာတင်သွင်းရမည့်ရက်	-	၂၃-၁၀-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီ၊ လက်ထောက်ညွှန်ကြားရေးမှူး(၅)ရုံး၊ အမှတ်(၁)တည်ဆောက်ရေး၊ ပန်းခင်းလမ်း၊ ပန်းခင်း(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့

၃။ တင်ဒါကြော်ငြာပုံစံကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moee.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စီစစ်ရေးကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
ရုံးအမှတ် (၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၁၈၄၊ ၈၁၀၄၂၉၈၈

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများ ဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းကို မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) Direct to Home (DTH) Network ကို Nationwide အနေဖြင့် ကြည့်ရှုနိုင်ရန် လိုအပ်သောပစ္စည်းများ (1 Lot)

(ခ) 9 Meter Earth Station အတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူခြင်း (1 Lot)

(ဂ) SD မှ HD စနစ်သို့ အဆင့်မြှင့်တင်ခြင်းအတွက် လုပ်ငန်းသုံး ပစ္စည်းများ ထပ်မံဖြည့်ဆည်းဝယ်ယူခြင်း HD Playout System (P2, P3, P4) (1 Lot)

(ဃ) Studio များအတွက် လိုအပ်သော Spare Parts ပစ္စည်းများ ဝယ်ယူခြင်း (1 Lot)

(c) Frequency Planning ရေးဆွဲရေးအတွက် လိုအပ်သော Progira Software ဝယ်ယူခြင်း (1 Lot)

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၉-၂၀၂၀ ရက်မှ ၂၆-၁၀-၂၀၂၀ ရက်ထိ နေ့စဉ် နံနက် ၀၉: ၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (ရန်ကုန်)ပြည်လမ်းနှင့်နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၇-၁၀-၂၀၂၀ ရက် နံနက် ၀၉: ၃၀ နာရီမှ ညနေ ၁၆:၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)ပြည်လမ်းနှင့်နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် စက်ပစ္စည်းစာရင်း အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၁၃၅၊ ၀၆၇-၇၉၄၁၁

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၂) တပ်မတော်တပ်ထိန်းတပ်ခွဲ၊ ပုလဲမြို့သစ်နေ ဒေါ်ဇင်မာစိုး ၁၂/လကန(နိုင်)၁၇၀၄၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်၊ ဒါးပိန်(တောင်ပိုင်း)၊ အေးငြိမ်းချမ်းသာလမ်းရှိ ကွင်းအမှတ် ၁၁၆၀၊ ကွင်းအမည် အလယ်ပိုင်း၊ ဦးပိုင်အမှတ် ၂၁/၀၊ အလျားပေ၀၀၊ အနံ ၄၀ပေရှိသောမြေကွက်(၁)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်(၁)လုံးသည် ဒေါ်ဇင်မာစိုး၏ မိဘဘိုးဘွားများရှိစဉ်အချိန်ကတည်းက နေထိုင်ခဲ့ပြီး ယခုအချိန်ထိ လက်ရှိထားပိုင်ဆိုင်သော မြေနေရာဖြစ်ပါသည်။ အဆိုပါမြေအတွင်း ဆောက်လုပ်ထားသည့် နေအိမ်နှင့်ခြံစည်းရိုးများအား ပြန်လည်ပြုပြင်မွမ်းမံတော့မည်ဖြစ်၍ ကန့်ကွက်လိုသူများရှိက (၁)လအတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ-
ဒေါ်ဇင်မာစိုး ၁၂/လကန(နိုင်)၁၇၀၄၀၅
အမှတ်(၂) တပ်မတော်တပ်ထိန်းတပ်ခွဲ
ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်နိုင်စိုး LL.B, LL.M, D.B.L
အထက်တန်းရှေ့နေ (စဉ်-၅၁၀၄၈)
၄၇်ပျောတော (၇) လမ်း၊
ပြည်တော်သာရပ်ကွက်၊ လှည်းကူးမြို့
ဖုန်း- ၀၉-၄၀၀၄၃၅၁၉၁၀

ပညာရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်အတွင်းရှိ လွှဲင်ကော်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (လွှဲင်ကော်)၊ကွန်ပျူတာတက္ကသိုလ်(လွှဲင်ကော်)၊လွှဲင်ကော်ပညာရေးဒီဂရီကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံ(လွှဲင်ကော်)တို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ရေးနှင့် သက်ဆိုင်သည့်လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါစတင်ရောင်းချမည့်နေ့ရက် - ၂၅-၉-၂၀၂၀ရက် နံနက်၀၉:၀၀ နာရီမှစတင်၍
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၄-၁၀-၂၀၂၀ ရက် ညနေ ၄:၀၀နာရီအထိ
တင်ဒါဖောင်များရောင်းချမည့်နေရာ - သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများ

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ တင်ဒါကော်မတီများဖြစ်သော လွှဲင်ကော်တက္ကသိုလ် (ဖုန်း-၀၉-၄၂၁၂၂၀၈၄၇၂၈၊ ၀၈၃၂၂၂၁၀၆၇)။ နည်းပညာတက္ကသိုလ်(လွှဲင်ကော်) (ဖုန်း-၀၉-၅၆၀၀၄၈၆၊ ၀၈၃၂၂၂၁၄၇၅)။ ကွန်ပျူတာတက္ကသိုလ် (လွှဲင်ကော်) (ဖုန်း-၀၉-၅၆၀၀၄၇၃၊ ၀၈၃၂၂၂၄၂၉၂)။ လွှဲင်ကော်ပညာရေးဒီဂရီကောလိပ် (ဖုန်း- ၀၉-၂၀၂၁၄၃၁)၊ အစိုးရစက်မှုလက်မှုသိပ္ပံ (လွှဲင်ကော်) (ဖုန်း-၀၈၃၂၂၂၄၂၈၉၊ ၀၉-၂၀၅၅၅၆၀) တို့နှင့် တိုက်ရိုက်ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါကော်မတီများကိုယ်စား
လွှဲင်ကော်တက္ကသိုလ်

အခြေခံပညာဦးစီးဌာန
ပြည်နယ်ပညာရေးမှူးရုံး
ကရင်ပြည်နယ်-ဘားအံမြို့
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ကရင်ပြည်နယ်၊ အခြေခံပညာဦးစီးဌာန၏ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်း(၂၅)ခု (ကျောင်းဆောင်၊ ဝန်ထမ်းအိမ်ရာ၊ စာကြည့်တိုက်၊ သိပ္ပံဆောင်၊ KG ဆောင်၊ ရုံးဆောင်) တည်ဆောက်ခြင်းလုပ်ငန်းများအား ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်လိုပါသဖြင့် ကရင်ပြည်နယ်ပညာရေးမှူးရုံး ဘားအံမြို့၌ အိတ်ဖွင့်တင်ဒါပုံစံများဝယ်ယူ၍ အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၂၃၃၇၃၊ ၀၉-၂၆၀၀၄၁၀၄၀၊ ၀၉-၄၂၅၀၃၆၆၂၂ များသို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁-၁၀-၂၀၂၀ ရက်
(ခ) **တင်ဒါရောင်းချခြင်းပိတ်မည့်ရက်** - ၃၁-၁၀-၂၀၂၀ ရက် ၁၄:၀၀ နာရီတိတိ
(ဂ) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၅-၁၁-၂၀၂၀ ရက် ၁၄:၀၀ နာရီတိတိ
(ဃ) **တင်ဒါရောင်းချ/တင်သွင်းရမည့်နေရာ** - ပြည်နယ်ပညာရေးမှူးရုံး၊ ဘားအံမြို့

အိတ်ဖွင့်တင်ဒါစိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီဝရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မြို့မတောင်ရပ်)၊ မြေကွက်အမှတ် (၀-၂၀၃၈၀)။ မြေဧရိယာ ၀ဒသမ၁၇၂ကောအား အမှုတွဲအမှတ် ၃၂၈ V ၂၀၀၁-၂၀၀၂ အရ (၁၆-၈-၂၀၀၀)မှ (၁၅-၈-၂၀၃၀)ထိ ဦးသာကျော်အမည်ဖြင့် နှစ် ၃၀ ရရှိထားသည့်ဝင်းမြေအား ဦးသန့်ဇော်ထွန်း၊ ဒေါ်ဝင်းပပ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျွန်းကြောင်းဖော်ပြချက် နိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြခွင့်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မွေးသက္ကရာဇ်အမှန်

ရွှေဘိုမြို့၊ အထက (၁)မှ အလုပ်ဆရာမ ခေါ်ကြည်ကြည်ဝင်း ၅/ရာဘန (နိုင်)၁၃၃၄၄၀၇ ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၄-၄-၁၉၆၁ ဖြစ်ပါကြောင်း။

ဒေါ်ကြည်ကြည်ဝင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီဝရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/မြို့မတောင်ရပ်)၊ မြေကွက်အမှတ် (၀-၂၀၃၈၀)။ မြေဧရိယာ ၀ဒသမ၁၇၂ကောအား အမှုတွဲအမှတ် ၃၂၈ V ၂၀၀၁-၂၀၀၂ အရ (၁၆-၈-၂၀၀၀)မှ (၁၅-၈-၂၀၃၀)ထိ ဦးသာကျော် အမည်ဖြင့် နှစ် ၃၀ ရရှိထားသည့်ဝင်းမြေအား ဦးသန့်ဇော်ထွန်း၊ ဒေါ်ဝင်းပပ အမည်ဖြင့် မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျွန်းကြောင်းဖော်ပြချက် နိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြခွင့်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်ကောင်စီ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့် ဓမ္မုသီရိမြို့နယ်အတွင်းရှိ ဆောင်ရွက်ဆဲ နိုင်ငံ့ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းဖြစ်သည့် အမှုထမ်းအိမ်ရာ တည်ဆောက်ခြင်းလုပ်ငန်းအား ၃၀-၁၁-၂၀၂၀ ရက်အပြီး ဆောင်ရွက်ရန် ကျန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈-၉-၂၀၂၀ ရက်
၃။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၇-၁၀-၂၀၂၀ ရက်
၄။ **တင်ဒါပုံစံတင်သွင်းရမည့်နောက်ဆုံးရက်** - ၈-၁၀-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီ

နောက်ဆုံးရက်/အချိန်

၅။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ နိုင်ငံ့ဝန်ထမ်းအိမ်ရာ (၇၆) လုံး တည်ဆောက်ရာတွင် ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ ၁၀၀ % ပြီးစီးသော ကုမ္ပဏီများနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီ၏ နိုင်ငံ့ဝန်ထမ်းအိမ်ရာ (၆၀)လုံး တည်ဆောက်ရာတွင် ၃၀-၉-၂၀၂၀ ရက်တွင် ၁၀၀ % ပြီးစီးသော ကုမ္ပဏီများသည် နည်းပညာ အဆိုပြုလွှာတင်ပြရန်မလိုပါ။

၆။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၈-၉-၂၀၂၀ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၅၅၀၁၁ ၀၆၇-၅၅၀၁၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
နေပြည်တော်ကောင်စီရုံး
ဖုန်း-၀၆၇-၅၅၀၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကရင်ပြည်နယ်အစိုးရအဖွဲ့
လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန
ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး
ဘားအံမြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်၊ မြို့နယ် (၇)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းတံတား၊ ရေရှရှေး၊ အိမ်ရာဆောက်လုပ်ရေးနှင့် ဆိုလာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၂၀ ရက်မှစတင်ရောင်းချမည်ဖြစ်ပြီး ၂၈-၁၀-၂၀၂၀ ရက်တွင် တင်ဒါရောင်းချမှုပိတ်သိမ်းမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁၀-၂၀၂၀ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရန်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါရောင်းချ/တင်သွင်းရမည့် လိပ်စာမှာ ကရင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ဘားအံမြို့ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၅၈-၂၁၀၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

အစုရှယ်ယာမတည်ငွေရင်း လျော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော်များ Lighting Specialist Co.,Ltd (Registration No.139297156 သည် ဖြစ်ပေါ်လာသောအခြေအနေအရပ်ရပ်ကြောင့် မတည်ငွေရင်းကျပ် ၁၀၀၀၀၀၀၀၀၀/- ကျပ်သိန်းတစ်သောင်းတိတိကို လျော့ချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Lighting Specialist Co., Ltd

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီဝရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေမရပ်၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ကောရှိ ဦးဆန်းမင်း ၉/ပမန(နိုင်)၁၉၂၈၁၁ (ဘ)ဦးရီအမည်ပေါက် ပါမစ်မြေကွက်အမှတ် (ပ-၄၃၈၃)ကို ခေါ်အေးအိအိဖြူ ၁၂/ဗဟန(နိုင်)၀၉၃၇၆၅ (ဘ)ဦးတင်ရွှေမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ ရောင်းသူနှင့် ဝယ်သူ၏ တရားရုံးကျမ်းကျိန်ဆိုချက်မူရင်းများ၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏ အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ် (၃၃၄/က)။ ၇လွှာ၊ Semi Condo အကျယ်အဝန်း (၂၀ပေx၅၆ပေ)ရှိ ရေ၊ မီး အစုံပါရှိသည့် Semi Condo တိုက်ခန်းတစ်ခန်းနှင့် ယင်း Semi Condo တိုက်ခန်း အတွင်းရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ၎င်းအမည်ပေါက်ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမျိုးဝင်း ၁၂/သဃက(နိုင်)၁၅၈၇၁၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သူဇာလှိုင် ၉/ပဥလ(နိုင်)၀၁၀၈၂၇ က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်သူကိုယ်တိုင် ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဒေါ်သူဇာလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နှင်းနုစိုး LL.B, D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ
စဉ်-၁၃၄၂၁ (၂၈-၉-၂၀၁၇)
အမှတ်-(စ၃)၊ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၄၇၆၆၊ ၀၉-၄၂၀၀၃၇၅၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့
အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)နှင့်
အစိုးရနည်းပညာအထက်တန်းကျောင်း(တမူး)တို့အတွက်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(တမူး)တို့အတွက် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) **အစိုးရနည်းပညာအထက်တန်းကျောင်း (ကလေး)**
(က) (၈၀)ဆုံ ကျောင်းသား/သူဆောင် (၂၁၁' x ၇၀') RC (၂)ထပ် (၂) လုံး
(ခ) ဆရာ/မဆောင် RC (၄) ခန်းတွဲ (၄)ထပ် (၇၈ ' x ၉၄') (၁) လုံး
(ဂ) ကျောင်းဝင်းမြေနေရာ (၂၃.၃၃) ဧက အား အုတ်တံတိုင်း ခြံစည်းရိုးခတ်ခြင်း (၂၉၀၀ပေ)၊ အုတ်တံတိုင်းအဖြင့် ၃' ၆''သံပန်းအဖြင့် ၂'၊ ၉'' x ၉'' အုတ်တိုင် ၁၀'ခြား၊ ၂၀' x ၆' ဂိတ်တံခါး (၂)ခု

(၂) **အစိုးရနည်းပညာအထက်တန်းကျောင်း (တမူး)**
(က) ဝန်ထမ်းအိမ်ရာ(၇၈' x ၉၄') (၂) ထပ် RC (၄)ခန်းတွဲ (၁)လုံး
(ခ) မီးလိုင်းသွယ်တန်းခြင်းလုပ်ငန်းထရန်စဖော်မာ 11/0.4KV 315KVA တည်ဆောက်ခြင်း၊ 0.4KV မီးလိုင်း (၃၀၀၀) ပေ သွယ်တန်းခြင်း
(ဂ) ရေရှရှေးလုပ်ငန်း (ဂါလန် ၁၀၀၀၀ ဆုံရေလှောင်ကန်)၊ ဂါလန် ၂၄၀၀ ဆုံ ၃၀' အဖြင့်ရေစင်၊ ၄" အဝီစိတွင်း ၄၀၀ ပေ၊ Pump (2HP) အပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၁၀-၂၀၂၀ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၉-၁၀-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)တွင် တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့်လုပ်ငန်းအတွက် သတ်မှတ်တင်ဒါအာမခံကြေးကို ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်များတွင် ကျသင့်ငွေပေးသွင်းပြီး အစိုးရနည်းပညာအထက်တန်းကျောင်း(ကလေး)၊ ဘဏ္ဍာရေးဌာနတွင် ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းအမျိုးအစားအားလုံးအတွက် တင်ဒါအာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၆၃၀၀၈၁၂ နှင့် ၀၉-၂၅၇၅၆၃၀၆၇ တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(တင်ဒါကော်မတီ)
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
မုံရွာမြို့

ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ LIER CHEMICAL CO., LTD မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါစိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် AGRO GREEN LAND CHEMICAL CO.,LTD မှ TAW WIN DAR CO.,LTD သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။ TAW WIN DAR CO.,LTD Ph- 09-401646617

| Sr. | Trade Name | Active Ingredient | Registration No. |
|---|---|---

ဒေါ်ခင်စန်းအေး
Brilliant Sun Travel & Tours Company Ltd.
အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်) ရပ်ကွက်၊ ပန်းခြံလမ်း၊ အမှတ် (၁၆)နေ (ဦးကျော်ခင်-ဒေါ်ခင်ရီ) မျိုးညွှန့်ရတနာမိသားစုဏ်သမီး၊ (ဦးစိုးဝင်း)-ဒေါက်တာဒေါ်ခင်မျိုးမြင့်၊ ဦးရဲမြင့်-ဒေါ်နွဲ့နွဲ့ဟန်၊ (ဦးဇော်ဝင်း)-ဒေါ်ခင်မျိုးဝင်း၊ ဒေါ်ခင်မျိုးသွယ်၊ ဒေါ်ခင်နန်းနွယ် (မျိုးညွှန့်ရတနာ၊ ဗိုလ်ချုပ်အောင်ဆန်းဈေး)၊ ဒေါ်သက်မော်ထွေးတို့၏ အစ်မ၊ ဦးကျော်ဇေယျ-ဒေါက်တာဖြူပြာစိုး၊ ဒေါက်တာမူယာစိုး၊ ဦးကျော်လင်းစိုး(SG)၊ Ian-ဒေါက်တာသန္တာစိုး(UK)၊ ဦးသူရကျော်-ဒေါ်မေဘရဏီအောင်၊ ဒေါ်နုဝါကျော်၊ ဗိုလ်ကြီးမျိုးသီဟဇော်၊ ဒေါက်တာစုရည်မျိုးဇော် (Japan)၊ ဗိုလ်ကြီးဒေါက်တာစုရည်ဖြိုးဇော်၊ ဗိုလ်ကြီးရှိန်းအောင်ထွန်း-ဒေါက်တာစုရည်မိုးဇော် (YGN)တို့၏အဒေါ်၊ မေမြတ်နိုးကျော်၊ သက်ထားဦးတို့၏အဘွားသည် ၂၃-၉-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၇:၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၄-၉-၂၀၂၀ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယကာကြီး
မုဒုံမြို့ မိုးကုတ်ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၄၃၁)၏ နာယကကြီး
ဦးရှိန်
အသက် (၉၀)

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကော့ကလော့ကျေးရွာနေ (ဦးပိန်သေး-ဒေါ်ဝင်း)တို့၏သား၊ (ဦးစိန်ဖေ-ဒေါ်တွတ်)တို့၏ သားသမက်၊ (ဒေါ်မကြည်)၏ချစ်လှစွာသော ခင်ပွန်း၊ (ဦးလှေး-ဒေါ်ထားရှင်)၊ (ဦးချမ်းမေ-ဒေါ်ငြိမ်းထေး)၊ (ဦးကျော်ဗလ-ဒေါ်အေးယဉ်)၊ (ဦးခ-ဒေါ်နှင်းယုံ)၊ (ဦးဝီး)၊ (ဦးငြိမ်း-ဒေါ်ခင်သောင်း)တို့၏ညီ၊ (ဦးစံသိန်း-ဒေါ်ငွေထိမ်)၊ (ဦးဟုတ်ကြည်-ဒေါ်ငွေတင်)တို့၏အစ်ကို၊ ဦးကျော်ငွေ-ဒေါ်အိမ်ပြင်၊ ဦးထွန်းကြည်-ဒေါ်သန်းရှင်၊ ဦးဖေလှိုင်-ဒေါ်ဌေးခင် (S.S.I Company)၊ ဦးကျော်နိုင်-ဒေါ်ချမ်းဝင်း၊ ဦးထွန်းအောင်-ဒေါ်သန်းမြင့်၊ ဦးကျော်သိန်း-ဒေါ်ခင်မြင့်ဝေ၊ ဦးကျော်ထွေး-ဒေါ်နုနုဝါတို့၏ချစ်လှစွာသောဖခင်၊ မြေး ၂၃ယောက်၊ မြစ် ၂၅ ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၂၁-၉-၂၀၂၀ရက် နံနက် ၈:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွား ပါသဖြင့် ၂၃-၉-၂၀၂၀ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၉-၂၀၂၀ရက်တွင် အမြန်လမ်း ၇မိုင် ၆ဖာလုံထေရဝါဒမိုးကုတ်ဓမ္မရိပ်သာကျောင်း လှည်းကူးမြို့၊ ကျိုက္ကလော့ဆရာတော် ဒေါက်တာအရှင်စန္ဒာဝရာဘိဝံသထံ ရက်လည်ဆွမ်းကျွေးတော်နာမည် ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်အေးမြင့် (ထားဝယ်)
အသက် (၈၈)နှစ်

ထားဝယ်မြို့နေ (ဦးသိန်းညွှန့်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးဘတင်-ဒေါ်ကျင်ထူး)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အလယ်ရွှေဂုံတိုင်လမ်းမကြီး၊ ခြံအမှတ် (၂၃၁)နေ (ဦးသိန်းတင်)၏ချစ်လှစွာသောဇနီး၊ ဦးသန်းအောင်-မရှုရှုမြင့်၊ ဦးကျော်သူရ၊ ဦးမျိုးဇော်အောင်၊ ရဲမှူးကြီးမျိုးဇော်နိုင် (ရေကြောင်းရဲတပ်ဖွဲ့)-ဒေါ်အေးမင်းသန်းတို့၏ ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်၊ မြေး ၁၂ယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၂၄-၉-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၆:၃၀နာရီတွင် ပန်းလှိုင်အထူးကု ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၉-၂၀၂၀ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၉-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာမည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်သူ
အင်းစိန် G.T.I (Civil) ၂၀၀၁ ခုနှစ်
လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အသက် (၅၈)နှစ်

အင်းစိန် G.T.I (၁၉၉၈-၂၀၀၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ လေးစားရပါသော ဆရာ ဆရာမများ၏ အကျိုးကို အထူးကြိုးပမ်းခဲ့ပါသော ဦးအောင်သူ (၂၀၀၁)သည် ၂၃-၉-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ည ၉:၄၀နာရီတွင် အာယုအထူးကုဆေးရုံကြီး၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။ ကောင်းမြတ်သောဘုံဘဝသို့ အမြန်ဆုံးရောက်ရှိပါစေ။

အင်းစိန် G.T.I (၁၉၉၈-၂၀၀၂) ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူဟောင်းများနှင့်
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးမြင့်
အသက် (၈၈)နှစ်

ရေကြောင်းရဲတပ်ဖွဲ့၊ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီးမျိုးဇော်နိုင်-ဒေါ်အေးမင်းသန်းတို့၏ ချစ်လှစွာသော မိခင် ဒေါ်အေးမြင့်သည် ၂၄-၉-၂၀၂၀ ရက် (ကြာသပတေးနေ့) နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲမှ
တပ်ဖွဲ့ဝင်နှင့် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးဘညွှန့် (လဝက-၁၉၇၀) ဦးစီးအရာရှိ(အငြိမ်းစား)
အသက် (၈၅)နှစ်

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးမူ၏ဖခင် ဦးဘညွှန့် (ဦးစီးအရာရှိ အငြိမ်းစား) (၈၅)နှစ်သည် ၂၃-၉-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) ၀၄:၀၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ
ရန်ကုန်တိုင်းဒေသကြီး တိုင်းဒေသကြီးဦးစီးမှူးနှင့်
ခရိုင်/မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းမိသားစု

ဦးခင်မောင်ငြိမ်း
အသက် (၉၂)နှစ်

ရန်ကုန်မြို့နေ (ဦးကျော့-ဒေါ်အုန်းတင်) တို့၏သားကြီး၊ (ဒေါ်ခင်စောဦး)၏ခင်ပွန်း၊ ဦးတိတ်လွင်-ဒေါ်အေးအေးငြိမ်း၊ ဦးသန့်ဇင်၊ ဦးအောင်ကျော်သိန်း-ဒေါ်နန်စီသိန်း၊ (ဦးသိန်းထွန်းဝင်း) - ဒေါ်ကြည်ကြည်ဝင်းတို့၏ဖခင်၊ မြေး(၆)ယောက်၊ မြစ် (၂)ယောက်တို့၏အဘိုးဖြစ်သူ ဦးခင်မောင်ငြိမ်းသည် ၂၁-၉-၂၀၂၀ ရက် (တနင်္လာနေ့) ည ၈:၂၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၂၀ ရက် (အင်္ဂါနေ့) နံနက် ၉:၀၀ နာရီတွင် ရေးဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) လျှော်ပင်ကျောင်း Grade-11 မှ မောင်ဇာဇာနိုင်း၏ ဖခင်အမည်မှန်မှာ ဦးညိုဝင်း ၉/ဝတန (နိုင်)၀၃၁၈၇၉ ဖြစ်ပါကြောင်း။

ဦးညိုဝင်း

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/6567 KTS Light Truck (KTS-T2) Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်နိုင် ၉/မရတ (နိုင်)၀၅၀၆၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက် အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကညန၊

ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊
မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ ရွှေပြည်သာရပ်ကွက်၊ အောင်ရတနာလမ်း၊ စီမံကိန်းရုံးတောင်ဘက်ရှိ (၁၀၀'x၁၀၀')၊ မြို့မြေနေရာ ဝဒသမ၂၂၉ဧကအား မြို့မြေအသိအမှတ်ပြုလွှာ(မြေပေးမိန့်) လျှောက်ထားရန်အတွက် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကျေးလက်လမ်းဦးစီးဌာန၊
မိုးညိုမြို့

နိုင်ငံ အဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်

အစုရှယ်ယာ "မ" တည်ရင်းနှီးငွေ လျှော့ချခြင်းကိစ္စအား အသိပေးအကြောင်းကြားခြင်း

Myanmar World Distribution Telecommunication Co.,Ltd ၏ ဒါရိုက်တာအဖွဲ့ (၂၂-၉-၂၀၂၀) ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်း အဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာ "မ" တည်ရင်းနှီးငွေအား ငွေကျပ်သိန်း(၁၀၀၀၀) မှ သိန်း (၇၀၀၀) သို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

Myanmar World Distribution Telecommunication Co.,Ltd

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
မန္တလေးတိုင်းဒေသကြီး
မန္တလေးမြို့
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်းဆောင်များဆောက်လုပ်ရန်အတွက် တင်ဒါ(အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၂-၄၀၃၉၁၇၀၊ ၀၂-၄၀၃၃၇၈၄၊၀၂-၄၀၃၉၁၇၂တို့ သို့ရုံးချိန်အတွင်းစုံစမ်းနိုင်ပါသည်-

(က)	တင်ဒါလျှောက်လွှာရောင်းချမည့်	- ၁-၁၀-၂၀၂၀ရက်မှ ၂၉-၁၀-၂၀၂၀ရက်ထိ
(ခ)	တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်မည့်ရက်	- ၃၀-၁၀-၂၀၂၀ရက် (သောကြာနေ့) ညနေ ၁၆:၃၀နာရီ
(ဂ)	ရောင်းချမည့်နေရာ	- မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး၊ လမ်း (၃၀x၆၈)လမ်းထောင့်၊မန္တလေးမြို့

တင်ဒါကော်မတီ
မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ဗိုလ်တထောင်ရပ်ကွက်နေ ဦးတင်မောင်မောင်နှင့် ဒေါ်အေးစိန်တို့၏သား ကိုမိုးဝေယံမောင် ၇/ပခန(နိုင်)၃၁၆၉၅၁သည် မိသားစုအား အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သောကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းခြင်းသည်းခံပါ)

လွှဲအပ်ညွှန်ကြားသူ-
ဦးတင်မောင်မောင်နှင့် ဒေါ်အေးစိန်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဆွေမာစန်း (LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၃၂၀/၂၀၁၇)
Shwe Linn Pan Villa၊
ဘုရင့်နောင်လမ်း၊ ပြည်မြို့
ဖုန်း-၀၉-၄၂၃၆၇၈၂၇၃

အထူးဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးမင်းဇော်(ငြိမ်း)
တေဇ (၁၂)
အသက် (၅၈)နှစ်

ရန်ကုန်မြို့၊ အမှတ် (၁) ရေနံချက်စက်ရုံ (သန်လျင်) အရာထမ်းအိမ်ရာနေ ဒေါ်စန္ဒာအေး၏ခင်ပွန်း၊ သူငယ်ချင်း ဗိုလ်ကြီးမင်းဇော်(ငြိမ်း) လက်ထောက်စက်ရုံမှူး(ထွေ/စီ) အမှတ် (၁) ရေနံချက်စက်ရုံ(သန်လျင်)သည် ၂၃-၉-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂:၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

တေဇ (၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ

အစုရှယ်ယာ "မ" တည်ရင်းနှီးငွေ လျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

Science and Tech International Medical School Co.,Ltd ၏ ဒါရိုက်တာအဖွဲ့ (၂၂-၉-၂၀၂၀) ရက်တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်း အဝေးဆုံးဖြတ်ချက်အရ အစုရှယ်ယာ "မ" တည်ရင်းနှီးငွေအား ငွေကျပ်သိန်း(၁၀၀၀၀) မှ သိန်း (၅၀၀၀) သို့ လျှော့ချသွားရန် ဒါရိုက်တာအဖွဲ့ဝင်အားလုံးမှ သဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

Science and Tech International Medical School Co.,Ltd

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကချင်ပြည်နယ်အစိုးရအဖွဲ့
မြစ်ကြီးနားမြို့
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ကချင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရုံးများအတွက် လက်တွေ့ခန်းသုံးပစ္စည်း၊ ပရိဘောဂနှင့် စက်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများ အိတ်ဖွင့်တင်ဒါ (Open Tender)စနစ်ဖြင့် တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံစတင်ရောင်းချမည့်ရက်/အချိန် - ၅-၁၀-၂၀၂၀ရက် (ရုံးချိန်)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်/အချိန် - ၄-၁၁-၂၀၂၀ရက် ညနေ ၄:၃၀ နာရီ
တင်ဒါတင်သွင်းရမည့်နေရာ - ကချင်ပြည်နယ်ပညာရေးမှူးရုံး၊ မြစ်ကြီးနားမြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ
ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၉၅၁၈
ကချင်ပြည်နယ်ပညာရေးမှူးရုံး၊ မြစ်ကြီးနားမြို့၊ ဖုန်း-၀၇၄-၂၅၂၁၁၇၁

ဘုရား၊ ကျောင်း ဒါယကာကြီ
ဦးစိုးငြိမ်း
ခရိုင်ဥပဒေအရာရှိ(ငြိမ်း) တရားလွှတ်တော်ရှေ့နေ
အသက် (၆၆)နှစ်

ရန်ကုန်မြို့၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် (၁၇၆)၊ နှင်းဆီလမ်း (၁၇) ရပ်ကွက်နေ (ဦးစိန်မြ-ဒေါ်ရှမ်း)တို့၏သား၊ (ဦးစိန်သန်း)-ဒေါ်တင်လှတို့၏သားသမက်၊ ဒေါ်ခင်ဆွေမြတ်(အထက-၆၊ ငြိမ်း)၏ခင်ပွန်း၊ ကိုထွန်းနိုင်အေး-မစုမှူးခင်(Radio Garpher)၊ ကိုဝေယံငြိမ်း B.E (Civil)၏ဖခင်၊ မရှင်ပြည့်မှူး၊ မောင်အီသန်တို့၏အဘိုးသည် ၂၂-၉-၂၀၂၀ရက် (အင်္ဂါနေ့) နံနက် ၈:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အမွေဆက်ခံရန် သက်သေခံလက်မှတ် ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
လားရှိုးခရိုင်တရားရုံးတော်
၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ် -၁၀

ကွယ်လွန်သူ ဦးချင်းဆာ(ခ)ဦးဆာထွန်း၌ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဒေါ်အေးကံ လျှောက်ထားသူ

လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်၊ လုတ်ခိုက်အုပ်စု၊ နားဆန်းကျေးရွာနေ ဒေါ်အေးကံက ကွယ်လွန်သူ ဦးချင်းဆာ(ခ)ဦးဆာထွန်း၏ဇနီး ဖြစ်သည်ဟူ၍ လားရှိုးခရိုင်၊ မိုင်းရယ်မြို့နယ်၊ လုတ်ခိုက်အုပ်စု၊ နားဆန်းကျေးရွာ၊ ကွင်းအမှတ် (ဦးပိုင်ပိုင်းတိုင်း)၊ ကွင်းအမည် (နားယန်း)၊ ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ ၁၃သမ၇၅ဧကရှိ ယာမြေအား အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူသို့ သိကြစေခြင်းမှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးချင်းဆာ(ခ) ဦးဆာထွန်းမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၂၃ရက် (၁၃၈၂ ခုနှစ် သီတင်းကျွတ်လဆန်း ၇ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်အေးကံ၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၀ ပြည့်နှစ် စက်တင်ဘာ ၂၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက် မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မင်းလွင်)
ဒုတိယခရိုင်တရားသူကြီး (၁)
လားရှိုးခရိုင်တရားရုံး

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၉-၂၀၂၀) နံနက် (၈:၀၀) နာရီအတွင်း COVID-19 ဓာတ်ခွဲစစ်ဆေးချက်များအရ -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၅၄၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၂၉၁) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး)မှ ဒုတိယအသုတ်ဓာတ်ခွဲနမူနာ (၄၅၅) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(မော်လမြိုင်)မှ ဒုတိယအသုတ်ဓာတ်ခွဲနမူနာ (၁၈၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ စစ်တွေမြို့မှ ဓာတ်ခွဲနမူနာ (၇၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မူဆယ်မြို့မှ ဓာတ်ခွဲနမူနာ (၂၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျောက်ဖြူမြို့မှ ဓာတ်ခွဲနမူနာ (၁၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြိတ်မြို့မှ ဓာတ်ခွဲနမူနာ (၃) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တောင်ငူမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ တီးတိန်မြို့မှ ဓာတ်ခွဲနမူနာ (၁၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြောင်းမြမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့မှ ဓာတ်ခွဲနမူနာ (၂) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဗန်းမော်မြို့မှ ဓာတ်ခွဲနမူနာ (၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မြဝတီမြို့မှ ဓာတ်ခွဲနမူနာ (၅) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ ဓာတ်ခွဲနမူနာ (၁၁) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ဘားအံမြို့မှ ဓာတ်ခွဲနမူနာ (၁၄) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့မှ ဓာတ်ခွဲနမူနာ (၁၆) ခု၊
- ပြည်သူ့ဆေးရုံကြီး၊ ထားဝယ်မှ ဓာတ်ခွဲနမူနာ (၄) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၉၃၀) ခုနှင့်
- နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မှ ဒုတိယအသုတ် ဓာတ်ခွဲနမူနာ (၁၆၆) ခု၊

စုစုပေါင်း ဓာတ်ခွဲနမူနာ (၃,၇၇၀) ခုတို့အား ထပ်မံစစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၅၃၅) ဦးတွေ့ရှိပါသည်။

၂။ သို့ဖြစ်ရာ (၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၇,၈၂၇)ဦး ရှိပြီဖြစ်ပါသည်။

၃။ (၂၄-၉-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ ထပ်မံသေဆုံးသူ (၃) ဦး ရှိပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ

စဉ်	Case	အသက် (နှစ်)	ကျား/မ	ဆေးရုံ	သေဆုံးသည့် ရက်စွဲ
၁	Case-1145	၇၆ နှစ်	ကျား	တောင်ဥက္ကလာပအထူးကု ဆေးရုံကြီး	(၂၃-၉-၂၀၂၀) ရက်နေ့၊ ညနေ (၃:၀၀) နာရီ
၂	Case-6765	၆၇ နှစ်	ကျား	ရန်ကုန်ပြည်သူ့ဆေးရုံကြီး	(၂၃-၉-၂၀၂၀) ရက်နေ့၊ နံနက် (၁:၄၀) နာရီ
၃	Case-5651	၇၆ နှစ်	မ	သဃ်နိုးကျွန်းစံပြဆေးရုံကြီး	(၂၃-၉-၂၀၂၀) ရက်နေ့၊ ည (၈:၁၅) နာရီ

ယခုသတင်းထုတ်ပြန်ချိန်အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူပေါင်း (၁၃၃)ဦးရှိပြီ ဖြစ်ပါသည်။

စာမျက်နှာ ၉ ကော်လံ ၁ ●

ရခိုင်အမျိုးသားပါတီနှင့် ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် စက်တင်ဘာ ၂၄

ရခိုင်အမျိုးသားပါတီနှင့် ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

ကရင်အမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၄

ကရင်အမျိုးသားပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာတို့တွင် ဖော်ပြသွားမည် ဖြစ်ပါသည်။

သတင်းစဉ်

မြို့အမျိုးသားဒီမိုကရေစီပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၂၄

မြို့အမျိုးသားဒီမိုကရေစီပါတီ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ၊ The Global New Light of Myanmar သတင်းစာများ၌ ဖော်ပြသွားမည် ဖြစ်ပါသည်။

သတင်းစဉ်

အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေများ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပေးအပ်

တောင်ကြီး စက်တင်ဘာ ၂၄

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်ဗဟာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်နှင့် တာဝန်ရှိသူများသည် ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားများအတွက် တတိယအကြိမ် နိုင်ငံတော်က ထောက်ပံ့ပေးသော ငွေများအား ပေးအပ်ခြင်းကို ယနေ့နံနက် ၈ နာရီ ခန့်က လားရှိုးမြို့နယ် နမ္မဇောဒ ကျေးရွာအုပ်စု ခါးသျှိကျေးရွာ၌ ကျင်းပသည်။

ထိုသို့ပေးအပ်ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ခါးသျှိကျေးရွာနှင့် မန်ပျဉ်ကျေးရွာနှင့် နမ့်ပေါင်ကျေးရွာတို့မှ ပုံမှန်ဝင်ငွေ

စာမျက်နှာ ၇ ကော်လံ ၁ ❑

ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ် အခြေခံလူတန်းစားများအတွက် ထောက်ပံ့ငွေကို တာဝန်ရှိသူထံ ပေးအပ်စဉ်။

အမေရိကန်နိုင်ငံသားများ မဲပေးကြရန် မင်းသားဟယ်ရီနှင့် မီဂန်မာကယ်တို့ တိုက်တွန်း

စာ-၁၂

လူမှုကွန်ရက်တွင် အမုန်းစကားဖော်ပြမှုများနှင့် ပတ်သက်၍ နည်းပညာကုမ္ပဏီကြီးများနှင့် ကြော်ငြာကုမ္ပဏီများ သဘောတူညီ

စာ-၁၃

ပရီမီယာလိဂ်သမိုင်းတွင် ရှစ်ဦးမြောက် ဈေးအကြီးဆုံး ဗဟိုခံစစ်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သော ဆီမီဒို

ပရီမီယာလိဂ်ကလပ် ဝုဗ်အသင်းသည် စပိန်နာမည်ကြီး ဘာစီလိုနာအသင်းမှ ဗဟိုခံစစ်ကစားသမား နယ်ဆင်ဆီမီဒို့ကို ပေါင် ၂၉ သန်းဖြင့် အပြီးသတ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဝုဗ်အသင်းသည် အဆိုပါ ဗဟိုခံစစ်ကစားသမားကို ပေါင် ၂၉ သန်းဖြင့် ခေါ်ယူလိုက်ခြင်းကြောင့် ပရီမီယာလိဂ်သမိုင်းတစ်လျှောက် ရှစ်ဦးမြောက် ဈေးအကြီးဆုံး ဗဟိုခံစစ်ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ မကြာသေးမီက အသင်းနှင့် စာချုပ်သက်တမ်းတိုးထားသော နည်းပြဆန်တို့၏ ဝုဗ်အသင်းသည် အသင်းမှ မတ်ဒိုဟာတီကို ပေါင် ၁၅ သန်းဖြင့် စပါးအသင်းသို့ ပြောင်းရွှေ့ခွင့်ပြုပြီးနောက်တွင်

စာမျက်နှာ ၂၅ ကော်လံ ၁ ◆